Myanmar Centre for Responsible Business

Yever smarter together



PWINT THIT SA

Transparency in Myanmar Enterprises

# ပွင့်သစ်စ

## မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု

### ပဉ္စမအကြိမ်မြောက် အစီရင်ခံစာ | ၂၀၁၉

+95 1 512613 info@myanmar-responsiblebusiness.org www.mcrb.org.mm

---

ပွင့်သစ်စစီမံချက်သည် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်စေရန်နှင့် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများ ဆောင်ရွက်လာစေရန်အတွက် တိုက်တွန်းအားပေးရန် ရည်ရွယ်သည်။

MCRB နှင့် Yeverမှ ၂၀၁၉ ဧပြီလတွင် ပုံနှိပ်ထုတ်ဝေသည်။ မူပိုင်ခွင့်ရှိသည်။ MCRB နှင့် Yever သည် ဤအစီရင်ခံစာတွင် ပါဝင်သည့် အကြောင်းအရာများအား လွတ်လပ်စွာပြန်လည်ကူးယူ ထုတ်ဝေခြင်းကို ခွင့်ပြုသည်။ ထိုသို့ ပြန်လည်ကူးယူ ထုတ်ဝေမည်ဆိုပါက MCRB နှင့် Yever ထံသို့ အကြောင်းကြားရန်နှင့် ထိုကူးယူထုတ်ဝေမည့်စာမိတ္တူအား MCRB နှင့် Yever ရုံးသို့ပေးပို့ရန် လိုအပ်သည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည့် ခွင့်ပြုချက်အားတောင်းခံရန်နှင့် ပုံနှိပ်ထုတ်ဝေမည့် ဘာသာပြန်ချက်ကို ပေးပို့ရန် MCRB နှင့် Yever လိပ်စာအတိုင်း ဆက်သွယ်ရမည် ဖြစ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် Institute of Human Rights and Business နှင့် Danish Institute for Human Rights. တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံအများစုမှ အစိုးရရန်ပုံငွေနှင့် ၂၀၁၃ခုနှစ်တွင် ရန်ကုန်မြို့အခြေစိုက် ဖွင့်လှစ်ထားသော အဖွဲ့အစည်းပင် ဖြစ်ပါသည်။ MCRB တည်ထောင်ရခြင်းမှာ မြန်မာနိုင်ငံတွင်း တာဝန်ယူမှုရှိသော စီးပွားရေးနှင့်ပတ်သက်သည့် အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် ထိရောက်တရားဝင်နည်းလမ်းကျသော လမ်းကြောင်း (platform) တစ်ခု ပေါ်ထွန်းလာစေရန် ဖြစ်သည်။ ဒေသတွင်းလိုအပ်ချက်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများပေါ်တွင် အခြေခံ၍ တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အကျင့်ကောင်းများ ပေါ်ပေါက်လာစေရန်ဖြစ်သည်။ ၎င်းသည် စီပွားရေးလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရများအကြား ကြားနေကာ အတူတကွ လုပ်ဆောင်ရန်ဖြစ်သည်။ ယူကေ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံအစိုးရများထံမှ ရန်ပုံငွေ အထောက်အပံ့ရရှိပါသည်။

**မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)**
အမှတ်(၆) က၊ ရှင်စောပုလမ်း၊
ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်၊မြန်မာ။
info@myanmar-responsiblebusiness.org
http://www.myanmar-responsiblebusiness.org and www.mcrb.org.mm

Yever သည် ကော်ပိုရိတ်ခေါင်းဆောင်များ၏ လိုအပ်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးသော ရန်ကုန်အခြေစိုက် စီးပွားရေးအကြံပေးကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေရှည်တည်တံ့နိုင်သော ဈေးကွက်များ တည်ဆောက်ခြင်းဖြင့် ၎င်းတို့၏စီးပွားရေးစနစ် တိုးတက်ပြောင်းလဲမှုအား အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ Yever အား ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံမှ အရည်အချင်းရှိသောလူငယ်များနှင့် နိုင်ငံတကာ အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။

**Yever**
အမှတ်(၂၈) B ၊ ကျောက်ကုန်းလမ်း၊ အခန်း(၆၊B)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
contact@yever.org
www.yever.org

ဤအစီရင်ခံစာရေးသားခြင်းနှင့် သုတေသနလုပ်ငန်းများကို MCRB မှ Vicky Bowman၊ Phyu Phyu Zin၊ Wint Mon Eindra Thwin နှင့် Yever မှ Nicolas Delange၊ Maddy@Pa Pa Htet တို့မှ လုပ်ဆောင်ခဲ့ပါသည်။ Tom Davy နှင့် Gianluca Ferritu တို့ကလည်း MCRB နှင့် ပူပေါင်းလုပ်ကိုင်ခဲ့စဉ်အတွင်းတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ဤအစီရင်ခံစာ၏ ဖော်ပြချက်များသည် စာတမ်းရေးသားသူများ၏ ထင်မြင်ယူဆချက်များဖြစ်ပါသည်။ အချို့သောကုမ္ပဏီများကို ရည်ညွှန်းဖော်ပြထားခြင်းများရှိသော်လည်း ထိုကုမ္ပဏီများကို MCRB နှင့် Yever မှ ထောက်ခံပေးခြင်းမျိုး မဟုတ်ပါ။ ရမှတ်အဆင့်များမှာ ကုမ္ပဏီများ၏ လက်တွေ့စီးပွားရေး လုပ်ဆောင်ချက်များအပေါ်တွင် တိုင်းတာထားခြင်း မဟုတ်ပါ။

အရှေ့ဘက်ဓာတ်ပုံ - Alexey Matveichev ၏ "Nelumbo nucifera"
ကျောဘက်ဓာတ်ပုံ - Josie Liao ၏ ကြာပန်း

## မာတိကာ


အတိုကောက်စကားလုံးများ ၆

အနှစ်ချုပ် ၉

**အခန်း (၁) - မိတ်ဆက်ခြင်း** ၁၄

မြန်မာ့အရင်းအနှီးဈေးကွက်ကို အများပြည်သူ ယုံကြည်လာရန်အတွက် ပွင့်သစ်စမှ မည်သို့ပံ့ပိုးပေးနိုင်သနည်း။ ၁၅

- အချိန်ကာလငါးနှစ်သက်တမ်းရှိပြီဖြစ်သော ပွင့်သစ်စ ၁၅
- ယုံကြည်မှုတည်ဆောက်ခြင်း ၁၆
- လက်တွေ့တွင်မရှိသည့် ဟန်ပြအခြေအနေကိုဖော်ပြခြင်း ၂၀

မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီပွင့်လင်းမြင်သာမှုဆိုင်ရာ စီးပွားရေးကဏ္ဍအကြောင်းအရာ ၂၁

- ကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုနှင့် လုပ်ဆောင်ချက်များ တိုးတက်လာစေရန် ပံ့ပိုးခြင်း ၂၂
- ကျွမ်းကျင်အကြံပေးများနှင့် စာရင်းစစ်များ ၂၄

**အခန်း (၂) - ၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာမှစ၍ တိုးတက်ပြောင်းလဲလာမှုများ** ၂၆

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈ - ၂၀၃၀) ၂၆

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) ၂၆
- တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းများ ၂၈

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ ဥပဒေအခန်းကဏ္ဍ ပြောင်းလဲတိုးတက်လာမှုများ ၂၉

- မြန်မာကုမ္ပဏီများဥပဒေ ၂၉
- မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) ၏ ညွှန်ကြားချက်များ ၃၄
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ၃၇
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ ၄၁
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ၄၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်ပြောင်းလဲလာမှုများ ၄၆

- အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ဥပဒေမူဘောင်များ ၅၀
- ငွေကြေးခဝါချမှု ၅၃
- အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ၅၄
- အခွန်နှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများ ၅၇

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှုများ ၆၁

- IFC ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ ရှေ့ပြေးဆောင်ရွက်မှု ၆၁
- မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD) ၆၃
- စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) ၆၄
- ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၆၅
- ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၆၅

ထုတ်ဖော်ကြေညာခြင်းနှင့် ပွင်းလင်းမြင်သာမှုတို့၏ အခြေအနေတိုးတက်လာမှုများ ၆၆

- တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ၆၆
- အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာတို့၏ အခန်းကဏ္ဍ ၆၇

အခန်း (၃) မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြောင်းအရာများ ၇၁
ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း ၇၁
- အီးယူ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များ ၇၂
- ရေရှည်တည်တံ့ခိုင်မြဲခြင်းနှင့် စတော့အိတ်ချိန်းများ ၇၃
- အစီရင်ခံစာတွင် အသုံးပြုသည့်မူဘောင်များ ၇၃

အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် အကျိုးသက်ဆိုင်သူများဆိုင်ရာ လေ့လာဆန်းစစ်မှုများ ၇၅

အလှူအတန်းများပြုလုပ်ခြင်းနှင့် ထိခိုက်နစ်နာမှုများ မရှိစေရန် ဆောင်ရွက်ခြင်း ၇၇

စီးပွားရေးဦးဆောင်မှုတွင် ကျား/မ တန်းတူညီမျှစွာ ပါဝင်မှုရှိခြင်း ၇၈

လူ့အခွင့်အရေးနှင့် ခေတ်သစ်ကျေးကျွန်ပြုမှု ၈၀

အခန်း ၄။ ၂၀၁၉ ပွင့်သစ်စအစီရင်ခံစာ ၈၂
စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း ၈၆
- နှိုင်းယှဉ်လေ့လာသော စံသတ်မှတ်ချက်များကို ရွေးချယ်ခြင်း ၈၃
- ထည့်သွင်းစဉ်းစားထားသော သတင်းအချက်အလက်များ၏ အရင်းအမြစ်များ ၈၅
- စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း ၈၆
- ဝက်(ဘ်)ဆိုဒ်ဆန်းစစ်ခြင်းနှင့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း ၈၆
- အမှတ်ပေးခြင်း ၈၈
- သုတေသနဆောင်ရွက်ပုံနည်းနာ၏ ကန့်သတ်ချက်များ ၈၈

ရလဒ်များ ၈၈

အခန်း ၅။ အကြံပြုချက်များ ၉၃
မြန်မာကုမ္ပဏီများအတွက် အကြံပြုချက်များ ၉၃
မြန်မာနိုင်ငံတော်အစိုးရသို့ အကြံပြုချက်များ ၉၆
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ၁၀၀
လွှတ်တော်သို့ ၁၀၂
မြန်မာ့ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများသို့ ၁၀၂
ရင်းနှီးမြှုပ်နှံသူ အသိုင်းအဝိုင်းသို့ ၁၀၂

နောက်ဆက်တွဲ (၁)။ ရလဒ် အပြည့်အစုံ ဖော်ပြထားသည့်ဇယား ၁၀၃
နောက်ဆက်တွဲ (၂)။ မေးခွန်းများ ၁၁၀

| | | |
|---|---|---|
| ပုံ (၁) | ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ ရမှတ်များကို ပိုင်းခြားထားခြင်း | ၁၁ |
| ပုံ (၂) | ကုမ္ပဏီများ၏ ရမှတ် အချိုးအစား | ၁၂ |
| ပုံ (၃) | ဘဏ္ဍာရေးကဏ္ဍနှင့် အခြားကဏ္ဍများကို ကုမ္ပဏီအမျိုးအစားအလိုက် နှိုင်းယှဉ်ခြင်း | ၉၀ |

| | | |
|---|---|---|
| ဇယား (၁) | ကော်ပိုရိတ် ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှု - Yangon Metropolitan Development Company | ၁၈ |
| ဇယား (၂) | MCRB နှင့် Yever ပူးပေါင်းလုပ်ကိုင်မှု | ၁၉ |
| ဇယား (၃) | စီးပွားရေးလုပ်ငန်းများအတွက် MCRB မှ ထုတ်ဝေပြီးသော လက်စွဲစာအုပ်များ | ၂၃ |
| ဇယား (၄) | တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က သဘောတူထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပာယ်ဖွင့် ဆိုချက် | ၅၈ |
| ဇယား (၅) | တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က သဘောတူထားသော နိုင်ငံရေးအရ သြဇာအာဏာရှိသူ၏ အဓိပ္ပာယ် ဖွင့်ဆိုချက် | ၅၉ |
| ဇယား (၆) | ၂၀၁၈ မြန်မာကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) ဆိုသည်မှာ အဘယ်နည်း။ | ၆၃ |
| ဇယား (၇) | အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။ | ၈၂ |

| | | |
|---|---|---|
| ဇယားကွက် (၁) | ၂၀၁၉ ပွင့်သစ်စ အမှတ်ပေးစနစ်တွင် အကျုံးဝင်သော အကြောင်းအရာများ | ၈၃ |
| ဇယားကွက် (၂) | ပွင့်သစ်စ အစီရင်ခံစာတွင် ထည့်သွင်းခဲ့သော အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၏ ပထမ အဆင့်စံသတ်မှတ်ချက်များ | ၈၄ |
| ဇယားကွက် (၃) | ၂၀၁၉ ပွင့်သစ်စ အစီရင်ခံစာတွင် အသုံးပြုထားသော အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) နှင့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ဆိုင်ရာ စံသတ် မှတ်ချက်များ | ၈၅ |
| ဇယားကွက် (၄) | ကုမ္ပဏီအမျိုးအစားအရ ပျမ်းမျှရမှတ် | ၈၉ |
| ဇယားကွက် (၅) | ပွင့်သစ်စ အစီရင်ခံစာ ၂၀၁၉ တွင် အကဲဖြတ်ဆန်းစစ်ထားသော သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှု အကောင်းဆုံးကုမ္ပဏီများ၊ ထိပ်တန်းကုမ္ပဏီ (၃၀) ခု | ၉၁ |
| ဇယားကွက် (၆) | သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှု အကောင်းဆုံးနိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SEEs)(၁၀)ခု | ၉၂ |
| ဇယားကွက် (၇) | သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှုအကောင်းဆုံး အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီ(၁၀)ခု | ၉၂ |

## အတိုကောက် စကားလုံးများ

| | |
|---|---|
| ACGS | ASEAN Corporate Governance Scorecard<br>(အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း) |
| ACMF | ASEAN Capital Markets Forum (အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်) |
| ASEAN | Association of South East Asian Nations<br>(အရှေ့တောင်အာရှ နိုင်ငံများအသင်း) |
| BoD | Board of Directors (ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများ) |
| CG | Corporate Governance (ကော်ပိုရိတ် စီမံအုပ်ချုပ်မှု) |
| CSR | Corporate Social Responsibility (ကော်ပိုရိတ် လူမှုတာဝန်ယူမှု) |
| DfID | Department for International Development<br>(နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန) |
| DICA | Directorate of Investment and Company Administration<br>(ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန) |
| DNFBP | Designated Non-Financial Businesses and Professions<br>(သတ်မှတ်ထားသည့် ငွေကြေးနှင့် မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများ နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ) |
| ESG | Environmental, Social and Governance<br>(ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု) |
| FY | Financial Year (ဘဏ္ဍာရေးနှစ်) |
| IFC | International Finance Corporation<br>(အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း) |
| KPI | Key Performance Indicator (အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း) |
| MCL | Myanmar Companies Law (မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ) |
| MCRB | Myanmar Centre for Responsible Business<br>(မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုရေးဌာန) |
| MIC | Myanmar Investment Commission (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်) |
| MIL | Myanmar Investment Law (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ) |
| MIoD | Myanmar Institute of Directors (မြန်မာဒါရိုက်တာများ အင်စတီကျု) |
| MIR | Myanmar Investment Rules (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ) |
| MSDP | Myanmar Sustainable Development Plan<br>(မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း) |
| MyCO | Myanmar Companies Register Online<br>(မြန်မာကုမ္ပဏီများအား အွန်လိုင်းတွင် မှတ်ပုံတင်ခြင်း) |
| NRGI | Natural Resources Governance Institute<br>(သဘာဝသယံဇာတအရင်းအမြစ်များအုပ်ချုပ်မှု အင်စတီကျု) |

| | |
|---|---|
| OECD | Organization for Economic Cooperation and Development (စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| OTC | Over the Counter (an organized market for trading of unlisted securities) (ကောင်တာဈေးကွက်ပေါ်တွင် ရောင်းချသည့် သက်သေခံလက်မှတ်များ) |
| SECM | Securities and Exchange Commission of Myanmar (မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်) |
| SEE/ SOE | State-owned Enterprise (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း) |
| TRAC | Transparency in Corporate Reporting (from Transparency International) (ကော်ပိုရိတ်အစီရင်ခံခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး) |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry (မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း) |
| YSX | Yangon Stock Exchange (ရန်ကုန်စတော့အိတ်ချိန်း) |

## အနှစ်ချုပ်

ယခုအစီရင်ခံစာသည် ပဉ္စမအကြိမ်ထုတ်ပြန်သော ပွင့်သစ်စ/မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ပွင့်လင်းမြင်သာမှု (Transparency in Myanmar Enterprises - TiME) အစီရင်ခံစာ ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီကြီး (၂၄၈) ခုတို့၏ ကုမ္ပဏီဝက်ဘ်ဆိုဒ်များတွင် ထုတ်ပြန်ကြေညာထားသော သတင်းအချက်အလက်များကို အကဲဖြတ်သုံးသပ်၍ ဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုက်တွန်းအားပေးခြင်းသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင် (SDG ပန်းတိုင် အမှတ် ၁၆) အောင်မြင်ရန်အတွက် အထောက်အကူဖြစ်စေပါသည်။

ယခု ၂၀၁၉ ခုနှစ်တွင် ၂၀၁၈ ခုနှစ်က ထုတ်ဝေခဲ့သော ပွင့်သစ်စအစီရင်ခံစာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများအပြင် နောက်ထပ်ကုမ္ပဏီ (၆၆) ခုတို့အား ထပ်တိုးဆန်းစစ်ခဲ့ခြင်းဖြစ်ပြီး၊ ထိုသို့ အကဲဖြတ်ဆန်းစစ်ရာတွင်လည်း ယခင်ထက် နစ်ဆမကသော စံသတ်မှတ်ချက်များကို အသုံးပြုခဲ့ပါသည်။ ထို့ကြောင့် ယခု ၂၀၁၉ ခုနှစ်၊ ပွင့်သစ်စအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများဆိုင်ရာ ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်၍ ရည်မှန်းချက်အမြင့်ဆုံးသော အများပြည်သူဆိုင်ရာ အစီရင်ခံစာတစ်စောင် ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် သိသာထင်ရှားစွာ အခွန်ဆောင်ထားသော ကုမ္ပဏီများ စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ပုဂ္ဂလိက ကုမ္ပဏီများကိုအကဲဖြတ်ဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် ယခုပွင့်သစ်စအစီရင်ခံစာတွင် ထင်ရှားသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs)၏ ကော်ပိုရိတ်ဆိုင်ရာ ထုတ်ဖော်ကြေညာမှုများကို ပထမဦးဆုံးအကြိမ်အဖြစ် ထည့်သွင်းထားပါသည်။

၂၀၁၉ ခုနှစ် အစီရင်ခံစာသည် ယခင်ကကဲ့သို့ပင် ကုမ္ပဏီများမှ အများပြည်သူသိရှိစေရန် အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များကို ဆန်းစစ်အမှတ်ပေးသည့်အပေါ် အခြေခံထားသော်လည်း ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့် အမှတ်ပေးစနစ် အတိုင်းပင် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN Corporate Governance Scorecard-ACGS) (အကန့် ၅) ကို အသုံးပြု၍ ကုမ္ပဏီများကို အမှတ်ပေးထားပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများက အေစီဂျီအက်(စ်) စံသတ်မှတ်ချက်များကို ကုမ္ပဏီကြီးများ၏အွန်လိုင်းပေါ်၌ထုတ်ပြန်ထားသောကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေအနေ ဆိုင်ရာ သတင်းအချက်အလက်များကို အကဲဖြတ်ဆန်းစစ်ရန် အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက် ရှိပါသည်။ မြန်မာအစိုးရကလည်း မြန်မာထိပ်တန်းကုမ္ပဏီကြီး (၂၄) ခု ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကိုအကဲဖြတ်နိုင်မည့် မြန်မာကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) အား အကောင်အထည်ဖော်နိုင်ရန်အတွက် အေစီဂျီအက်(စ်) စံသတ်မှတ်ချက်များကို အသုံးပြုထားပါသည်။

သို့ရာတွင် ယခု ၂၀၁၉ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာတွင်မူ အေစီဂျီအက်(စ်) စံသတ်မှတ်ချက်များအားလုံးကို အသုံးပြုထားခြင်းမဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ကုမ္ပဏီ၏ စီးပွားရေးပုံစံနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆက်စပ်ပုံ အစရှိသည့် အခြားသော ထပ်တိုးစံသတ်မှတ်ချက်များအား ဘက်စုံပါဝင်သော အစီရင်ခံခြင်းဆိုင်ရာ မူဘောင် (Integrated Reporting Framework) နှင့်အညီ ထည့်သွင်းထားသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ ထိပ်တန်းကုမ္ပဏီများအရေအတွက် များပြားလာစေရန် ရည်ရွယ်ထားခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ၎င်းသည် မြန်မာအစိုးရက ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား ထင်ဟပ်မှုရှိကြောင်းကိုလည်း တွေ့နိုင်ပါသည်။


ထို့ကြောင့် ယခုအသုံးပြုထားသော အမှတ်ပေးသည့် နည်းစနစ်တွင် အေစီဂျီအက်(စ်)ထဲမှ မြန်မာနိုင်ငံနှင့် ဆက်စပ်မှုအရှိဆုံး စံသတ်မှတ်ချက် (၆၉) ခုကို အသုံးပြုထားပါသည် (နောက်ဆက်တွဲ - ၂ ကို ကြည့်ပါ)။ အပိုင်းလေးပိုင်း/ နယ်ပယ်လေးခု (ကော်ပိုရိတ် အကြောင်းအရာ၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်း)ကို စုစုပေါင်းစံသတ်မှတ်ချက် (၁၄၃) ခု - (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များကို အခြေခံထားသည့် စံသတ်မှတ်ချက် (၁၁၉) ခုနှင့် ကုမ္ပဏီ စွမ်းဆောင်ရည်ကို အခြေခံထားသည့် စံသတ်မှတ်ချက် (၄၈) ခု) ကို အသုံးပြု၍ စုစုပေါင်း ရမှတ် (၁၆၇) မှတ် - (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ အတွက် ရမှတ် (၁၁၉) မှတ်နှင့် ကုမ္ပဏီစွမ်းဆောင်ရည် (၄၈) မှတ်) ရရှိနိုင်ရန် သတ်မှတ်ထားပါသည်။ အသေးစိတ်အချက်အလက်များကို အခန်း (၄) ရှိ စစ်တမ်းဆောင်ရွက်ပုံ နည်းလမ်းတွင် ထပ်မံကြည့်ရှုနိုင်ပါသည်။

ကုမ္ပဏီစွမ်းဆောင်ရည်အား ဆန်းစစ်ရန် စံသတ်မှတ်ချက်များကို ထပ်မံထည့်သွင်းပြီး ကုမ္ပဏီအသစ်များကိုလည်း အသစ်ထပ်မံထည့်သွင်းလိုက်ခြင်းကြောင့် ၂၀၁၈ ခုနှစ်နှင့် ယှဉ်လျှင် ၂၀၁၉ ခုနှစ်၏ ပျမ်းမျှရလဒ်မှာ (၇) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့သော်လည်း အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များဆိုင်ရာ ပျမ်းမျှရလဒ်မှာမူ လျော့ကျသွားခြင်းမရှိဘဲ ပိုမိုတိုးတက်လာပြီး အချို့ကုမ္ပဏီကြီးများမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်းနှင့် ကုမ္ပဏီစွမ်းဆောင်မှုဆိုင်ရာအချက်အလက်များကိုအစီရင်ခံခြင်းတို့ကိုပိုမိုဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ စတော့အိတ်ချိန်း စာရင်းဝင်ထားသောကုမ္ပဏီများနှင့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများမှလွဲ၍ ယခုအစီရင်ခံစာ၌ အကဲဖြတ်ဆန်းစစ်ထားသည့် ကုမ္ပဏီအများစု အတွက် ဤအချက်အလက်များကို ထုတ်ပြန်ရန်လိုအပ်သည်ဟု မြန်မာဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့ရာတွင် ထိုသို့ သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းကြောင့် မြန်မာကုမ္ပဏီများအနေနှင့် အခြားစီးပွားရေး မိတ်ဖက်များထက် နာတစ်ဖျားပိုသာနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများက ကုမ္ပဏီများအကြောင်း လေ့လာရာတွင်လည်း မိမိ၏ ကုမ္ပဏီဝက်ဘ်ဆိုက်(ဒ်)ကို ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

ထုတ်ပြန်ထားသော သတင်းအချက်အလက်များအတွက် ၂၀၁၉ ခုနှစ်တွင် အမှတ်အမြင့်ဆုံး ရရှိသည့် ထိပ်တန်းကုမ္ပဏီကြီး (၄) ခုမှာ City Mart Holdings Limited (CMHL)၊ FMI (First Myanmar Investment)၊ Max Myanmar နှင့် Shwe Taung တို့ဖြစ်ပါသည်။ ဤကုမ္ပဏီများသည် ယခင်ပွင့်သစ်စ အစီရင်ခံစာများတွင်လည်း ထိပ်တန်းကုမ္ပဏီ (၁၀) ခုတွင် အမြဲတစေ ပါဝင်ခဲ့သည့်အပြင် ၂၀၁၉ ခုနှစ် ပွင့်သစ်စအတွက်လည်း သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာမှုကို ပိုမိုကောင်းမွန်လာစေရန် ကြိုးစားအားထုတ်မှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် အစီရင်ခံခြင်းတို့တွင် အားစိုက်ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့၏ ရမှတ်မူကြမ်းများကို ဆွေးနွေးရန်၊ စံသတ်မှတ်ချက်များကို သေသေချာချာ ကောင်းမွန်စွာနားလည်ရန်နှင့် ကုမ္ပဏီသတင်းအချက်အလက် ထုတ်ပြန်ပေးမှုအတွက် စံသတ်မှတ်ချက်များက မည်သည့်အကြောင်းအရာများကို ရည်ညွှန်းသည် စသည်တို့ကို နားလည်ရန်အတွက် MCRB/ Yever သို့ တိုက်ရိုက်ဆက်သွယ်ခဲ့သော ကုမ္ပဏီ (၄၃) ခုလုံး၏ ကြိုးစားအားထုတ်မှုကို အမှန်တကယ်ပင် မြင်တွေ့ခဲ့ရပါသည်။ ယေဘုယျအားဖြင့် ဆိုရသော် ထိုသို့ အချင်းချင်းဆက်သွယ်ဆောင်ရွက်ခြင်းကြောင့် အဆိုပါကုမ္ပဏီများ၏ ရမှတ်များသည် (၈) ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရပါသည်။

စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ရမှတ်မှာ (၃၂) ရာခိုင်နှုန်း ဖြစ်သောကြောင့် ပျမ်းမျှရမှတ် (၄) ရာခိုင်နှုန်းအသီးသီး ရရှိထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများထက် စွမ်းဆောင်ရည် သိသိသာသာ ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရသည်။ သို့သော်လည်း အမျိုးအစားတစ်ခုချင်းအလိုက်ကွာခြားချက်မှာ သိသာကြောင်း ပုံတွင်တွေ့နိုင်သည်။ ပုံ (၁) ၌ ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရလဒ်များကို ဖော်ပြထားသည်။

**ပုံ (၁) - ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ ရမှတ်များကို ပိုင်းခြားထားခြင်း**




ပုံ (၁) အရ စွမ်းဆောင်မှုအကောင်းဆုံး ကုမ္ပဏီဖြစ်သော City Mart မှာ ပုဂ္ဂလိကပိုင်ဖြစ်ပြီး စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမဟုတ်ကြောင်းတွေ့ရသည်။ သို့ဖြစ်ပါသောကြောင့် ပုဂ္ဂလိကကုမ္ပဏီများသည် များပြားလှစွာသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီစွမ်းဆောင်ရည်ဆိုင်ရာ သတင်းအချက်အလက်များကို တိုင်းတာ၊ ထုတ်ပြန်ရန် ဆုံးဖြတ်နိုင်ကြောင်းကို တွေ့နိုင်ပါသည်။ ထို့အပြင် ယခင် ပွင့်သစ်စ အစီရင်ခံစာများ၏ ထိပ်တန်းကုမ္ပဏီ (၁၀) ခုတွင် မပါရှိခဲ့သော ပုဂ္ဂလိကကုမ္ပဏီအချို့သည်လည်း ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် ပါဝင်လာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပွင့်သစ်စသည် မြန်မာကုမ္ပဏီများအား ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ သတင်းအချက်အလက်ထုတ်ပြန်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု စသည့်တို့ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် အားပေးရာတွင် ထိရောက်မှုရှိသည်ကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးမိတ်ဖက်များမှလည်း အဆိုပါအကြောင်းအရာများကို စိတ်ဝင်စားမှုရှိသည့်အပြင် လက်ရှိမြန်မာနိုင်ငံ၏ ပြောင်းလဲမှုများ၊ အထူးသဖြင့် ၂၀၁၇ ခုနှစ် မြန်မာကုမ္ပဏီများဥပဒေပြဋ္ဌာန်းလိုက်ခြင်းကြောင့်လည်း အဆိုပါရလဒ်များကို ရရှိလာရခြင်း ဖြစ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များမှာ ကုမ္ပဏီစွမ်းဆောင်ရည် အားအနည်းဆုံးအမျိုးအစားထဲတွင် ပါဝင်နေကြောင်း တွေ့ရှိရသည်။ သတင်းအချက်အလက် ထုတ်ပြန်မှုတွင် ဦးဆောင်လျက်ရှိသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များမှာ Construction and Housing Development Bank (CHDB) နှင့် Yangon Electricity Supply Corporation (YESC) တို့ ဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီများ၏ သီးသန့်အခြေအနေများနှင့် ၎င်းတို့ရင်ဆိုင်နေရသည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများကြောင့် ၎င်းတို့ကို ဇယားကွက် (၆) တွင် သီးခြားအမှတ်ပေးထားပါသည်။ သို့သော်လည်း အကဲဖြတ်ဆန်းစစ်ရာတွင်မူ စစ်တမ်းဆောင်ရွက်ပုံ နည်းလမ်းတစ်ရပ်တည်းကိုသာ တူညီစွာ အသုံးပြုထားပါသည်။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar


Sustainable Development Action Plan) ဆိုင်ရာ မျှော်မှန်းထားသော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များသည်လည်း ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှုတို့ကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) များ အပါအဝင် အမှတ်အမြင့်ဆုံး ဦးဆောင်ကုမ္ပဏီများ၏ အဓိကအားသာသောနယ်ပယ်မှာ ၎င်းတို့၏ ကော်ပိုရိတ်အကြောင်းအရာဖြစ်ပြီး ထိပ်ဆုံးကုမ္ပဏီ (၁၀) ခု၏ ပျမ်းမျှရလဒ်မှာ (၅၉) ရာခိုင်နှုန်းဖြစ်သည်။ အားနည်းနေသည့်နယ်ပယ်များတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် အစီရင်ခံခြင်းတို့ ပါဝင်ပြီး ထိပ်ဆုံးကုမ္ပဏီ (၁၀) ခု၏ ပျမ်းမျှရလာဒ်မှာ (၄၅) ရာခိုင်နှုန်းနှင့် (၄၆) ရာခိုင်နှုန်းတို့ အသီးသီးဖြစ်ကြသည်။

ဆန်းစစ်အကဲဖြတ်ထားသော ကုမ္ပဏီစုစုပေါင်း (၂၄၈)ခုတွင် ကုမ္ပဏီ (၁၀၈) ခု (သို့မဟုတ်) ကုမ္ပဏီ (၄၄) ရာခိုင်နှုန်းမှာ ကော်ပိုရိတ်ဝက်ဘ်ဆိုဒ်(ဒ်)များ မရှိခြင်း၊ သို့မဟုတ် ၎င်းတို့၏ URL များကို ဝင်ရောက်ကြည့်ရှု၍ မရခြင်းတို့ကို တွေ့ရှိရသည် (ပုံ -၂ ရှိ အမဲရောင် အမှတ်အသားကို ကြည့်ပါ)။ ကော်ပိုရိတ်ဝက်ဘ်ဆိုဒ်(ဒ်)များ ရှိနေလျှင်လည်း အများစုမှာ အချက်အလက်အနည်းငယ်သာ ထုတ်ပြန်ထားခြင်း၊ သို့မဟုတ် ယခုလေ့လာဆန်းစစ်မှုတွင်အကျုံးဝင်သော စံသတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် အချက်အလက်များ မရှိခြင်းတို့ကို တွေ့ရှိရသည်။

ကော်ပိုရိတ်သတင်းအချက်အလက်များအား ထုတ်ပြန်ထားသည့် ကုမ္ပဏီ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင်) ၆၇ ရာခိုင်နှုန်း၏ ရမှတ်များသည် ကုမ္ပဏီများအားလုံးကို ဆန်းစစ်အကဲဖြတ်ထားသည့် ယေဘုယျပျမ်းမျှရမှတ်ထက် နည်းပါးလျက်ရှိနေသည်ကို တွေ့ရပါသည်။ (ပုံ (၂) ရှိ အဝါရောင်အမှတ်အသားကို ကြည့်ပါ)။

**ပုံ (၂) - ကုမ္ပဏီများ၏ ရမှတ်အချိုးအစား**




ယခုစစ်တမ်းနှင့် ယင်းမှပေါ်ထွက်လာသည့် အဆင့်သတ်မှတ်ချက်တို့သည် ကုမ္ပဏီမှနေ၍ အများပြည်သူ အလွယ်တကူ သိရှိနိုင်အောင် ထုတ်ပြန်ပေးသော သတင်းအချက်အလက်များကိုသာအခြေခံ၍ ယခင်ကလိုပင် အမှတ်ပေးဆန်းစစ်ထားခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်၍ အမှီအခိုကင်းသည့် ကျွမ်းကျင်စာရင်းစစ်ပညာရှင်၏ အာမခံချက်ပေးရန် လိုအပ်သော ကုမ္ပဏီအရည်အသွေး (သို့မဟုတ်) ကုမ္ပဏီ၏ စွမ်းဆောင်ရည် (သို့မဟုတ်) အချက်အလက်များ၏ တိကျမှန်ကန်မှု စသည့်အချက်များကို မဆန်းစစ်ထားပါ။ သို့သော် MCRB/Yever တို့အနေဖြင့် ကုမ္ပဏီများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကောက်ချက်ချနိုင်သည်မှာ အမှတ်ပိုများနေသော ကုမ္ပဏီများသည် ပို၍ ခိုင်မာအားကောင်းသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်ဆောင်ရွက်မှုကို တည်ထောင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခင်အတိုင်းပင် ဤအစီရင်ခံစာ၏ အပိုင်း (၂)တွင် မြန်မာနိုင်ငံရှိ သတင်းအချက်အလက်ထုတ်ပြန်ကြေညာမှုနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ နောက်ခံ၊ ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတို့ကို အနှစ်ချုပ်တင်ပြထားပါသည်။ ဤနောက်ခံ

အကြောင်းအရာ အချက်အလက်များကို တင်ပြထားသည်မှာ အသိအမြင် ပိုမိုပွင့်လင်းလာစေရန်နှင့် လိုက်နာမှုရှိစေရန် တိုက်တွန်းအားပေးလိုသော ရည်ရွယ်ချက်ကြောင့် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)တို့က လုပ်ဆောင်လျက်ရှိသော ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုစွမ်းဆောင်ရည် တည်ဆောက်ပေးသည့် ဆောင်ရွက်ချက်များကိုလည်း ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

အဆိုပါ ဆောင်ရွက်ချက်အချို့ကိုလည်း ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ထောက်ပံ့ပေးထားပါသည်။ အပိုင်း (၂) တွင် ယင်းအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများကို အကျဉ်းချုပ် ဖော်ပြပေးထားပြီး အချင်းချင်း ချိတ်ဆက်ညှိနှိုင်းမှုရှိရှိ ဆောင်ရွက်ခြင်းနည်းလမ်းအား ပိုမိုအားပေးလိုသော ရည်ရွယ်ချက်ကြောင့် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့ဝင်တစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ စီးပွားရေးပူပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) နှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) စသည့် အဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့မှုများကို ဆောင်ရွက်နေသော ယူကေ၊ ဩစတေးလျ၊ ဂျပန်နှင့် ဆွီဒင်အစိုးရတို့၏ ကူညီပံ့ပိုးပေးမှုများကိုလည်း ဆွေးနွေးတင်ပြထားပါသည်။

အပိုင်း (၂) တွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အစပြုဆောင်ရွက်ချက်များနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် အရက်ဖက်အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်ချက်များကိုပါ အနှစ်ချုပ်ဖော်ပြထားပါသည်။ ယင်းတို့တွင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) နှင့် အကျိုးအမြတ်ပိုင်ဆိုင်မှု (beneficial ownership) စသည့် အပြည်ပြည်ဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပါဝင်လျက်ရှိသော မြန်မာနိုင်ငံအကြောင်းကိုလည်း တင်ပြဆွေးနွေးထားသည်။

အပိုင်း (၃) တွင် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်သလို အပြည်ပြည်ဆိုင်ရာနိုင်ငံများတွင်လည်း ဆွေးနွေးငြင်းခုံနေကြသည့် အကြောင်းအရာများဖြစ်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အသားပေးဖော်ပြထားသည်။ ထိုသို့ မြန်မာနိုင်ငံနှင့် သက်ဆိုင်လျက်ရှိသည့် အကြောင်းအရာဆွေးနွေးမှုများတွင် ဘဏ္ဍာရေးမဟုတ်သော / ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံခြင်း၊ အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ လူ့အခွင့်အရေးဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း၊ မတူကွဲပြားမှု၊ ကျား/မ တန်းတူညီမျှရှိမှုနှင့် ခေတ်သစ်ကျွန်စနစ်စသည်တို့ ပါဝင်သည်။

အပိုင်း (၄) တွင် ၂၀၁၉ ခုနှစ် ပွင့်သစ်စအစီရင်ခံစာရှိ သက်ဆိုင်ရာရမှတ်များနှင့် စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းများကို ဖော်ပြထားသည်။ နောက်ဆုံးအပိုင်း (၅) တွင် မြန်မာကုမ္ပဏီများ၊ အစိုးရနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လွှတ်တော်၊ အင်စတီကျူးရှင်းများတွင် ရင်းနှီးမြှုပ်နှံသူများ၊ အရက်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများအား အကြံပြုချက်များကို ဖော်ပြထားပြီး ထိုအကြံပြုချက်များသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။

MCRB နှင့် Yever သည် အသစ်ထုတ်ပြန်မည့် ပွင့်သစ်စအစီရင်ခံစာအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်လုပ်ကိုင်သွားရန် ရည်ရွယ်ထားပြီး အစီရင်ခံစာကို ၂၀၂၀ ခုနှစ် နှောင်းပိုင်းတွင် ထုတ်ဝေသွားရန် စီစဉ်ထားပါသည်။

## အခန်း - ၁။ မိတ်ဆက်ခြင်း

မြန်မာကုမ္ပဏီများအတွက် ပြုလုပ်သည့် ပွင့်သစ်စ[1] ခေါ် Transparency in Myanmar Enterprises (TiME) အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မြန်မာကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှုကို အသိအမှတ်ပြုပေးခြင်းအားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် အခြားသော သတင်းအချက်အလက်များ တရားဝင်ထုတ်ပြန်မှု ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။ MCRB အနေဖြင့် ပထမဦးဆုံးသော အစီရင်ခံစာအား ၂၀၁၄[2] ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့ပြီး နောက်ထပ်အစီရင်ခံစာများကိုလည်း ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ထုတ်ဝေခဲ့ပါသည်။

ပွင့်သစ်စအစီရင်ခံစာသည် ၂၀၁၈ ဩဂုတ်လ[3]တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Action Plan) (အခန်း - ၂ ကို ကြည့်ပါ) ကို အကောင်အထည်ဖော်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၆ ကိုရှေ့ရှုသော စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

- **SDG ၁၆ ။** ။ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် အများပါဝင်သော အဖွဲ့အစည်းများကို ပံ့ပိုးပေးရန်၊ အများအတွက် တရားမျှတမှုရရှိရေးကို ဆောင်ရွက်ပေးသည့်အပြင် ထိရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အပြင် အားလုံးပါဝင်သော အဖွဲ့အစည်းများကို တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။
- **SDG ၁၆.၅ ။** ။ ရေရှည်တည်တံ့သောနည်းဖြင့် ကဏ္ဍအသီးသီးရှိ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု အမျိုးမျိုးအဖုံဖုံကို လျော့ကျနိုင်ရေးနှင့်[4]
- **SDG ၁၆.၆ ။** ။ ထိရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အပြင် ပွင့်လင်းမြင်သာသော အဖွဲ့အစည်းများကို အဆင့်တိုင်းတွင် ဖွဲ့စည်းတည်ဆောက်နိုင်ရေး။

ပွင့်သစ်စအစီရင်ခံစာသည် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မူဝါဒများ ပိုမိုရှင်းလင်း၍ အချင်းချင်းချိတ်ဆက်မှုရှိရန် ပုံဖော်ချမှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းစသည်တို့ကို အားပေးခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၇ ကို တိုက်ရိုက် အထောက်အကူပြုပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ပန်းတိုင် ၁၇ တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မူဝါဒများရှင်းလင်း၍ အချင်းချင်းချိတ်ဆက်မှုရှိခြင်းနှင့် အစိုးရ - ပုဂ္ဂလိက စကားပိုင်းဆွေးနွေးပွဲများကို ဆောင်ရွက်ရန်အတွက် ကမ္ဘာ့အဆင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကောင်းမွန်စေ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အားလုံးကိုလည်း သွယ်ဝိုက်အထောက် အကူပြုပေးသည်ဟုဆိုနိုင်ပါသည်။

---

1 ပွင့်သစ်စဆိုသည်မှာ "အဖူးအပွင့်အသစ်များ" ဟု အဓိပ္ပာယ်ရပြီး တစ်နည်းအားဖြင့် "အရည်အချင်းအသစ်များ" ဟု ဆိုလိုသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ပေါ်ထွက်လာသော ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကျင့်စဉ်အား ထင်ဟပ်လာစေရန် ထိုသို့အမည်ပေးခဲ့ခြင်းဖြစ်သည်။

2 www.myanmar-responsiblebusiness.org/news/first-pwint-thit-sa-time-report.html

3 မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀၊ ဩဂုတ်လ ၂၀၁၈ ခုနှစ်။

4 ပုဂ္ဂလိကကဏ္ဍနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင် ၁၆ - ငြိမ်းချမ်းမှုရှိပြီး တရားမျှတကာအားလုံးပါဝင်သည့် အဖွဲ့အစည်းများဖြစ်စေရန်ပူးပေါင်းခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ၏ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အကြံပေးအဖွဲ့ကဆောင်ရွက်ထားသော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ အစီရင်ခံစာ။

**မြန်မာ့အရင်းအနှီးဈေးကွက်ကို အများပြည်သူ ယုံကြည်လာရန် အတွက် ပွင့်သစ်စမှ မည်သို့ ပံ့ပိုးပေးနိုင်သနည်း။**

## အချိန်ကာလဝါးနစ်သက်တမ်းရှိပြီဖြစ်သော ပွင့်သစ်စ

ပွင့်သစ်စအစီရင်ခံစာသည် MCRB ၏ ကျော်ကြားသော အစီရင်ခံစာများထဲမှ တစ်ခုဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော အစီရင်ခံစာအား[5] ဝက်(ဘ်)ဆိုဒ်မှတစ်ဆင့် အကြိမ်ရေ (၂၀၀၀) ကျော်တိုင်အောင် ဒေါင်းလုဒ်လုပ်ခဲ့ပြီး ပွင့်သစ်စ အစီရင်ခံစာစာအုပ်ပေါင်း (၂၀၀၀) ခန့်အား ပတ်သက်ဆက်နွယ်သူများ၊ နိုင်ငံခြားကုမ္ပဏီများ၊ မြန်မာကုမ္ပဏီများ၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးများနှင့် အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရက်ဖက်လူမှုအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။ မီဒီယာများမှလည်း ဤအစီရင်ခံစာကို သတင်းဖော်ပြမှုအများအပြားရှိသည့်အပြင် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများက ဤအစီရင်ခံစာအား ရည်ညွှန်းချက်တစ်ခုအနေနှင့်လည်း ကိုးကားအသုံးပြုလျှက်ရှိပါသည်။ ရမှတ်မြင့် မြန်မာကုမ္ပဏီများကလည်း Euromoney နှင့် LawASIA အစရှိသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံများတွင် ပွင့်သစ်စအစီရင်ခံစာအကြောင်း အများသိစေရန် မျှဝေသလို နှစ်အလိုက် အစီရင်ခံစာများနှင့် ဝက်(ဘ်)ဆိုဒ်များတွင်လည်း ဆွေးနွေးဖော်ပြကြပါသည်။

၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် ထုတ်ဝေသည့် အစီရင်ခံစာများတွင် MCRB အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှု[6] စသည်တို့ကို အဓိကထားသော နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်း (TI) ၏ (TRAC) အစီရင်ခံခြင်းပေါ်မူတည်၍ ကုမ္ပဏီများ၏ ဝက်(ဘ်)ဆိုဒ်များအား အမှတ်ပေးခဲ့သည်။ ပွင့်သစ်စအစီရင်ခံစာအား ၂၀၁၇ ခုနှစ်တွင် ရပ်နားထားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် Yever နှင့်အတူ တွဲဖက်ဆောင်ရွက်ခဲ့သည် (ဇယား - ၂ ကို ကြည့်ပါ)။ ယခင်ကကဲ့သို့ပင် ကုမ္ပဏီများမှ အများပြည်သူသိရှိစေရန် အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များကို ဆန်းစစ်အမှတ်ပေးသည့်အပေါ် အခြေခံထားသော်လည်း ၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာသည် ကုမ္ပဏီမြောက်မြားစွာကို အမှတ်ပေးထားသည့်အပြင် စံသတ်မှတ်ချက်များကိုလည်း မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လျော်ညီစွာ ပထမဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ပါသည်။ အထူးသဖြင့် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN Corporate Governance Scorecard-ACGS)[7] ကို အသုံးပြု၍ ကုမ္ပဏီများကို အမှတ်ပေးထားပါသည်။

အေစီဂျီအက်(စ်) (ဇယား - ၅ ကို ကြည့်ပါ) သည် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် အာဆီယံဒေသတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အစပြုဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီး ယင်းဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(CBM) က အဖွဲ့ဝင်ဖြစ်ထားသော အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ASEAN Capital Markets Forum) ၏ ဒေသတွင်းဆိုင်ရာ ကနဦးဆောင်ရွက်ချက်တစ်ရပ် ဖြစ်ပါသည်။ အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု

---

5 ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ တွင် ၂၀၁၈ ခုနှစ် အစီရင်ခံစာ (အင်္ဂလိပ်ဘာသာ)ကို ဝက်(ဘ်)ဆိုဒ်မှတစ်ဆင့် ဒေါင်းလုပ်ပြုလုပ်သည့် အကြိမ်ရေပေါင်း ၁၈၃၁ ကြိမ်ရှိပြီး မြန်မာဘာသာကို ၃၉၆ ကြိမ်ရှိခဲ့သည်။

6 ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ပွင့်သစ်စအစီရင်ခံစာတို့ကို MCRB က နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်များ၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့်အခွန်ကိစ္စရပ်များပါဝင်သော Transparency In Corporate Reporting: Assessing Emerging Market Multinationals ကို ဆီလျော်မှုရှိစေရန် ပြန်လည်ဆောင်ရွက်ထားရှိသည်။ MCRB သည် TI ၏ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းကို သင့်လျော်သလို ပြန်လည် ပြုပြင်ထားပြီး အခွန်ကိစ္စရပ်များကိုဖယ်ထုတ်ကာလူ့အခွင့်အရေးဆိုင်ရာစံနှုန်းသတ်မှတ်ချက်မေးခွန်းများကိုထပ်မံပေါင်းထည့်ထားသည်။

7 ASEAN Corporate Governance Scorecard, အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၊ မေလ ၂၀၁၇ ခုနှစ်။

ရမှတ်မှတ်တမ်းဆိုင်ရာ စံသတ်မှတ်ချက်များကို ပွင့်သစ်စအတွက် ပြောင်းလဲအသုံးပြုရခြင်း အကြောင်းရင်းမှာ အာဆီယံစီးပွားရေးအသိုက်အမြုံတွင် မြန်မာ့စီးပွားရေး ပိုမိုဝင်ဆံ့ရန် ဆောင်ရွက်နေခြင်းများ၊ အေစီဂျီအက်(စ်) စံသတ်မှတ်ချက်များကို အသုံးပြုနေသော သင်တန်းများနှင့် အခြားသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုဆိုင်ရာ အစပြု ဆောင်ရွက်ချက်များ စသည်တို့ကို ထင်ဟပ်စေလိုသောကြောင့်ဖြစ်ပြီး၊ သို့မှသာလျှင် သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းများ ကြုံတွေ့နေရသော အခက်အခဲများနှင့် စိုးရိမ်ပူပန်မှုများကို လျော့ကျနိုင်မည် ဟူသော ရည်ရွယ်ချက်ကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၄ - ၂၀၁၆ ခုနှစ်တွင် ထွက်ရှိထားသော ပွင့်သစ်စအစီရင်ခံစာများနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုအစီရင်ခံစာတွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းအား ပြောင်းလဲအသုံးပြုခြင်းကြောင့် ကုမ္ပဏီများ၏ လူ့အခွင့်အရေးအပါအဝင် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာစီမံအုပ်ချုပ်မှု (ESG) ဆိုင်ရာ အကြောင်းအရာများ လျော့နည်းသွားသည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းသည် ထိုအကြောင်း အရာများနှင့် ပတ်သက်လျှင် အားနည်းသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူမှုပတ်ဝန်း ကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှု (ESG) နှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပတ်သက်ဆက်နွှယ်သူများ၏ စိတ်ဝင်စားမှုက အလွန်အားကောင်းနေပြီး၊ အထူးသဖြင့် ရခိုင်အရေးကိစ္စကြောင့် ပြင်ပရင်းနှီးမြှုပ်နှံသူများနှင့် အခြားသော ပတ်သက် ဆက်နွှယ်သူများမှာ ထိုအကြောင်းအရာများကို ပိုမိုစိတ်ပါဝင်စားလျက်ရှိကြသည်။ သို့ဖြစ်၍ MCRB နှင့် Yever က ၂၀၁၈ ခုနှစ်တွင် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ခြုံငုံမိသည့် ထပ်တိုးစံသတ်မှတ်ချက် များအား ထပ်မံပေါင်းထည့်ပေးထားပြီး ယခု ၂၀၁၉ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာတွင်လည်း ၎င်းတို့ကို ပိုမိုခြုံငုံမိစေရန်အတွက် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံ အုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံခြင်းတို့ကို အလေးပေး လုပ်ဆောင်ထားပါသည်။

## ယုံကြည်မှုတည်ဆောက်ခြင်း

မြန်မာနိုင်ငံ၏ လက်ရှိ လူမှုဆက်ဆံရေးဆိုင်ရာ ယုံကြည်မှုအနေအထားအရ တစ်ဦးနှင့် တစ်ဦး အချင်းချင်းယုံကြည်ရန်ခက်ခဲသော အခြေအနေကို ကြုံတွေ့နေရသည်။ လတ်တ လော လေ့လာဆန်းစစ်ချက်အရ မြန်မာလူမျိုး (၇၇) ရာခိုင်နှုန်းမှာ "အခြားလူများနှင့် ဆက်ဆံသည့်အခါ အလွန်သတိထားရသည်"ဟူ၍ ဖြေဆိုထားကြသည်ကို တွေ့ရပြီး (၁၈) ရာခိုင်နှုန်းသော လူဦးရေကသာလျှင် "လူအများစုအား ယုံကြည်လို့ရပါသည်"[8]ဟု ဖြေဆို ထားကြသည် (၂၀၁၄ ခုနှစ် ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်းနှင့် စင်ကာပူတို့တွင် (၃၂) ရာခိုင်နှုန်းသော လူဦးရေမှာ "လူအများစုအား ယုံကြည်လို့ ရပါသည်"ဟု ဖြေဆိုထားကြသော်လည်း မလေးရှားနိုင်ငံတွင်မှု (၈) ရာခိုင်နှုန်းသောသူ များကသာ အချင်းချင်းယုံကြည်ကြသည်ကို တွေ့ရသည်)။ [9]

ထိရောက်မှုရှိသည့် အရင်းအနှီးစျေးကွက်များ၊ အထူးသဖြင့် အများပိုင်ကုမ္ပဏီများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပွင့်လင်းမြင်သာမှုနှင့် လူအများမှ ၎င်းတို့အား ယုံကြည်ချက်ရှိမှုတို့ပေါ်တွင် မူတည်နေပါသည်။[10] မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး

8 Citizen's Mid-Term Perceptions of Government Performance, စာမျက်နှာ ၅၈, ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့ လှုပ်ရှားမှုအဖွဲ့၊ စက်တင်ဘာလ ၂၀၁၈ ခုနှစ်။

9 Interpersonal Trust Attitudes, ၂၀၁၄ ခုနှစ် World Value Survey။

10 Reset capital market, allow foreign competition to unleash growth: leaders, Myanmar Times, ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁။

ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မဟာဗျူဟာအချက် ၃.၅ (ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လက်လှမ်းမီလာရေးနှင့် ဘဏ္ဍာရေးစနစ် အားကောင်းခိုင်မာခြင်း) သည် ပွင့်လင်းမြင်သာမှုရှိခြင်း၏ အရေးပါပုံနှင့် အထူးသဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအား ထိထိရောက်ရောက် ကြီးကြပ်ခြင်းတို့ကို အသားပေးဖော်ပြထားသည်။ ဤအကြောင်းအရာများကို ၂၀၁၆ ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ[11] တွင် ညွှန်ကြားထားပါသည်။ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအောက်တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်တချို့ကိုလည်း ၂၀၁၉ မတ်လတွင် ထုတ်ပြန်ထားပါသည် (အောက်တွင်ကြည့်ပါ)။ ၂၀၁၉ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် (ဇယား ကွက် ၃ ကို ကြည့်ပါ) ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုနှင့်တစ်ခုကြားရှိ ပွင့်လင်းမြင်သာမှုကို ယှဉ်ပြိုင်ဆန်းစစ်ပေးထားပါသည်။ ၂၀၁၈ ခုနှစ် အစီရင်ခံအရ ကုမ္ပဏီအားလုံး၏ စုစုပေါင်းရမှတ် ပျမ်းမျှ (၇) ရာခိုင်နှုန်းရှိသည့်အချိန်တွင် ငွေရေးကြေးရေး အဖွဲ့အစည်းများက စုစုပေါင်း ပျမ်းမျှ (၁၀) ရာခိုင်နှုန်း ရရှိသည်ကို တွေ့ရသည်။ ၂၀၁၉တွင်မူ ကုမ္ပဏီအားလုံး၏ စုစုပေါင်းရမှတ် ပျှမ်းမျှ (၅) ရာခိုင်နှုန်းရှိချိန်တွင် ငွေရေးကြေးရေး အဖွဲ့အစည်းများက(၁၁) ရာခိုင်နှုန်းဖြစ်ရာ အတော်အတန် တိုးတက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။

ယုံကြည်မှုတည်ဆောက်နိုင်မည့် နည်းလမ်းတစ်ရပ်မှာ အရည်အသွေးပြည့်မီသည့် သတင်းတင်ပြမှုများကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ သတင်းထောက်များသည် ၎င်းတို့၏ အလုပ်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီများက တိကျသော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ ဥပမာတစ်ရပ်အနေဖြင့် Yangon Metropolitan Development Public Company[12] (ဇယား - ၁ ကို ကြည့်ပါ) အကြောင်းကို သတင်းရေးသားမိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Elevan Media တို့အကြားတွင် သဘောထားကွဲလွဲမှုများနှင့် သံသယများ ဖြစ်ပေါ်ခဲ့ရသည်။ MyCo ဝက်(ဘ်)ဆိုဒ်နှင့် အခြားအရင်းအမြစ်များမှနေ၍ ကုမ္ပဏီများ၏ သတင်းအချက်အလက်များကို ပိုမိုရယူလာနိုင်သည်နှင့်အမျှ သတင်းထောက်များအတွက်လည်း စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းတင်ပြမှုကဏ္ဍကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာမည် ဖြစ်သည်။ ထို့အပြင် သတင်းထောက်များနှင့် ကုမ္ပဏီများတွင် မီဒီယာနှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများကို ထမ်းရွက်နေသော ပြန်ကြားရေးနှင့် ဆက်ဆံရေးဝန်ထမ်းများအားလည်း သင်တန်းများ ဆက်လက်ပေးရန်လိုအပ်မည် ဖြစ်ပါသည်။[13]

11 ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ။

12 Yangon Govt Sues Eleven Media for Offenses Against the State, Irrawaddy, ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်။

13 See Who's Running the Company: A Guide to Reporting on Corporate Governance, ကို ကြည့်ပါ။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း ၂၀၁၂။

14 Eleven media journalists refuse to apologise, ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် Radio Free Asia

15 https://opencorporates.com/companies/mm/5533-2016-2017(YGN)

16 Board Of Director Meeting Of Yangon Metropolitan Development Public Co., Ltd, ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်၊ ရန်ကုန်တိုင်းနှင့်ပတ်သက်သည့် သတင်းကဏ္ဍ။ 'Attending to the Meeting of Yangon Metropolitan Development Public Co', ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်။

17 Huge government housing project hits turbulence in Dagon Seikkan, ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ရက်၊ Frontier Magazine.

## ဇယား - ၁။ ကော်ပိုရိတ်ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှု - Yangon Metropolitan Development Company

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က Eleven Media Group မှ သတင်းထောက် (၃) ဦးအား အစိုးရနှင့်ပတ်သက်သော "မမှန်မကန် သတင်းအချက်အလက်များ" ကို ရေးသားဖော်ပြခဲ့သည်ဟုဆိုကာ အမြင့်ဆုံး ထောင်ဒဏ် (၂) နှစ်ထိ အမိန့်ချမှတ်နိုင်သော နိုင်ငံတော်အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ဖမ်းဆီး တရားစွဲဆိုကာ အင်းစိန်ထောင်တွင် ထိန်းချုပ်ခဲ့သည်။ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချမှုများကြောင့် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား အဆိုပါဖြစ်စဉ်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှတစ်ဆင့် တိုင်ကြားဖြေရှင်းရန် လမ်းညွှန်ခဲ့သည်။ နောက်ဆုံးတွင် သတင်းထောက်များအား လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ၎င်းတို့အား ပြန်လည်တောင်းပန်ရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း သတင်းထောက်များက အဆိုပါ သတင်းရေးသားမှုမှာ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏အစီရင်ခံစာအပေါ် တိုင်းလွှတ်တော်ကိုယ်စားလှယ်၏ဆွေးနွေး ထောက်ပြချက်များအား တိတိကျကျညွှန်းဆို၍ သတင်းရေးသားထားသည်ဖြစ်သောကြောင့် ပြန်လည်တောင်းပန်ရန် ငြင်းဆို ခဲ့ကြသည်။

အဓိကအကြောင်းမှာ Yangon Metropolitan Development Public Company ၏ အစုရှယ်ယာ သဘောသဘာဝနှင့် အထူးသဖြင့် ရှယ်ယာ (၆၀၀၀၀၀ ကျော်မှာ ရန်ကုန်တိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၏ အမည်ပေါက်နှင့် ဖြစ်နေသည်ဟု Eleven Media က ရေးသားဖော်ပြထားသောကြောင့်ဖြစ်သည်။[14] ဦးမြင့်သောင်းသည် ထိုရှယ်ယာများကို အစိုးရကိုယ်စားလှယ်အနေဖြင့် ထိန်းသိမ်းထားခြင်းသာဖြစ်ကြောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရှင်းလင်းခဲ့သော် လည်း ကုမ္ပဏီအစုရှယ်ယာများ၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစုရှယ်ယာဆိုင်ရာ အသေးစိတ် အချက် အလက်များကို ပြည်သူလူထုထံသို့ အပြည့်အဝချပြခြင်း မရှိသေးပေ။ သတင်းမီဒီယာများတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့က အစုရှယ်ယာ စုစုပေါင်း(၅၁)ရာခိုင်နှုန်း ပိုင်ဆိုင်သည်ဟု အစောပိုင်းကာလများတွင် ဖော်ပြထားသော်လည်း ယင်း ပမာဏထက် ပိုမိုများပြားနိုင်သည်ဟု လူအများက ယုံကြည်ကြသည်။

Yangon Metropolitan Development Public Company သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၌ ၂၀၁၇ ခုနှစ်၊ မတ်လတွင် မှတ်ပုံတင်ထားပြီး ကုမ္ပဏီ၏ဒါရိုက်တာ (၁၀) ဦးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးမှ အစိုးရအရာရှိကြီးများနှင့် မြန်မာနိုင်ငံ ဆောက် လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEA) မှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည်။ Dagon Group ၏ ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းအောင်မှာ အတွင်းရေးမှူးဖြစ်ပြီး ဘုတ်ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်သည်။ Yangon Metropolitan Development Public Company ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် ၁၉၅၀ အထူးကုမ္ပဏီ အက်ဥပဒေအရ အများပိုင် ကုမ္ပဏီအဖြစ် ပြန်လည်မှတ်ပုံတင်ခဲ့ပါသည်။ ထို့အပြင် ဒါရိုက်တာ (၁) ဦးကို ထပ်မံထည့်သွင်းခဲ့ပြီး (ကုမ္ပဏီဒါရိုက်တာ စုစုပေါင်း ၁၁ ဦး) တစ်ချိန်တည်းမှာပင် ဝန်ကြီးများ၏နေရာတွင် အစိုးရအရာရှိများက ဝင်ရောက်အစားထိုးခဲ့သည်။

၂၀၁၇ ခုနှစ်၊ မတ်လကတည်းက အများပိုင်ကုမ္ပဏီအဖြစ် တည်ရှိနေသော Yangon Metropolitan Development Public Company သည် လတ်တလောကာလအထိ အင်တာနက် (သို့မဟုတ်) ဆိုရှယ်မီဒီယာတွင် သတင်းအချက်အလက် ဖော်ပြခြင်း မျိုး မတွေ့ရှိရသေးပါ။ ဖော်ပြပါ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များကို သတင်းမီဒီယာဖော်ပြချက်များ၊ MyCo DICA ၏ ကုမ္ပဏီ အွန်လိုင်းမှတ်ပုံတင်စာရင်းနှင့် opencorporates.com[15] တို့မှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝက်(ဘ်)ဆိုဒ်တွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရှယ်ယာအချက်အလက်များကို ဖော်ပြထားခြင်း မရှိပါ။ ထို့အပြင် အဆိုပါဝက်(ဘ်)ဆိုဒ်တွင် ဖော်ပြထားသော Yangon Metropolitan Development Public Company ဆိုင်ရာ အချက် အလက်များမှာလည်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ၏ ဝက်(ဘ်)ဆိုဒ်တွင် ဖော်ပြထားပြီးသော အကြောင်းအရာများသာ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် Yangon Metropolitan Development Public Company ၏ ဘုတ်အဖွဲ့အစည်းအဝေးများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (YRIC) ၏ ဝက်(ဘ်)ဆိုဒ်တွင် ဖော်ပြထားသော်လည်း အသေးစိတ်အချက်အလက်များ မပါဝင်ပါ[16]။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသည့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုပေးနိုင်သော အဖွဲ့အစည်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုချက် ပေးခြင်း/ထိန်းကျောင်းပေးခြင်း တာဝန်ဝတ္တရားရှိသောကြောင့် ကုမ္ပဏီ၏ သတင်းအချက်အလက်များကို ထုတ်ပြန်ရန် ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ၏ ဝက်(ဘ်)ဆိုဒ်ကို အသုံးပြုခြင်းသည် သင့်တော်မှုမရှိပေ။

အကယ်၍ Yangon Metropolitan Development Public Company တွင် ရှယ်ယာအစုရှင် (၁၀၀) ဦးထက် ကျော်လွန်ပါက ကုမ္ပဏီသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ (အောက်တွင် ကြည့်ပါ) စည်းမျဉ်းစည်းကမ်းများကို တရားဝင်လိုက်နာပြီး ၎င်း၏ ဝက်(ဘ်)ဆိုဒ်တွင် ကော်ပိုရိတ်အုပ်ချုပ်စီမံမှုဆိုင်ရာ အကြောင်းအရာများကို ထုတ်ပြန်ရန် လိုအပ်မည်ဖြစ်ပါသည်။ မည့်သည့်အခြေအနေတွင်မဆို ထိုသို့ဆောင်ရွက်ခြင်းသည် ကောင်းသော အလေ့အထတစ်ရပ်ပင် ဖြစ်သည်။ Yangon Metropolitan Development Public Company ဆိုင်ရာ အချက်အလက်များ ယုံကြည်အားကိုးလောက်အောင် မရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သတင်းမီဒီယာအဖွဲ့အစည်းများကြားတွင် ယုံကြည်မှုကင်းမဲ့ပြီး မီဒီယာအနေနှင့် ကုမ္ပဏီအားဝေဖန်သည့် သဘောသက်ရောက်သော သတင်းရေးသားမှုမျိုး ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်[17]။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Eleven Media တို့ကြားရှိ သဘောထားကွဲလွဲမှုများမှာ ယနေ့အချိန်တိုင်အောင် ပြေလည်မှုမရရှိသေးပေ။

## ဇယား - ၂။ MCRB နှင့် Yever ပူးပေါင်းလုပ်ကိုင်မှု။

**Yever သည် မည်သူနည်း။** [18]

၂၀၁၈ ခုနှစ်တွင် MCRB သည် မြန်မာပြည်အခြေစိုက်၊ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးဆိုင်ရာ အကြံပေးကုမ္ပဏီသစ်ဖြစ်သော Yever နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ Yever ၏ ဒါရိုက်တာဖြစ်သော Nicolas Delange ကလည်း မြန်မာကုမ္ပဏီများအတွက် ရေရှည်တည်တံ့ခိုင်မြဲရေးညွှန်းကိန်း စံသတ်မှတ်ချက်များကို နှစ်အတန်ကြာ ပြုစုဆောင်ရွက်နေသူဖြစ်သည်။ Nicolas Delange သည် (SECM) ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမှတ်စာရင်း ရမှတ်မှတ်တမ်းကို အစပျိုးလုပ်ဆောင်နိုင်ရန် ICF အား ကူညီပေးလျက်ရှိသည်။

**သက်ဆိုင်ရာလုပ်ငန်းတာဝန်များ**

၂၀၁၉ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် စစ်ဆေးအကဲဖြတ်မည့်ကုမ္ပဏီများအား စီမံချက်ကာလအတွင်း ဆက်သွယ်သတင်းပေးပို့မှု၊ ချိတ်ဆက်ဆောင်ရွက်မှုများကို ၂၀၁၈ ကဲ့သို့ပင် MCRB က ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီတစ်ခုချင်း၏ စစ်ဆေးအကဲဖြတ်ခြင်းများကို Yever မှ (ရက်ပေါင်း ၁၅၀ ခန့် အခမဲ့) လုပ်ဆောင်ပေးပြီး အကြမ်းဖျင်း ရမှတ်များပေါ်မူတည်၍ အကဲဖြတ်ဝေဖန်မှုများကို ပြုစုခဲ့ပါသည်။ ကုမ္ပဏီများသို့ ၎င်းရမှတ်မူကြမ်းများအား ပေးပို့ခဲ့သလို ကုမ္ပဏီများမှ မေးမြန်းမှုများရှိသည့်အခါတွင် MCRB နှင့် Yever မှ ရမှတ်များနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အကြံပေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

**အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များအား ထုတ်ဖော်ကြေညာခြင်း**

Yever သည် ၂၀၁၉ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ (၅) ခု ဖြစ်သည့် City Mart Holdings Limited၊ Shwe Taung Group နှင့် Grand Guardian Insurance (GGI)၊ MTSH နှင့် Myan Shwe Pyi Tractors တို့အတွက် အကြံပေးအဖြစ် လုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားမှုများမရှိစေရန်အတွက် အဆိုပါကုမ္ပဏီများ၏ နောက်ဆုံးရလာဒ်များအား MCRB မှ ထပ်မံစစ်ဆေးခဲ့ပါသည်။ အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများအား တူညီသည့် သတင်းအချက်အလက်များကိုသာပေးခဲ့ပြီး ဆွေးနွေးတိုင်ပင်ရန်အတွက်လည်း တူညီသော ကမ်းလှမ်းမှုများကို ပြုလုပ်ခဲ့သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလထက် အချိန်ပိုမိုလိုအပ်ပါကလည်း ညှိနှိုင်းပေးခဲ့ပါသည်။

18 https://www.bcorpasia.org/myanmar

## ဇယား - ၂။ အဆက် ...

**အပြောနှင့်အလုပ် ကိုက်ညီအောင်လုပ်ဆောင်ခြင်း**

MCRB နှင့် Yever သည် စစ်တမ်းပါ အခြားကုမ္ပဏီများကဲ့သို့ပင် ၎င်းတို့ဝက်(ဘ်)ဆိုဒ်တွင် ဖော်ထုတ်ပြသထားသည့် သတင်းများအပေါ်အခြေခံ၍ ကိုယ်ပိုင်စိစစ်အကဲဖြတ်မှု ပြုလုပ်ခဲ့ပါသည်။ MCRB အတွက် ယေဘုယျရမှတ်မှာ (၁၅) ရာခိုင်နှုန်းဖြစ်ပြီး အဆင့် (၂၀) နေရာတွင်ရှိ၍ Yever အနေဖြင့် (၁၃) ရာခိုင်နှုန်း ရရှိခဲ့ပြီး အဆင့် (၂၂) ခုမြောက်တွင် ရှိပါသည်။ စစ်တမ်းကောက်ယူသည့်မေးခွန်းများသည် အကြီးစားကုမ္ပဏီများအတွက် ရည်ရွယ်ထားသော်လည်း အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN CG Socrecard) သည် အသေးစားကုမ္ပဏီများအတွက်ပါ အသုံးဝင်ကြောင်း တွေ့ရှိရပါသည် (MCRB တွင် ဝန်ထမ်း (၁၇) ဦးသာရှိပြီး Yever တွင် ဝန်ထမ်း (၄) ဦးသာ ရှိသည်)။ Yever သည် မြန်မာနိုင်ငံရှိ ပထမဆုံးသော certified B Corp အဖွဲ့ဝင်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းတို့ကို လေးလေးနက်နက်ဖော်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

### လက်တွေ့တွင်မရှိသည့် ဟန်ပြအခြေအနေကိုဖော်ပြခြင်း

ကောင်းမွန်ပြည့်စုံသည့် ဝက်(ဘ်)ဆိုဒ်များဟု ထင်ကြေးပေးခံရရန်သာ လုပ်ဆောင်နေပြီး အခြားနေရာမှ "တိုက်ရိုက်ကူးယူဖော်ပြထားသော" မူဝါဒများကို ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ထုတ်ပြန်ကြေညာထားသော်လည်းအမှန်တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းမရှိသည့်အပြင် လက်ရှိအခြေအနေထက် ဟန်ပြအခြေအနေကိုသာ ဦးစားပေးသည့် ကုမ္ပဏီများအား အခြားရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အညွှန်းကိန်းများကဲ့သို့ပင် ပွင့်လင်းမြင်သာမှု စစ်ဆေးမှုများတွင်လည်း ဖော်ပြခံရပြီး ထိုကုမ္ပဏီများအပေါ် ဘက်လိုက်မှုရှိသည်ဟု ဝေဖန်ခံရသည်။ ယင်းကို ဖြေရှင်းရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးရာစီမံအုပ်ချုပ်မှု (ESG)၊ ရေရှည်တည်တံ့ခိုင်မြဲမှုအပြင် ၎င်းနှင့် ကုမ္ပဏီ၏စီးပွားရေးမူပုံစံအားဖြင့် ဆက်နွယ်မှုနှင့် ပတ်သက်သည့် စွမ်းဆောင်မှုဆိုင်ရာ စံသတ်မှတ်ချက်များကို ယခုနှစ် ၂၀၁၉ ပွင့်လင်းမြင်သာမှုစစ်ဆေးမှုတွင် ထပ်မံ ထည့်သွင်းပေးထားပါသည်။ ယင်းတို့ကို အခြားနာမည်ကျော် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အညွှန်းကိန်းများဖြစ်သည့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (IR) နှင့် ကမ္ဘာ့အဆင့် အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက်ဆိုင်ရာ စံနှုန်းများ (GRI) အား အခြေတည်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ ၂၀၁၉ ခုနှစ်ရမှတ်များအတွက် စွမ်းဆောင်ရည်ရမှတ်များဖြစ်သည့် လုံခြုံရေးဆိုင်ရာ ထိခိုက်မှုများ၊ တိုင်ကြားမှုများ စသည်တို့အား ကိုင်တွယ်ဖြေရှင်းပုံကို ဖော်ပြထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို ပိုမိုသိသာစွာ အမှတ်ပေးထားပါသည်။ စွမ်းဆောင်ရည်စံသတ်မှတ်ချက်များကို ထည့်သွင်းခြင်းသည် ယခင်တည်းက ရမှတ်မြင့်သော ကုမ္ပဏီများဖြစ်သည့် FMI (Yoma Group)၊ CityMart၊ Max နှင့် Shwetaung အဖွဲ့အစည်းများအတွက် အပြုသဘောဆောင်သော တွန်းအားဖြစ်သည့်အပြင် ရမှတ်မြင့်ကုမ္ပဏီများစာရင်းသို့ ဝင်ရောက်လာသော UAB ကဲ့သို့ ကုမ္ပဏီအသစ်များအတွက်လည်း တွန်းအားတစ်ရပ်ဖြစ်စေပါသည်။ သို့သော်လည်းပဲ ယခုအစီရင်ခံစာမှာ မြန်မာဥပဒေအရ လိုအပ်ချက်တစ်ရပ် မဟုတ်နေသည့်အပြင် အတွေးအမြင်အသစ်ဖြစ်ပြီး မြန်မာကုမ္ပဏီအများစုအတွက် လုပ်ဆောင်ရန်အတွက်လည်း အခက်အခဲရှိနေသောကြောင့် ၂၀၁၉ ရမှတ်စနစ်အရ စုစုပေါင်း ပျမ်းမျှရမှတ်မှာ (၇) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်းကို တွေ့ရှိရပါသည်။ သို့သော်လည်းပဲ ပကတိသတင်းထုတ်ပြန်ချက်များမှာမူ တိုးတက်လာကြောင်းကို တွေ့ရှိရပါသည်။

စွမ်းဆောင်ရည်စံသတ်မှတ်ချက်များကို ပိုမိုထည့်သွင်းခြင်းသည် မည်သည့် ကုမ္ပဏီပိုင်ရှင်များ/ CEO များက လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် စီးပွားရေးကျင့်ဝတ်များဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုတို့ကို ပိုမိုအလေးပေးလုပ်ဆောင်သနည်းဟူသော အခန်းကဏ္ဍကို အလေးပေးဖော်ပြလိုသောကြောင့် ဖြစ်သည်။ ထို့အပြင် ပွင့်သစ်စအဖွဲ့နှင့် ကုမ္ပဏီများ၏ပူးပေါင်းဆောင်ရွက်မှုများကြောင့် အထက်ပါလုပ်ဆောင်မှုများသည်လည်း ပိုမိုပေါ်လွင်လာသည်ဟု သတ်မှတ်နိုင်ပါသည်။ ရမှတ်မြင့် ကုမ္ပဏီများတွင် လိုက်နာမှုရှိခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးရာစီမံအုပ်ချုပ်မှုနှင့် လူ့အရင်းအမြစ်ရေးရာ ဌာနများ အသီးသီးရှိကြသည့်အပြင် ကုမ္ပဏီအတွင်းရေးမှူးအထိပင် ခန့်အပ်ထားကြသည်ကို တွေ့ရပြီး MCRB နှင့် Yever တို့နှင့်လည်း ပူပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ရမှတ်နိမ့်ကုမ္ပဏီများတွင်မူ ကုမ္ပဏီ၏ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကြောင်းအရာကို ဗဟုသုတနည်းပါးနေသေးသော ပြည်သူ့ဆက်ဆံရေးအဖွဲ့များကိုသာ ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

## မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီ ပွင့်လင်းမြင်သာမှုဆိုင်ရာ စီးပွားရေးကဏ္ဍ အကြောင်းအရာ

ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုသည် တန်ဖိုးဖော်ထုတ်ဖန်တီးရန်အတွက် အခြေခံကျသောနည်းလမ်းတစ်ရပ်ဖြစ်သည်။ ဤအချက်ကိုအခြေခံတည်၍လုပ်ငန်းဆောင်ရွက်နေသည့် မြန်မာကုမ္ပဏီများသည် ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ လက်ခံရရှိခြင်း အခွင့်အလမ်းအပါအဝင် လက်ရှိဈေးကွက်အခြေအနေ၌ အောင်မြင်မှုများရရှိကြသည်။ များပြားသော စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများအား ဖယ်ရှားခြင်းနှင့် ၂၀၁၇ ခုနှစ် ကုမ္ပဏီများ ဥပဒေအောက်ရှိ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတွင်းတွင် ပုဂ္ဂလိကငွေကြေးရှယ်ယာပိုင်ဆိုင်မှုအပါအဝင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ကဲ့သို့သော ဘဏ္ဍာရေးဖွံ့ဖြိုးမှုအဖွဲ့အစည်းများကိုလည်း ခွင့်ပြုပေးခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းတစ်ရပ် ပေးအပ်နိုင်ရန်အလို့ငှာ မြန်မာကုမ္ပဏီများသည် နိုင်ငံခြားဘဏ်များမှ ငွေချေးမှုများ ပြုလုပ်နိုင်သည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပြန်ကြေညာခဲ့သည်။[19] သို့ရာတွင်အဆိုပါပုဂ္ဂိုလ်များနှင့် အခြားငွေကြေးရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရသော အန္တရာယ်များ တတ်နိုင်သလောက်လျော့ပါးစေရေးအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာကျင့်ဝတ်များအား ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထိပ်တန်းဦးဆောင် ကုမ္ပဏီကြီးများသည် အဆိုပါအချက်ကို သတိပြုမိကြပြီး ယင်းတို့ထဲမှ တော်တော်များများတွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ကလည်း ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) မှ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ၏ ပျမ်းမျှရမှတ်မှာ (၃၈) ရာခိုင်နှုန်းဖြစ်ပြီး ဆန်းစစ်အမှတ်ပေးထားသော ကုမ္ပဏီများအားလုံး၏ ပျမ်းမျှရမှတ်ထက်(၈)ဆနီးပါး ပို၍များပြားလျက် ရှိပါသည်။

ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရန်အတွက် ဌာနတွင်း စီးပွားရေးအကြောင်းအရာလည်း ရှိပါသည်။ ပွင့်လင်းမြင်သာမှုရှိသည့် ကုမ္ပဏီများမှာ ဝန်ထမ်းများကို ခန့်အပ်ခြင်း၊ လေ့ကျင့်ပေးခြင်း၊ အရည်အချင်းပြည့်မီသည့် ဝန်ထမ်းများ ခန့်အပ်ရရှိနိုင်ရေးနှင့် ဝန်ထမ်းများ ရေရှည်စွာလုပ်ကိုင်နိုင်ရေးတို့ကို ထောက်ပံ့ပေးပါသည်။ အကြောင်းရင်းမှာ အရည်အချင်းပြည့်မီသည့် ဝန်ထမ်းရရှိရေးနှင့် အဆိုပါ ဝန်ထမ်းတည်မြဲရေးသည် မြန်မာကုမ္ပဏီအများအပြားမှ ရင်ဆိုင်နေရသော အခက်အခဲတစ်ခုဖြစ်သည်။

19 Central Bank greenlights corporate loans by foreign banks, Frontier Magazine, ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက်

ထို့အပြင် ဝက်(ဘ်)ဆိုဒ်နှင့် Facebook စာမျက်နှာများသည် ကုမ္ပဏီများအတွက် ၎င်းတို့ဝန်ထမ်းများ၊ ဝယ်ယူစားသုံးသူများနှင့် ဆက်သွယ်ရန်၊ သတင်းအချက်အလက်များ ဖြန့်ဝေရန်နှင့် ပိုမိုဆွဲဆောင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သတင်းရင်းမြစ်များ ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် မိမိတို့ကုမ္ပဏီ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ နောက်ဆုံးထုတ်ပြန်ထားသည်တို့ကို ကုမ္ပဏီဝ(ဘ်)ဆိုဒ်မှတစ်ဆင့် လွယ်ကူစွာ သိရှိနိုင်ခြင်းအားဖြင့် လုပ်ငန်းခွင်တွင် အဆိုပါ တာဝန်ယူမှုရှိသော အလေ့အကျင့်များကို လက်တွေ့တွင် ပိုမိုအသုံးချလာနိုင်ဖွယ်ရှိသည်။ ဝန်ထမ်းများသည် ပြင်ပအကျိုးသက်ဆိုင်သူများနှင့် ဆက်သွယ်တွေ့ဆုံသည့်အခါတွင်လည်း ကုမ္ပဏီအတွက် ပိုမိုကောင်းမွန်သော သံတမန် (ကိုယ်စားလှယ်) များ ဖြစ်လာနိုင်ပါသည်။ ဇယား (၁) တွင် Yangon Metropolitan Development Public Company အကြောင်း ဆွေးနွေးခဲ့သလိုပင် ကုမ္ပဏီတစ်ခုသည် မှန်ကန်သည့် သတင်းအချက်အလက်များအား ၎င်း၏ ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ရေးသားဖော်ပြခြင်းဖြင့် သတင်းမီဒီယာများက ကုမ္ပဏီ၏ဆောင်ရွက်ချက်များအား လွယ်ကူစွာသိရှိနိုင်သဖြင့် ပိုမိုမှန်ကန်တိကျသည့် သတင်းဖော်ပြမှုများလည်း ရှိလာမည် ဖြစ်သည်။

ဤအကဲဖြတ်သုံးသပ်မှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်သောကြောင့် အချို့ကုမ္ပဏီငယ်များသည်လည်း ပွင့်သစ်စစစ်တမ်းတွင် ပါဝင်ရန် ကမ်းလှမ်းလာကြသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစ၍ Irrawaddy Green Towers သည် အကဲဖြတ်မှုတွင် ပါဝင်လာသည့် ပထမဆုံးကုမ္ပဏီတစ်ခုဖြစ်ပြီး ယခု ၂၀၁၉ အစီရင်ခံစာတွင်လည်း ထပ်မံပါဝင်လာသည်။[20]

## ကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုနှင့် လုပ်ဆောင်ချက်များ တိုးတက်လာစေရန် ပံ့ပိုးခြင်း

မြန်မာကုမ္ပဏီအများအပြားသည် အုပ်ချုပ်မှုဆိုင်ရာစွမ်းရည်နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်ချက်များတွင် အားနည်းချို့ယွင်းချက်များရှိသည်။ အစုရှယ်ယာရင်းနှီးမြှုပ်နှံသူတစ်ဦးက MCRB သို့ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ရင်းနှီးမြှုပ်နှံမှုဖို့ကုမ္ပဏီရှာတဲ့အခါ ကြုံရတဲ့ အခက်အခဲတစ်ခုကတော့ စီမံအုပ်ချုပ်မှုပိုင်းမှာ အကန့်အသတ်ရှိနေတာပါပဲ။ ကုမ္ပဏီတစ်ခုက အုပ်ချုပ်မှုပိုင်းမှာ စီမံအုပ်ချုပ်သူ ပညာရှင် (၁) ယောက် (၂) ယောက်ပဲရှိတာကို တွေ့ရှိရတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေက အဲဒီကုမ္ပဏီကို စီးပွားရေးဆိုင်ရာ တန်ဖိုးတွေလျှော့ချသတ်မှတ်ပြီး ရေရှည်နည်းဗျူဟာများ ချမှတ်နိုင်ပါ့မလားလို့လည်း သံသယရှိလာတယ်။ ကျယ်ပြန့်အားကောင်းတဲ့ ဘုတ်အဖွဲ့ရဲ့ အုပ်ချုပ်မှုရှိရင် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုနဲ့ မှတ်တမ်းတွေရှိတယ် ဆိုရင်တော့ အဲဒီ ကုမ္ပဏီကိုရင်းနှီးမြှုပ်နှံသူတွေနဲ့ ငွေထုတ်ချေးသူတွေက တန်ဖိုးမြှင့်သတ်မှတ်လေ့ရှိပါတယ်။ "[21]

အထက်ဖော်ပြပါအကြောင်းအရာများကို သိရှိနားလည်လာသည့် မြန်မာကုမ္ပဏီအများစုသည်လူ့အခွင့်အရေးလေးစားလိုက်နာခြင်းနှင့်စီးပွားရေးကျင့်ဝတ်ဖြောင့်မတ်တည်ကြည်မှုကို ဦးစားပေးထားသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များအား စတင် လုပ်ကိုင်လာကြသည်။ ကုမ္ပဏီများအနေဖြင့် အဆိုပါ လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာရှိ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်များအား စတင်ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ပြည်ပအကြံပေးများနှင့် နိုင်ငံတကာအတွေ့အကြုံရှိ နိုင်ငံခြားပြန် ပြည်တွင်းအကြံပေးများကို ခေါ်ယူခန့်အပ်ခြင်းများလည်း ရှိလာသည်။ ဤကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အကြောင်း

20 www.myanmar-responsiblebusiness.org/news/irrawaddy-green-towers-mini-pwintthit-sa.html

21 MCRB နှင့် ပုဂ္ဂိုလ်ရေးအရ သီးသန့်ပြောဆိုခြင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လ။

အရာများတွင် လိုအပ်သည့်အရင်းအမြစ်များကို ထည့်သွင်းလုပ်ဆောင်သူများသည် ယခုပွင့်သစ်စအစီရင်ခံစာတွင် အကောင်းဆုံးလုပ်ဆောင်နိုင်သူများ ဖြစ်ကြပါသည်။

မြန်မာဒါရိုက်တာများ အင်စတီကျူ (MIoD) တွင် ဆောင်ရွက်နေသည့် ဒါရိုက်တာသင်တန်း (Director Certification programme) သည် မြန်မာနိုင်ငံရှိ နယ်ပယ်အသီးသီးမှ ဦးဆောင်သူခေါင်းဆောင်များအား ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် သင်တန်းများပေး၍ စွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် အရေးပါသည့်အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေပါသည်။[22]

MCRB သည် လူ့အခွင့်အရေးများနှင့် စီးပွားရေးဆိုင်ရာ တည်ကြည်ဖြောင့်မတ်မှု စသည့် အခန်းကဏ္ဍများမှတစ်ဆင့် စီမံအုပ်ချုပ်မှုကို တိုးတက်စေရန် ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအား တစ်တပ်တစ်အား ထောက်ပံ့ပေးပါသည်။[23] MCRB သည် လက်စွဲစာအုပ်နှင့် အနှစ်ချုပ်စာတမ်းအမျိုးမျိုးတို့ကို မြန်မာဘာသာနှင့် ဘာသာပြန်နှစ်မျိုးလုံးဖြင့် ရေးသားထုတ်ဝေခြင်း(ဇယား - ၃ ကို ကြည့်ပါ) အပြင် စီးပွားရေးလုပ်ငန်းများအားလုံးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို အခမဲ့ကျင်းပပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ Presentation (တင်ပြမှု)များကိုလည်း MCRB ၏ ဝက်(ဘ်)ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ၂၀၁၈ ခုနှစ်တွင် MCRB နှင့်အတူ အခြားနိုင်ငံအသီးသီးမှ ဦးဆောင်အဖွဲ့အစည်းများက တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence)၊ လုပ်ငန်းခွင်ဆိုင်ရာ နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆွေးနွေးမှုများ (workplace dialogue) နှင့် အဂတိလိုက်စားမှု (corruption) စသည့်အကြောင်းအရာများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် သက်ဆိုင်သည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပခဲ့ပါသည်။[24]

## ဇယား - ၃။ စီးပွားရေးလုပ်ငန်းများအတွက် MCRB မှ ထုတ်ဝေပြီးသော လက်စွဲစာအုပ်များ

MCRB သည် စီးပွားရေးကျင့်ဝတ် ဖြောင့်မတ်တည်ကြည်မှုနှင့် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်များကို ထုတ်ဝေထားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း၊ မြန်မာ့ခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း၊ မြန်မာ့အိုင်စီတီကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းနှင့် မြန်မာ့သတ္တုတွင်းလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းစသည့် ကဏ္ဍအလိုက်သက်ရောက်မှုများအား ဆန်းစစ်ထားသည့် အစီရင်ခံစာများကိုလည်း ထုတ်ဝေထားပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ အလုပ်သမားအိမ်ရာများ၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ၊ အခြားတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်မှုများ၊ အသက်မွေးဝမ်းကျောင်းနည်းလမ်းများ၊ အလုပ်သမား အခွင့်အရေးများ၊ ပြန်လည်ကုစားခွင့်ရရှိခြင်း၊ အိမ်ရာကိစ္စရပ်များ၊ မြေရာသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားခြင်း၊ အများပြည်သူနှင့် လူထုဝန်ဆောင်မှုများ၊ ဘေးအန္တရာယ် ကြုံတွေ့နေရသည့် အုပ်စုများ၊ လူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း အစရှိသည့် အကြောင်းအရာများအတွက် မြန်မာ - အင်္ဂလိပ်ဘာသာနှစ်မျိုးစလုံးဖြင့် ရယူနိုင်သော အချက်အလက်စာစောင်များ (factsheets) ကိုလည်း ထုတ်ဝေထားပါသည်။

22 Myanmar's first directors certification course concludes, Myanmar Times, ၂၀၁၉ ခုနှစ် ဧပြီလ ၉ ရက်။

23 ကုမ္ပဏီများအတွက် အကျိုးတူပူးပေါင်းစွမ်းရည်မြှင့်တင်ပေးခြင်းသည် MCRB ၏ အလှူရှင်များမှ ငွေကြေးထောက်ပံ့ပေးထားသည့် အစီအစဉ်တစ်ခုဖြစ်သည်။ သို့သော် MCRB သည် ငွေကြေးဝန်ဆောင်ခများရယူ၍ အကြံပေးဆောင်ရွက်ခြင်းမျိုးမရှိပါ။ အဆိုပါငွေကြေးပေးဆောင်၍ အကြံဉာဏ်ဖလှယ်ခြင်းဝန်ဆောင်မှုမျိုးသည် မြန်မာနိုင်ငံဈေးကွက်တွင် ရှိပြီးသားဖြစ်သည်။

24 www.myanmar-responsiblebusiness.org/tags.html?tag=responsible+business+seminars

## ကျွမ်းကျင်အကြံပေးများနှင့် စာရင်းစစ်များ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အဆင့်မြင့်မားစေရန် ကုမ္ပဏီများကိုကူညီပံ့ပိုးပေးသော ကျွမ်းကျင်ပညာရှင်များ၊ အထူးသဖြင့် စာရင်းစစ်များ၏အရေးပါပုံကို အသိအမှတ်ပြုရန် အလွန်အရေးကြီးသည်။ ယုံကြည်ရသောစာရင်းစစ်များနှင့် စိတ်ချရသည့် အစီရင်ခံစာများ ရှိခြင်းသည်လည်း ဒါရိုက်တာအဖွဲ့က မိမိတို့၏ လုပ်ငန်းတာဝန်များအား အလေးထားလုပ်ဆောင်နိုင်ရန်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။

ထို့အပြင် စာရင်းစစ်ထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအတွက်လည်း ဥပဒေအရ စည်းမျဉ်းစည်းကမ်းတစ်ရပ် ရှိပါသည် (ပုဒ်မ ၂၆၀ (ခ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ)[25]။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၂၅၇ အရ "အသေးစားကုမ္ပဏီများ" မှအပ အခြားသော ကုမ္ပဏီအားလုံးသည် ၎င်းတို့၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုထိန်းသိမ်းရာတွင် ကျွမ်းကျင်လက်မှတ်ရ စာရင်းစစ်များဖြင့်သာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ချမှတ်ထားသော စံနှုန်းများနှင့်အညီ စာရင်းစစ်ခြင်းများအား ဆောင်ရွက်ရမည်ဟု ပါရှိပါသည် (ပုဒ်မ ၂၅၇ နှင့် ပုဒ်မ ၂၇၉)။ အများပိုင်နှင့် YSX စာရင်းဝင် ကုမ္ပဏီများအတွက်မူ အဆိုပါ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများအား မှတ်ပုံတင်အရာရှိထံ တင်ပြရန်လိုအပ်ပါသည် (ပုဒ်မ ၂၆၆ (က)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ)။

သင့်လျော်သောစံနှုန်းများနှင့် ကိုက်ညီအောင် ကျွမ်းကျင်ပညာရှင်များက တည်းဖြတ်ထားသည့်စာရင်းများသည် မြန်မာကုမ္ပဏီများမှ စာရင်းစစ်များအား လက်ရှိတွင် ပေးဆောင်နေသော အခကြေးငွေ (နှစ်စဉ်စာရင်းချုပ်တွင် ဖော်ပြထားသော စာရင်းစစ်ပညာရှင်များအား ပေးဆောင်နေသည့် အခကြေးငွေ)နှင့် နှိုင်းယှဉ်ကြည့်ပါက ပိုမိုငွေကြေးကုန်ကျမည် ဖြစ်သည်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့နှင့်အတူ ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းစိစစ်အကဲဖြတ်ထားသော ၂၀၁၇ ခုနှစ်က ထွက်ရှိလာသည့် Report on Observance of Standards and Codes (ROSC) အစီရင်ခံစာတွင် စာရင်းစစ်များ၏ အရည်အသွေး၊ စာရင်းစစ်ပညာရှင်များ၏ လွတ်လပ်စွာဆောင်ရွက်နိုင်မှုနှင့် အခကြေးငွေနိမ့်ကျမှုအစရှိသည့် ပြဿနာများကြောင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ဂယက်ရိုက်ခတ်နိုင်မှုရှိနိုင်ကြောင်းကို ဖော်ပြထားပြီး အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်[26]။

မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၁၈ အမိန့်ကြော်ငြာစာအရ ပြည်သူ့စာရင်းကိုင်များသည် အပြည်ပြည်ဆိုင်ရာ စာရင်းစစ်ခြင်းစံနှုန်းများ[27] ကို ၂၀၂၂/ ၂၀၂၃ ဘဏ္ဍာရေးနှစ်ကာလအထိ လိုက်နာဆောင်ရွက်ရမည်ဟု ညွှန်ကြားချက်ပါရှိသလို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က စာရင်းစစ်များကို အပြည်ပြည်ဆိုင်ရာစာရင်းစစ်ခြင်း စံနှုန်းများနှင့်အညီ လုပ်ဆောင်ကြရန် တိုက်တွန်းထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဘဏ်များကို စာရင်းစစ်ရန် လိုအပ်သည့်သေးစိတ်အချက်အလက်များကို ချမှတ်ပေးထား

---

25 မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အခန်း(၁) အပိုဒ် ၃၈ အရ အသေးစားကုမ္ပဏီဆိုသည်မှာ ယင်းကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများတွင် ၃၀ ထက်မပိုသော ဝန်ထမ်းဦးရေရှိခြင်းနှင့် ယခင်နှစ်၏ တစ်နှစ်တာဝင်ငွေစုစုပေါင်းသည် ကျပ်သန်း ၅၀ အောက် (ပျမ်းမျှ ဒေါ်လာ ၃၃၀၀၀) )တွင် ရှိခြင်းကို ဆိုလိုသည်။ ပုဒ်မ ၁၄၆(င)နှင့် ပုဒ်မ ၂၅၇(ဂ)တို့တွင် အသေးစားကုမ္ပဏီများနှင့် သက်ဆိုင်ခြင်းမရှိသည့် အကြောင်းအရာများကို သတ်မှတ်ခဲ့သည်။

26 The Report on Observance of Standards and Codes (ROSC): Accounting and Auditing Module: Myanmar, the Korean Ministry of Strategy and Finance ၏လက်အောက်ရှိ Korean Trust ၏ ငွေကြေးအထောက်အပံ့ဖြင့် ကမ္ဘာ့ဘဏ်သည် ၂၀၁၇ ခုနှစ်၊ ဖွန်လတွင် ဤစာတမ်းကို ထုတ်ဝေခဲ့သည်။

27 Notification No. (20/2018) of 4 July 2018, Myanmar Accountancy Council and EN summary by Myat and Associates.

သည် (အောက်တွင် ကြည့်ပါ)။

အခွန်ဆောင်ခြင်းနှင့်ပတ်သက်သည့် လက်ရှိပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်လျှင် (အောက်တွင်ကြည့်ပါ) အခွန်ဝန်ထမ်းများသည် အခွန်စစ်ဆေးမှုကို ဆောင်ရွက်ရန်အတွက် စာရင်းစစ်ထားသော အစီရင်ခံစာများကို ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်သည်။

အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ပိုင်း( အောက်တွင် ဖော်ပြထားသည်။) အဖြစ် အခွန်အရာရှိများကလည်း အခွန်ပေးဆောင်ချိန်တွင် စာရင်းစစ် စစ်ဆေးပြီးသား အခွန်စာရင်းကို ပိုမိုအလေးပေးသင့်သည်။ (သုံးစွဲသင့်သည်။) မြို့နယ်အခွန်ရုံးမှ အခွန်အရာရှိက စည်းကြပ်သည့်စနစ်တွင် အမြဲတမ်းဟု မဆိုလိုသော်လည်း ကုမ္ပဏီများနှင့် စာရင်းစစ်များသည် စာရင်းများကို ပြုပြင်ပြောင်းလဲထားလေ့ရှိသည်ဟု သံသယဖြစ်နေရသည်မှာကြာမြင့်လှပြီဖြစ်သည်။ အခွန်မည်မျှကျသည်ကိုအခွန်ထမ်းကိုယ်တိုင် တွက်ချက်ပေးဆောင်ရသည့်စနစ်တွင်မူ အခွန်ထမ်း၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ပါဝင်စေပြီး အခွန်အရာရှိက မည်မျှပေးရမည်ဟု တောင်းဆိုနိုင်မှုလည်း ကျဆင်းသွားမည် ဖြစ်သည်။[28]

28 MCRB နှင့် ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်ပြောဆိုခြင်း၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ။

## အခန်း -၂။ ၂၀၁၈ ပွင့်သစ်စ အစီရင်ခံစာမှစ၍ တိုးတက်ပြောင်းလဲလာမှုများ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် စီးပွားရေးဆိုင်ရာ တည်ကြည်ဖြောင့်မတ်မှုရှိခြင်းစသည့် အခြေအနေအရပ်ရပ်သည် ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်လက်အောက် ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည့်အချိန်မှစ၍ ယေဘုယျအားဖြင့် တိုးတက်လာပြီဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ၂၀၁၆ ခုနှစ်၊ မတ်လတွင် အာဏာရရှိလာသော အမျိုးသားဒီမိုကရေစီအစိုးရသည် ယခင်အစိုးရလက်ထက်တွင် အစပျိုးခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အဆိုပါပြောင်းလဲမှုများတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်နှင့် ကုမ္ပဏီများ ဥပဒေအသစ်တို့ ပါဝင်ပါသည် (အောက်တွင်ကြည့်ပါ)။ လက်ရှိအစိုးရကလည်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးအတွက် စိတ်ဖိစီးလျက်ရှိသည်။

### မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈ - ၂၀၃၀)

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MS-DP)[29] ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ချမှတ်ခဲ့သည်။ ၎င်းတွင် ပါဝင်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်တစ်ချို့မှာ -

> **၁.၄.၅** - နစ်နာမှုများကို ထုတ်ဖော်ခြင်းနှင့် တိုင်ကြားခြင်းစနစ်များ ပိုမိုကောင်းမွန်စေခြင်းအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်ဥပဒေများ၊ သက်ဝင်ကျင့်သုံးမှုနှင့် မူဝါဒများကို သုံးသပ်ရန်နှင့် ပိုမိုခိုင်မာစေရန်။
>
> **၃.၃.၁** - စနစ်ကျ၍ ကြိုတင်ခန့်မှန်းနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ ချမှတ်ကျင့်သုံးသွားရန်၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြေညာချက်များ၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုချက်များကို ချမှတ်ကျင့်သုံးသွားရန်။
>
> **၃.၃.၄** - ပိုမိုပွင့်လင်းမြင်သာပြီး ကျင့်ဝတ်နှင့်ကိုက်ညီသည့် ကော်ပိုရိတ်ဆိုင်ရာ အလေ့အထများကိုပံ့ပိုးရန် စည်းမျဉ်းစည်းကမ်းနှင့် ပြဋ္ဌာန်းကျင့်သုံးမှု၊ အတည်ပြုချက်များ အသုံးပြုရေးနှင့် စာရင်းစစ်ဆေးမှုနှင့် ငွေစာရင်းဆိုင်ရာ စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်ရေး အပါအဝင် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းကျင့်သုံးမှု တိုးတက်ကောင်းမွန်ရန်။

MSDP တွင် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်များကို ခေတ်မီစေရန် တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ အိုင်စီတီနည်းပညာများနှင့် အခွန်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အသုံးပြု၍ အခွန်စနစ်ကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ဆောင်ပေးခြင်း၊ အဂတိလိုက်စားမှုများကို လျှော့ချခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှုစနစ်များအတွက် တိုးတက်မှုရှိရေးကို ရေးဆွဲထားပါသည်။

#### နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs)

MSDP တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) အား ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထည့်ဝင်ရေးဆွဲထားပါသည်။ မဟာဗျူဟာ ၂.၅ တွင် "နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း" ဟူသည့် အစိုးရ၏ကတိကဝတ်နှင့် နိုင်ငံပိုင်လုပ်ငန်းများ ဘက်စုံအကဲဖြတ်သုံးသပ်ပြီး နိုင်ငံပိုင်လုပ်ငန်းဆိုင်ရာ မူဝါဒတစ်ရပ် ပေါ်ပေါက်လာစေရန်ဟူသော လုပ်ငန်းစဉ် ၂.၅.၁ တို့ဖြင့် ပြုပြင်ပြောင်းလဲသွားရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် အစိုးရအနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ၎င်းတို့၏ လုပ်ငန်း

29 မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ - ၂၀၃၀၊

အရ အမျိုးအစားပြန်လည်သတ်မှတ်ခြင်း၊ ၎င်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုများကို ပိုမိုကျွမ်းကျင်ပီပြင်လာစေခြင်း၊ ကြီးကြပ်ရေးတာဝန်နှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ပေးခြင်း၊ ပိုင်ဆိုင်မှုကို ခွဲဝေလုပ်ကိုင်စေခြင်း (သို့မဟုတ်) ပုဂ္ဂလိကအားလွှဲပေးခြင်းတို့ဖြင့် ပြုပြင်ပြောင်းလဲသွားရန် ရည်ရွယ်ထားပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) ၏ ဘဏ္ဍာငွေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်(ဘ်)ဆိုဒ်[30] တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၂၀၁၉ ပွင့်သစ်စတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) အား အကဲဖြတ်ဆန်းစစ်ထားခြင်းသည် ယခုနှစ်အတွက် ပထမဆုံးအကြိမ် ဖြစ်ပါသည် (ဇယား ၆ ကို ကြည့်ပါ)။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဆိုလျှင် ၎င်းတို့သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှုတို့ကို ပိုမိုအလေးပေးလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပြီး၊ အထူးသဖြင့် အများပိုင်ကုမ္ပဏီအဖြစ်သို့ ကူးပြောင်းရာတွင် အထက်ပါအချက်ကို အလေးအနက်ထားပြီး ဆောင်ရွက်ရမည် ဖြစ်သည်။ ဝင်ငွေ အမြောက်အမြားရရှိသည့် နိုင်ငံပိုင် သဘာဝသယံဇာတ ကုမ္ပဏီများကို ၂၀၁၈ အစီရင်ခံစာတွင် အဓိက အလေးပေးဖော်ပြထားပြီး အစိုးရအတွက် အကြံပြုချက်များတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဆိုင်ရာ လိုက်နာမှုနှင့် ဆောင်ရွက်ချက်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ကြီးကြပ်ရန်နှင့် သတင်းအချက်အလက်များကို ပိုမိုထုတ်ပြန်ရန်တို့ ပါဝင်သည်။ ထပ်မံအကြံပြုချက်များတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် လွတ်လပ်သည့် ဒါရိုက်တာဘုတ်အဖွဲ့ တည်ထောင်ခြင်းနှင့် လွတ်လပ်သော ပြင်ပစာရင်းစစ်ဆေးမှုပြုလုပ်ခြင်းတို့လည်း ပါဝင်ပါသည်။[31] အစီရင်ခံစာတွင် အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့နိုင်ပါသည်။

*"မြန်မာနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများမဟုတ်ဘဲ အစိုးရဝန်ကြီးဌာနများအောက်တွင် ရှိနေပါသည်။ နောက်ဆုံးရေတွက်ချက်အရ မြန်မာအမျိုးသားလေကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စသည့် နိုင်ငံပိုင်ဘဏ် (၄) ခုသာလျှင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းရပ်များကို စောင့်ကြည့်စစ်ဆေးရန် အတိုင်းအတာတစ်ခုထိ လွတ်လပ်သည့် ဘုတ်အဖွဲ့များ ရှိကြပါသည်။ မြန်မာအမျိုးသားလေကြောင်းတွင်မူ ဘုတ်အဖွဲ့၌ အငြိမ်းစား ပြည်သူ့ဝန်ထမ်း (၅) ဦးပါဝင်ပြီးယင်းဘုတ်အဖွဲ့သည်ကိစ္စရပ်များစွာတွင်လွတ်လပ်သည့်ဘုတ်အဖွဲ့တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည် မဟုတ်ပေ။ အခြားနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ဘုတ်အဖွဲ့များရှိကြသော်လည်း ကြီးကြပ်ကွပ်ကဲစစ်ဆေးရေးအဖွဲ့များအဖြစ်ထက် စီမံခန့်ခွဲရေးကော်မတီများအဖြစ် ဆောင်ရွက်ကြပါသည်။ ကိစ္စရပ်တိုင်း အားလုံးနီးပါးတွင် စီမံခန့်ခွဲမှုအပိုင်းက မိခင်ဝန်ကြီးဌာနသို့ အစီရင်ခံပါသည်။ ငွေလုံးငွေရင်းဘတ်ဂျက်ကို မိခင်ဝန်ကြီးဌာနမှ ချပေးပါသည်။"*

---

30 https://www.mopf.gov.mm/sites/default/files/upload_pdf/2018/08/2018-2019_ SEEs%20Commercial.pdf

31 State-owned Economic Enterprise Reform in Myanmar: The Case of Natural Resource Enterprises, Renaissance Institute and Natural Resources Governance Institute (NRGI), ၂၀၁၈ ခုနှစ် ဇူလိုင်လ။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ကော်ပိုရိတ်ကုမ္ပဏီများအဖြစ် ကူးပြောင်းခြင်းကို လေ့လာဆန်းစစ်မှုအား ကြည့်ရှုရန်အတွက် ဇယား -၂ ကိုကြည့်ပါ။

### တပ်မတော် ပိုင်စီးပွားရေးလုပ်ငန်းများ

မြန်မာနိုင်ငံရှိ တပ်မတော် ပိုင်စီးပွားရေးလုပ်ငန်းများသည် လက်ရှိတွင် စိတ်ဝင်စားသူဦးရေ မြင့်တက်လျက်ရှိသော အကြောင်းအရာဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် နှင့်ရှမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေကိစ္စရပ်များကိုစုံစမ်းရန် ဖွဲ့စည်းထားသည့် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာတွင်ပါဝင်သော အကြံပြုချက်များကြောင့် ပိုမိုစိတ်ဝင်စားမှုမြင့်တက်လာရခြင်းဖြစ်သည်။ ထိုအစီရင်ခံစာတွင်[32] ဖော်ပြထားသည့် အကြံပြုချက်တစ်ရပ်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

*"မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ရောင်းဝယ်ဖောက်ကားမှု (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု စသည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများသည် မြန်မာ့လုံခြုံရေး တပ်ဖွဲ့များ၊ အထူးသဖြင့် တပ်မတော်နှင့်ဖြစ်စေ (သို့မဟုတ်) တပ်မတော်ကဖြစ်စေ၊ ၎င်းတို့ထဲမှ တစ်ဦးဦးကဖြစ်စေ ထိန်းချုပ်လုပ်ကိုင်နေသော၊ သို့မဟုတ် ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ မစ်ရှင်တွင် အကြံပြုဖော်ပြထားသည့်အတိုင်း ပြန်လည်ဖွဲ့စည်းထားခြင်း (သို့မဟုတ်) ပြောင်းလဲထားခြင်း မရှိပါက ဆက်စပ်ဆောင်ရွက်ခြင်း မပြုလုပ်သင့်ပါ။ "*

လက်ရှိတွင် တပ်မတော်မှပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်း (၂) ခု ရှိပြီး ၎င်းတို့မှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEH) (ယခင်က Union of Myanmar Economic Holdings Limited (သို့မဟုတ်) UMEHL ဟု အသိများပြီး "ဦးပိုင်ကုမ္ပဏီ" ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော "ဦးပိုင်" ဟုလည်း ရည်ညွှန်းခေါ်ဆိုကြသည်) တို့ဖြစ်ကြသည်။ အထက်ပါ အဖွဲ့အစည်းနှစ်ခုတွင် တစ်ခုမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်ပြီး နောက်တစ်ခုမှာ အများပိုင်ကုမ္ပဏီဖြစ်သည် (မြန်မာနိုင်ငံရှိ အများပိုင်ကုမ္ပဏီမှာ ဘယ်အရာကို ဆိုလိုခြင်းဖြစ်သည်ကို အသေးစိတ်သိရှိနိုင်ရန် အောက်တွင်ကြည့်ပါ)။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ပြည်သူပိုင်မဟုတ်သည့် (သို့မဟုတ်) ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် မသက်ဆိုင်သည့် (စာရင်းစစ်ခွင့်မရှိသည့်) တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီဖြစ်သည့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းလီမိတက်ကိုလည်း ပုဂ္ဂလိကကုမ္ပဏီအဖြစ် စာရင်းသွင်းထားသည်ကို တွေ့ရပြီး ရှယ်ယာအားဖြင့်လည်း MECက တစ်ဦးတည်းပိုင်ဖြစ်သည်ကို တွေ့ရကာ MyCo ကုမ္ပဏီစာရင်းတွင် တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်သည့် MEC က အပြည့်အဝပိုင်ဆိုင်သူဟု ဖော်ပြထားသည်ကို တွေ့ရသည်။ MEC တွင် ဒါရိုက်တာ (၁၆) ယောက်ရှိပြီး အများစုမှာ စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြသော်လည်း စာရင်းသွင်းသောအခါတွင် ထိုရာထူးများကို ထည့်သွင်းခဲ့ခြင်း မရှိပေ။ MEC သည် စီးပွားရေးလုပ်ငန်းကဏ္ဍ တော်တော်များများတွင် လုပ်ကိုင်နေပြီး ယခုအခါတွင် စီးပွားရေးဆန်ဆန် အပြည့်အဝဆောင်ရွက်ရန် ရှိနေပြီဖြစ်သည်။[33] သို့သော်လည်း ၎င်း၏ စီမံထိန်းချုပ်လုပ်ကိုင်မှုနှင့် ပိုင်ဆိုင်မှုတို့ကြောင့် ပွင့်သစ်စအစီရင်ခံစာတွင် ၎င်းကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားပါသည်။

MEH (၁၉၉၀ ခုနှစ်တွင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယခင်က အမည်မှာ UMEHL ဖြစ်သည်)

32 မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏အစီရင်ခံစာတွင်ပါရှိသည့် အပိုဒ် ၁၇၁၇ ကိုကြည့်ပါ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်။ A/HRC/39/CRP.2

33 MCRB နှင့် ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်ပြောဆိုခြင်း၊ ၂၀၁၉ ခုနှစ်၊ မတ်လ။

သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ကာလအထိ ဒါရိုက်တာအဖွဲ့ဝင် စုစုပေါင်း (၁၁) ယောက်ရှိပြီး ယင်းတို့တွင် တပ်မတော်၌ လက်ရှိတာဝန်ထမ်းဆောင်နေသူနှင့် တပ်မတော်အငြိမ်းစားများ ပါဝင်ပါသည်။ MyCo ကုမ္ပဏီမှတ်ပုံတင်စာရင်းအရ MEH တွင် ဦးပိုင်ကုမ္ပဏီမရှိပါ။ စုစုပေါင်းရှယ်ယာများဖြစ်သည့် ၂၄၂,၅၂၇,၃၅၉ (ရှယ်ယာတစ်စောင်လျှင် ငွေတစ်ထောင်ကျပ်)ကို လက်ရှိနှင့် အငြိမ်းစားတပ်မတော်အရာရှိများက ပိုင်ဆိုင်သည်ဟု ယူဆထားသည်။ ထို့ကြောင့် MEH ကို ပွင့်သစ်စအစီရင်ခံစာတွင် အများပိုင်ကုမ္ပဏီဟု အဆင့်သတ်မှတ်ထားပြီး ဆန်းစစ်အကဲဖြတ်ထားသော အဓိက ကုမ္ပဏီများစာရင်းတွင် ထည့်သွင်းထားပါသည်။

အထက်ပါစီးပွားရေးလုပ်ငန်းနှစ်ခုလုံးသည် ဘဏ္ဍာရေးကဏ္ဍ၊ လက်လီရောင်းဝယ်ဖောက်ကားရေးကဏ္ဍ၊ သတ္တုတွင်းကဏ္ဍနှင့် ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းများ [34]စီမံခန့်ခွဲလျက်ရှိသည်။ ၎င်းတို့တွင် 'ပုဂ္ဂလိကပိုင်ကုမ္ပဏီများ'အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် လက်အောက်ခံကုမ္ပဏီများလည်း ရှိသည်။ MEH လက်အောက်ခံကုမ္ပဏီများတွင် Myawady Bank, Myawady Trading, Myanmar Imperial Jade တို့ ပါဝင်ပြီး ထိုကုမ္ပဏီအားလုံးမှာ အခွန်များစွာဆောင်ထားသောကြောင့် ယခုအစီရင်ခံစာတွင် ထည့်သွင်းထားပါသည်။ ယင်းတို့ကို အစီရင်ခံစာတွင် 'ပုဂ္ဂလိကပိုင်' ဟု သတ်မှတ်ထားသည်။ MEC ၏ လက်အောက်ခံကုမ္ပဏီများတွင် Innwa Bank အပြင် Viettal နှင့် ဖက်စပ်ပူးပေါင်းထားသည့် မြန်မာနိုင်ငံရှိ လေးခုမြောက် တယ်လီဖုန်းအော်ပရေတာဖြစ်သော MyTel တွင် ရှယ်ထားဝင်ထားသော Star High Co Ltd တို့ ပါဝင်ပါသည်။

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်း ဆိုင်ရာ ဥပဒေအခန်းကဏ္ဍ ပြောင်းလဲတိုးတက်လာမှုများ**

မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများအတွက် လိုအပ်သောစည်းမျဉ်းစည်းကမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ဦးဆောင်မှုအပြင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) တို့ကလည်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ဖော်ဆောင်နေပြီဖြစ်သည်။ ယခုအခန်းကဏ္ဍတွင် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကုမ္ပဏီများဆိုင်ရာ ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လိုအပ်ချက်များကို အကျဉ်းချုပ်စုစည်းဖော်ပြထားသည်။

### မြန်မာကုမ္ပဏီများဥပဒေ

ကုမ္ပဏီများဥပဒေ[35] အသစ်တစ်ခုကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ တွင် အတည်ပြုခဲ့ပြီး ၁၉၁၄ ကုမ္ပဏီများအက်ဥပဒေကို အစားထိုးရန်အတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် အသက်ဝင်ခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ ကုမ္ပဏီများဆိုင်ရာစည်းမျဉ်းများ [36] ကိုလည်း နောက်ဆက်တွဲ ပြဋ္ဌာန်းခဲ့ပါသည်။

ယခု ဥပဒေအသစ်တွင် သိသာသောပြောင်းလဲမှုတစ်ခုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် မြန်မာကုမ္ပဏီတစ်ခုတွင် ၃၅% အထိ ရှယ်ယာထည့်ဝင်ပိုင်ဆိုင်နိုင်ပြီး မြန်မာကုမ္ပဏီများအနေဖြင့် နိုင်ငံခြား မတည်ငွေရင်းကို ရရှိနိုင်ပြီဖြစ်သည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ

34 MEC နှင့် MEH တို့၏ သတ္တုတွင်းနှင့် ကျောက်ခွဲလိုင်စင်ဆိုင်ရာ အသေးစိတ်အချက်အလက်များအား Appendix 10 of the 2016/2017 Myanmar Extractives Industries Transparency Initiative (MEITI) အစီရင်ခံစာတွင် ကြည့်ရှုနိုင်သည်။

35 ၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (EN) နှင့် MM.

36 မြန်မာကုမ္ပဏီများလိုက်နာရမည့် စည်းမျဉ်းများ ၂၀၁၈ နှင့် အမိန့်ကြေညာစာများ (EN)

အပြောင်းအလဲတစ်ခု အနေဖြင့်လည်းဥပဒေတွင် ကုမ္ပဏီသည် နည်းလမ်းတကျ ကောင်းမွန်စွာ လည်ပတ်နေစေရန်နှင့် ရှယ်ယာပိုင်ရှင်များ၏ အကျိုးစီးပွားအတွက် ရာနှုန်းပြည့် စီမံခန့်ခွဲထားကြောင်း သေချာနိုင်စေရေးအတွက် "ဒါရိုက်တာများ၏ တာဝန်ဝတ္တရားများ" (ဥပဒေအခန်း ၁၆၅ မှ ၁၇၂ အထိ) ပြည့်ဝစွာ ပါဝင်ပါသည်။ ထိုတာဝန်ဝတ္တရာများမှာ -

- ထိုက်သင့်သော ဂရုပြုမှုနှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်။
- ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့် တာဝန်။
- ရာထူးနေရာကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် တာဝန်။
- သတင်းအချက်အလက်များကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် တာဝန်။
- ကုမ္ပဏီများ ဥပဒေအသစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လိုက်နာဆောင်ရွက်ရန်။
- ကျိုးကြောင်းစဉ်းစားမှုမပြုဘဲ ကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်။
- တာဝန်များနှင့် ရယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့်တာဝန်။
- အချို့သော ခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့်တာဝန်။

အချို့သော အခြေအနေများတွင် ဒါရိုက်တာများသည် ၎င်းတို့၏ တာဝန်များကို ပျက်ကွက်ခြင်းရှိပါက စည်းမျဉ်းစည်းကမ်းများအရ ကိုယ်တိုင်ပြစ်ဒဏ်များ ရင်ဆိုင်ရမည်ဖြစ်သည်။ ဥပဒေအား လေးစားလိုက်နာခြင်းမရှိပါက ကြီးလေးသောပြစ်ဒဏ်များကို DICA မှ (ကုမ္ပဏီပေါ်တွင်၊ ဒါရိုက်တာတစ်ဦးချင်း ပါဝင်သက်ဆိုင်သော အရာရှိတစ်ဦးချင်းအား) ပြစ်ဒဏ်ဆိုင်ရာ အသိပေးအကြောင်းကြားမှုများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်သွားမည် ဖြစ်သည် (S. 439 CL)။ DICA မှလည်း တရားဥပဒေအရ အရေးယူရန် ဆောင်ရွက်သွားမည်ဖြစ်သည် (S.440)။

## အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများနှင့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီများ ဆိုသည်မှာ အဘယ်နည်း။

'အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ' (သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီ)[37] သည် ရှယ်ယာကန့်သတ်ထားသောကုမ္ပဏီ အမျိုးအစားဖြစ်ပြီး မြန်မာကုမ္ပဏီများဥပဒေ၊ အခန်း (၁)၊ အပိုဒ် (၂၅) တွင် 'ဤဥပဒေအရဖြစ်စေ၊ ရုတ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုကိုဆိုလိုပြီး ယင်းသည် အောက်ပါကန့်သတ်ချက်များကို လိုက်နာရမည်' ဟူ၍ ဖော်ပြထားပါသည်။ ထိုကန့်သတ်ချက်များမှာ -

- ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူဦးရေ ၅၀ ဦးထက် မပိုစေရ။
- ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရ။
- အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကန့်သတ်နိုင်သည်။

မြန်မာကုမ္ပဏီများဥပဒေ၊ အခန်း (၁)၊ အပိုဒ် (၂၈) အရ 'အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ' မှာ ဤဥပဒေအရဖြစ်စေ သို့မဟုတ် ရုတ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ

37 မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ကုမ္ပဏီတစ်ခုသည် အကျိုးအမြတ်မယူသောကုမ္ပဏီဖြစ်လျှင် အာမခံဖြင့် မှတ်ပုံတင်နိုင်မည့် ပြဋ္ဌာန်းချက်များလည်း ပါရှိသည်။

ဖွဲ့စည်းထားသော အများနှင့်မသက်ဆိုင်သောကုမ္ပဏီမဟုတ်သည့် ကုမ္ပဏီဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသည် အများပြည်သူအား ရှယ်ယာထုတ်ရောင်းနိုင်သည်။ ၎င်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီတွင် အဖွဲ့ဝင်/ရှယ်ယာပိုင်ရှင် အနည်းဆုံး (၇) ဦး (အများဆုံးအရေအတွက် ကန့်သတ်ချက် မရှိ)၊ အနည်းဆုံးဒါရိုက်တာ(၃)ဦးရှိရမည်ဖြစ်ပြီးမြန်မာနိုင်ငံတွင်နေထိုင်သောမြန်မာနိုင်ငံသားဒါရိုက်တာ အနည်းဆုံး တစ်ဦးပါဝင်ရမည် ဖြစ်သည်။ (မြန်မာကုမ္ပဏီများ ဥပဒေပုဒ်မခွဲ ၄ (က) အရ)[38]။ စီးပွားရေးလုပ်ငန်းစတင်ရန် အတည်ပြုချက်လက်မှတ်တစ်ခုကို လုပ်ငန်းစတင် မလည်ပတ်မီ လျှောက်ထားရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိအများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် နိုင်ငံခြားသားပိုင်ကုမ္ပဏီများ မဟုတ်ကြပေ။ သို့သော် ၂၀၁၇ ကုမ္ပဏီများ ဥပဒေအရ နိုင်ငံခြားသားပိုင် ရှယ်ယာပမာဏသည် ၃၅% အထိ ရှိနိုင်သည်ဟူသော ပြဋ္ဌာန်းချက်သည် လက်ရှိအနေအထားနှင့်ယှဉ်လျှင် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်စေသည်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၅) ခုသည် ရန်ကုန်စတော့အိတ်ချိန်းတွင် မှတ်ပုံတင်ထားသည်။

လွန်ခဲ့သောဆယ်စုနှစ်က မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခြင်းသည် ရေပန်းစားခဲ့ပြီး ရာနှင့်ချီသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ အများအပြားပေါ်ပေါက်ခဲ့သည်။ ထိုသို့ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခြင်းသည် ဦးသိန်းစိန်အစိုးရမှ တင်ဒါခေါ်ယူသည့်အခါတွင် ပိုမို ဦးစားပေးခံရမည်ဟူသော ယူဆချက်ကြောင့်လည်းဖြစ်သည်။[39] သို့သော်လည်း အဆိုပါ ကုမ္ပဏီအများအပြားသည် လုပ်ငန်းလည်ပတ်မှုပုံမှန်မရှိသည့်အပြင် စီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှုဆိုင်ရာ လိုက်နာမှုလည်း အားနည်းကြသည်။[40] ၂၀၁၈ ပွင့်သစ်စတွင် 'အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ' (စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသောကုမ္ပဏီများ မပါဝင်ပါ) တစ်ခုသည် အခြားကုမ္ပဏီများက ပျှမ်းမျှရမှတ် ၇% ရရှိချိန်တွင် ၎င်းတို့၏ ပျမ်းမျှရမှတ်သည် ၄% ရှိသည်။ ၂၀၁၉ ပွင့်သစ်စတွင်မူ ၎င်းအများပိုင်ကုမ္ပဏီများသည် ပျမ်းမျှရမှတ် ၄% ရရှိပြီး အခြားကုမ္ပဏီများက ပျှမ်းမျှ ၅% ရရှိကြသည်။ MyCo ၏ ကုမ္ပဏီမှတ်ပုံတင်ခြင်းပြန်လည်လုပ်ကိုင်ရာတွင် လုပ်ငန်းစဉ်တွင် ကုမ္ပဏီကို ပြန်လည်မှတ်ပုံတင်ခြင်းနှင့် အမွေဆက်ခံထားသည့် ကုမ္ပဏီများကို စာရင်းထဲမှ ပြန်လည်ဖယ်ထုတ်ခြင်းတို့ဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအရေအတွက်ကို လျှော့ချနိုင်ရန် ရည်ရွယ်ထားပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော DICA အမိန့်ကြော်ငြာစာ ၅၉/ ၂၀၁၈[41] အရ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)နှင့် မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (SECM) တို့က ချမှတ်ထားသော အများပြည်သူထံ ရှယ်ယာများ ရောင်းချခြင်းနှင့် အလားအလာညွှန်းတမ်း (prospectus)များကို ထုတ်ပြန်ခြင်းစသည့် တာဝန်ဝတ္တရားများကို လိုက်နာရန်လိုအပ်သလို ရှယ်ယာအများဆုံး ကိုင်ဆောင်ထားသော အသင်းဝင်အယောက် (၅၀) ရှိသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ပြောင်းလဲမှုများကို မှတ်ပုံ

38 https://dica.gov.mm/en/step-by-step/registration-myanmar-public-companies

39 ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အများနှင့်သက်ဆိုင်သောကုမ္ပဏီများအား ပြန်လည်သင်တန်းပေးသွားမည်။ Myanmar Business Today၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်။

40 အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအား အပေါ်ယံသာဖွဲ့စည်းထားခြင်းမျိုးမဖြစ်စေရန်အတွက် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ မှတ်ပုံတင်ကြေးအား ၂၀၁၆ ခုနှစ် မေလတွင် ကျပ်ဆယ်သိန်းမှ ကျပ်နစ်ဆယ့်ငါးသိန်းအဖြစ် တိုးမြှင့်ခဲ့သည်။ Revised Registration Fees, ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၆ ခုနှစ် မေလ။

41 အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများအတွက် သတ်မှတ်ချက်များ၊ DICA ညွှန်ကြားချက် ၅၉/၂၁၀၈၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်။

တင်အရာရှိနှင့် အွန်လိုင်းတွင်လုပ်ဆောင်ရမည့် စည်းကမ်းချက်တစ်ရပ်လည်း ပါဝင်ပါသည်။ ဥပဒေအရ တင်ပြရမည့်စာရွက်စာတမ်းများအား အောက်ပါအတိုင်း ကြည့်ရှုနိုင်ပါသည်။

## မြန်မာကုမ္ပဏီများဥပဒေရှိ ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ လိုအပ်ချက်များ

မြန်မာကုမ္ပဏီများဥပဒေနှင့်သက်ဆိုင်သည့်သိသာထင်ရှားသောအပြောင်းအလဲတစ်ရပ်မှာ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခြင်း၊ ကုမ္ပဏီစာရွက်စာတမ်းများအား အွန်လိုင်းမှတစ်ဆင့် ဖြည့်စွက်တင်ပြခြင်းနှင့် အများပြည်သူ ဝင်ရောက်ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးထားခြင်း တို့ကို စတင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ MyCo (www.myco.dica.gov.mm) သည် ကုမ္ပဏီအမည်၊ ကုမ္ပဏီအမျိုးအစား၊ မှတ်ပုံတင်ထားသောနံပါတ်၊ လိပ်စာနှင့် ကုမ္ပဏီအရာရှိများ၏စာရင်းတို့ကိုလွတ်လပ်ပွင့်လင်းစွာ ရှာဖွေနိုင်သော DICA ၏အွန်လိုင်းအချက်အလက်ရှာဖွေရေးစနစ်တစ်ခု ဖြစ်ပါသည်။ (DICA) မှတ်ပုံတင်အရာရှိအား တင်ပြထားသော အခြားအချက်အလက်များနှင့် မှတ်တမ်းများအား သိရှိလိုလျှင် DICA အား ကျသင့်ငွေ (၁၀၀၀၀) ကျပ် ပေးသွင်း၍ မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်သည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၄၂၁-င)။

မြန်မာကုမ္ပဏီများဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအရ (အသေးစားကုမ္ပဏီများမှလွဲ၍)[42] ကုမ္ပဏီများသည် မှတ်ပုံတင်အရာရှိအား သက်ဆိုင်ရာသတင်းအချက်အလက်များကို နှစ်စဉ်တင်ပြရန် လိုအပ်သည်။ မြန်မာကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှ တင်ပြပေးပို့ထားသည့် သတင်းအချက်အလက်တိုင်းကို ၎င်းတို့၏ သက်ဆိုင်ရာဝက်(ဘ်)ဆိုဒ်များတွင် တင်ပြရန် ဥပဒေသတ်မှတ်ချက် မရှိသော်လည်း ထိုအချက်အလက်များမှာ အခြေခံမှုအားဖြင့် လူသိရှင်ကြားဖြစ်သင့်ပါသည်။ ထို့ကြောင့် အချက်အလက်တင်ပြသည့် မည်သည့်ကုမ္ပဏီမဆို ၎င်းတို့၏ ဝက်ဘ်ဆိုဒ်များတွင် သက်ဆိုင်ရာအချက်အလက်များကို ဆန္ဒအလျောက် ထုတ်ဖော်ကြေညာရန် စဉ်းစားသင့်ပါသည်။ အထူးသဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အချို့သော အချက်အလက်များမှာ ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ လိုအပ်ချက်များတွင် အကြုံးဝင်ပါဝင်နေသည်ဖြစ်သောကြောင့်လည်း ထိုသို့ စဉ်းစားသင့်ပါသည်။

## နှစ်စဉ်အစီရင်ခံစာ

ကုမ္ပဏီအားလုံးသည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၂၅၇) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် ၎င်းနောက်ပိုင်းကာလအတွက် နှစ်စဉ် အနည်းဆုံးတစ်ကြိမ် (သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် တစ်လထက်နောက်မကျစေဘဲ) ကုမ္ပဏီ၏ နှစ်စဉ်အစီရင်ခံစာအား (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၉၇)[43] သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် တင်ပြရမည်။

42 မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အခန်း(၁)၊ စဉ် ၃၈ တွင် "အသေးစားကုမ္ပဏီ" အား အများနှင့်သက်ဆိုင်သော ကုမ္ပဏီ သို့မဟုတ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီမှအပ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိသောကုမ္ပဏီကိုဆိုသည်ဟု ဖော်ပြထားသည်။ ထိုသည်တို့မှာ - (က) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံကုမ္ပဏီများတွင် ၃၀ ထက်မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ဝန်ထမ်းအရေအတွက်အောက်တွင်ရှိခြင်း၊ (ခ) ယင်းကုမ္ပဏီနှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာဝင်ငွေစုစုပေါင်းသည် ကျပ်သန်း ၅၀ အောက် (USD ၃၃၀၀၀ ဝန်းကျင်) တွင်ရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏအောက်တွင် ရှိခြင်းတို့ဖြစ်သည်။

43 မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အခန်း ၉၇ အရ Annual Return Form

နှစ်စဉ်အစီရင်ခံစာတင်ပြရာတွင် ကုမ္ပဏီများသည် အောက်ပါအချက်အလက်များဖြစ်စေ၊ အောက်ပါအချက်အလက်များနှင့်ပတ်သက်၍ရှိပြီး သတင်းအချက်အလက်များကို အတည်ပြု၍ဖြစ်စေ တင်ပြပေးရန် လိုအပ်သည်။

- ကုမ္ပဏီ၏အမည်၊ ဒါရိုက်တာ(များ)၊ ကုမ္ပဏီ၏ အတွင်းရေးမှူး (ရှိခဲ့လျှင်) နှင့် ရုံးခန်းလိပ်စာ၊
- အစုရှယ်ယာမတည်ငွေရင်းဆိုင်ရာ အသေးစိတ် အချက်အလက်များနှင့် ကုမ္ပဏီတွင် အစုရှယ်ယာအရေအတွက် အများဆုံးပိုင်ဆိုင်ထားသည့် ပါဝင်သူ ဦးရေ ၅၀ (အထိ) ၏ စာရင်းနှင့် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပါဝင်သော အစုရှယ်ယာအရေအတွက်၊
- ကုမ္ပဏီ၏ နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပဆောင်ရွက်ခဲ့လျှင် ကျင်းပသည့်နေ့ရက်၊
- ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက်၊
- နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) အသေးစားကုမ္ပဏီ၏ ရပ်တည်မှု၊
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် (သို့မဟုတ်) ထပ်ဆင့်ထောက်ခံ အတည်ပြုချက်၊
- ကုမ္ပဏီ၏ အဓိက လုပ်ဆောင်မှုများ၊
- (အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီများအတွက်သာ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်စေရန် အများပြည်သူအား တစ်စုံတစ်ရာကမ်းလှမ်းထားခြင်း မရှိကြောင်း သက်သေခံလက်မှတ်။

နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၄၃၀(ဃ)[44] အရ ကုမ္ပဏီ၏မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ပြီး ငွေဒဏ် ၁၀၀,၀၀၀ ကျပ်အပြင် ကုမ္ပဏီဆိုင်းငံ့ခံရခြင်းကြောင့် ပြန်လည်မှတ်ပုံတင်လိုပါက ဒဏ်ငွေ ၁၀၀,၀၀၀ ကျပ်အား ထပ်မံပေးဆောင်ရမည် ဖြစ်သည်။

## ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာ

၂၀၁၇ ခုနှစ်၊ မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၄၈(က)နှင့်(ခ)အရ အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီများ၊ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအားလုံးမှ ဒါရိုက်တာများသည် အစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ "ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာတစ်စောင်" ကို ကုမ္ပဏီတွင်ပါဝင်သူအားလုံးထံသို့ ဖြန့်ဝေရမည်။ ယင်းအစီရင်ခံစာတွင် ပါဝင်ရမည့်အချက်များမှာ ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာ အရေအတွက် စုစုပေါင်း၊ ယင်းတို့တွင် အပြည့်အဝကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငွေသားဖြင့် ပေးချေထားသော ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြချက်၊ ကုမ္ပဏီက လက်ခံရရှိပြီးဖြစ်သည့် ငွေသားပမာဏစုစုပေါင်း၊ လက်ကျန်ရှင်းတမ်း၊ ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ဖော်ပြပါရှိခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ စာရင်းစစ်များနှင့် အတွင်းရေးမှူးရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊ နေရပ်လိပ်စာများ၊ နိုင်ငံသားနှင့် အခြားသက်ဆိုင်သည့် ရှင်းလင်းဖော်ပြချက်များ၊ ယင်းတို့အား ပြောင်းလဲပြင်ဆင်ထားသည့် ဖော်ပြချက်များရှိခဲ့လျှင် ယင်းပြင်ဆင်ဖော်ပြ

44 Schedule Two of DICA Notification 57/2018 on Prescribed Fees and Late Lodgement Fees under the Myanmar Companies Law, ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်။

ချက်များ စသည်တို့ ဖြစ်သည်။ ၎င်းအစီရင်ခံစာအား ကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ နှစ်ဦးထက်မနည်းသော ဒါရိုက်တာများမှဖြစ်စေ၊ ဒါရိုက်တာတစ်ဦးတည်းရှိသော ကုမ္ပဏီတွင် တစ်ဦးတည်းရှိသော ဒါရိုက်တာမှဖြစ်စေ၊ ဒါရိုက်တာများကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဒါရိုက်တာများ၏ ဥက္ကဋ္ဌကဖြစ်စေ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားရမည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၄၈-ဂ)။ ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို လျှောက်လွှာပုံစံ G-1[45] အား အသုံးပြုဖြည့်စွက်၍ မှတ်ပုံတင်အရာရှိထံသို့ တင်ပြပေးရမည် (မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၄၈-င)။

## ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် ဒါရိုက်တာ၏ အစီရင်ခံစာ

ထို့အပြင် ကုမ္ပဏီများ (အသေးစားကုမ္ပဏီများမှအပ - မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၂၅၇-ဂ) အရ ကုမ္ပဏီများသည် စာရင်းစစ်ထားသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် ဒါရိုက်တာ၏ အစီရင်ခံစာတစ်စောင်အား နှစ်စဉ်အထွေထွေအစည်းအဝေးတွင် လက်ခံသဘောတူထားသည့်အတိုင်း လျှောက်လွှာပုံစံ G-5[46] အား အသုံးပြုဖြည့်စွက်၍ (မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၂၆၆-က) တင်ပြရန် လိုအပ်သည်။ အများပိုင်မဟုတ်သည့် ကုမ္ပဏီများအနေဖြင့် ထိုစာရွက်စာတမ်းများကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်သော်လည်း မှတ်ပုံတင်အရာရှိအား တင်ပြရန် မလိုအပ်ပါ (မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၂၆၆-ဂ)။ ဒါရိုက်တာများ၏ အစီရင်ခံစာဆိုသည်မှာ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ ၏ အစိတ်အပိုင်းဖြစ်သော 'ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ'ကို ရှင်းလင်းတင်ပြထားသော အစီရင်ခံစာဖြစ်ပါသည် (မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၂၆၁-က)။ ပါဝင်သည့်အချက်များမှာ -

(၁) ကုမ္ပဏီ၏ မူလစီးပွားရေးလုပ်ငန်းဆိုင်ရာ ဖော်ပြချက်အပါအဝင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ လျော်ကန်မျှတသည့် သုံးသပ်တင်ပြချက်၊

(၂) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သုံးသပ်ဖော်ပြချက်၊

(၃) ကုမ္ပဏီတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မသေချာသော ကိစ္စရပ်များဆိုင်ရာ ဖော်ပြချက်နှင့်

(၄) အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များတို့ ဖြစ်ပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) ၏ ညွှန်ကြားချက်များ

၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဘဏ်များ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သည့်ညွှန်ကြားချက်အချို့ကို ထုတ်ပြန်ခဲ့သည်[47]။ ထိုညွှန်ကြားချက်များသည် ဘဏ်များ၏ ဒါရိုက်တာအဖွဲ့ဖွဲ့စည်းပုံနှင့် အစုရှယ်ယာပိုင်ဆိုင်မှုတွင် ကုမ္ပဏီမှတ်ပုံတင်အရာရှိထက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဩဇာသက်ရောက်မှုရှိပြီးယင်းကိုအာရုပစိဖိတ်အဖွဲ့၏ငွေကြေးခဝါချမှုဆိုင်ရာ အကြံပြုချက်များကြောင့် သတ်မှတ်ပြဋ္ဌာန်းခြင်းလည်း ဖြစ်နိုင်ပါသည် (အောက်တွင် ကြည့်ပါ)။

45 Financial Statements of a Public Company, Form G-1

46 Financial Statements of a Public Company, Form G-1

47 www.cbm.gov.mm/content/2882

## သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၈/ ၂၀၁၉ (၂၅၊၃၊၂၀၂၀ မှစ၍ သက်ရောက်မည်ဖြစ်သည်) မှာ ဒါရိုက်တာများ[48]၊ ဘဏ်အရာရှိများ၊ ပြင်ပစာရင်းစစ်များနှင့် 'အဓိကကျသည့် အကျိုးစီးပွားရှိသူ' အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည် (၁၀ ရာခိုင်နှုန်းဟုသတ်မှတ်ထားပါသည် - အောက်တွင် ဆက်လက်ကြည့်ရှုပါ)။ ဘဏ်၏ ဒါရိုက်တာအဖွဲ့သည် ဘဏ်၏ အရာရှိများမှာ 'သင့်လျော်မှန်ကန်မှုရှိကြောင်း' သေချာစေရန် တာဝန်ရှိပြီး ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်ခန့်အပ်ရာတွင် ၎င်းတို့အား မခန့်အပ်မီ တစ်လကြိုတင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက်ကို တောင်းခံရမည်။ သင့်လျော်မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးသည့် စံသတ်မှတ်ချက်များတွင် ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နာမည်ကောင်းရှိခြင်း၊ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိခြင်း (နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့်ဆိုင်သည့် သတ်မှတ်ချက်များဆိုင်ရာ လမ်းညွှန်ချက်အပါအဝင်) နှင့် ငွေရေးကြေးရေးခိုင်မာတောင့်တင်းခြင်းတို့ ပါဝင်ပါသည်။ ဤသတ်မှတ်ချက်များမှာ မြန်မာကုမ္ပဏီများဥပဒေ၊ အပိုဒ် ၁၇၅ တွင် ဖော်ပြထားသော သတ်မှတ်ချက်များထက် ပို၍ အသေးစိတ်အားထုတ်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။ ဥပဒေတွင် ဒါရိုက်တာများ၏ အသက်မှာ ၁၈ နှစ်ထက်ကျော်လွန်ရန် လိုအပ်ကြောင်း၊ စိတ်ပေါ့သွပ်ခြင်းမရှိသူဖြစ်ရန် လိုအပ်ကြောင်း၊ ဒေဝါလီခံရခြင်း မရှိထားကြောင်း စသည့် သတ်မှတ်ချက်များပါရှိပြီး ထိုသတ်မှတ်ချက်များနှင့် မကိုက်ညီပါက အရည်အချင်း ပြည့်မီသည်ဟု မသတ်မှတ်ပေ။

## ဘဏ်၏ ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၉/ ၂၀၁၉ (၂၅.၃.၂၀၂၀ မှစ၍ သက်ရောက်မည် ဖြစ်သည်) သည် ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့များအတွက် သတ်မှတ်ချက်များဖြစ်သည်။ ဘဏ်ဒါရိုက်တာများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက် ရရှိထားရန် လိုအပ်ပြီး ဘဏ်တိုင်းတွင် အဖွဲ့ဝင် (၁၁) ဦးထက်မပိုသော ဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင် ဘဏ်၏အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ယောက် အနည်းဆုံးရှိရန် လိုအပ်ပြီး အဖွဲ့ဝင် (၁၁) ဦးနှင့် (၁၅) ဦးကြားရှိသည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းလျှင် ဘဏ်၏အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၂) ယောက် အနည်းဆုံးရှိရန် လိုအပ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်၏ အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာဆိုသည်မှာ ဆက်နွယ်သူမဟုတ်သော (အောက်တွင် ကြည့်ပါ) ဘဏ်၏ မဲပေးပိုင်ခွင့်ရှိသည့် အစုရှယ်ယာ ၅% အောက်ပိုင်ဆိုင်သူဟု အဓိပ္ပာယ် ကန့်သတ်၍ ဖွင့်ဆိုထားသည်။ သို့ရာတွင် ယင်းသည်ပင် ယနေ့အချိန်ထိ သီးခြားလွတ်လပ်သော ဒါရိုက်တာနှင့်သက်ဆိုင်သော မြန်မာနိုင်ငံ၏ သတ်မှတ်ချက်ဖြစ်သည့်အပြင် တစ်ခုတည်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ဖြစ်သည်။ ကုမ္ပဏီမှတ်ပုံတင်အရာရှိကလည်း မြန်မာကုမ္ပဏီများဥပဒေ အပိုဒ် ၁၇၅ - စ တွင် ဖော်ပြထားသကဲ့သို့ သီးခြားလွတ်လပ်သော ဒါရိုက်တာများ၏ 'သတ်မှတ်အရည်အချင်းများ၊ အခွင့်အရေးများနှင့် တာဝန်များ' ကို အဓိပ္ပာယ်သတ်မှတ်၍ ဖွင့်ဆိုထားခြင်း မရှိသေးသလို ဘဏ်မဟုတ်သည့် ကုမ္ပဏီများတွင် သီးခြားလွတ်လပ်သော ဒါရိုက်တာများအား ခန့်အပ်ရမည့် သတ်မှတ်ချက် မရှိသေးပေ။ ညွှန်ကြားချက်အမှတ် ၉/ ၂၀၁၉ တွင် ဘုတ်အဖွဲ့ဆိုင်ရာ စီမံအုပ်ချုပ်မှု၊ အကျိုးစီးပွား

48 ယင်းတို့တွင် အမှုဆောင်အရာရှိချုပ်၊ မန်နေဂျင်းဒါရိုက်တာ၊ လက်ထောက်မန်နေဂျင်းဒါရိုက်တာ၊ ငွေရေးကြေးရေးဆိုင်ရာ အရာရှိချုပ်၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအရာရှိချုပ်၊ လိုက်နာကျင့်သုံးခြင်းဆိုင်ရာ အရာရှိချုပ်၊ ကုမ္ပဏီတွင်းစာရင်းစစ်ချုပ်၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိချုပ်နှင့် ကြွေးမြီဆိုင်ရာအရာရှိချုပ်တို့ ပါဝင်သည်။

ပဋိပက္ခနှင့် ဒါရိုက်တာများ၏ လုပ်ငန်းကျွမ်းကျင်မှုအား အဆက်မပြတ် မြှင့်တင်ခြင်းတို့နှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များကို အသေးစိတ်ဖော်ပြပေးထားသဖြင့် မြန်မာကုမ္ပဏီများဥပဒေတွင် ပါရှိသည့် ကန့်သတ်မှုရှိနေသော ပြဋ္ဌာန်းချက်တချို့ထက် ပိုမိုပြည့်စုံကြောင်း တွေ့ရှိရသည်။

## ဘဏ်၏ပြင်ပစာရင်းစစ်များနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၁၀ / ၂၀၁၉ သည် နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် အကျုံးဝင်မည်ဖြစ်ပြီး ဘဏ်အနေနှင့် မြန်မာနိုင်ငံစာရင်းကောင်စီမှ လက်မှတ်ရထားသည့် အရည်အချင်းပြည့်မီသော ပြင်ပစာရင်းစစ်အား နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ခန့်အပ်ရန်လိုအပ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက်ကိုလည်း လိုအပ်သည်။ ပြင်ပစာရင်းစစ်အား ငါးနှစ်တစ်ကြိမ် အစားထိုးခန့်အပ်ရမည်ဖြစ်ပြီး ပြင်ပစာရင်းစစ်တစ်ဦးတည်းအား တစ်ဆက်တည်း သုံးကြိမ်ထက်ကျော်လွန်၍ ခန့်ထားခြင်း မပြုရပေ။ ညွှန်ကြားချက်များတွင် စာရင်းနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များပါရှိပြီး အပိုဒ် ၃၄ - ၃၅ အရ ဘဏ်သည် ပြင်ပစာရင်းစစ်မှ စာရင်းစစ်ဆေးပြီးသည့် အလုံးစုံပါဝင်သော ဝင်ငွေရှင်းတမ်းနှင့် ဘဏ္ဍာရေးအခြေအနေဖော်ပြချက်တို့ကို စာရင်းစစ်ထင်မြင်ယူဆချက်နှင့်အတူ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် လေးလအတွင်း ယင်း၏ ဝက်(ဘ်)ဆိုဒ်နှင့် မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုသည့် သတင်းစာအနည်းဆုံးတစ်စောင်တွင် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။ ထို့အပြင် ဘဏ်သည် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောနေ့ရှိ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာမိတ္တူကို ယင်း၏ ဘဏ်လုပ်ငန်းဆောင်ရွက်သည့် ရုံးများနှင့် ဘဏ်ခွဲတစ်ခုချင်းစီရှိ ခန်းမများ၏ မြင်သာသောနေရာတွင် တစ်နှစ်ပတ်လုံး ပြသထားရမည်။

## ဆက်နွယ်သူများဆိုင်ရာ ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၁၁ / ၂၀၁၉ သည် လက်ငင်းသက်ရောက်သော ညွှန်ကြားချက်ဖြစ်ပြီး ဆက်နွယ်သူများအား ချေးငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများနှင့် ဆက်နွယ်သူများနှင့် ပတ်သက်သည့် ဘဏ်၏ဝန်ဆောင်မှုများအတွက် ငွေပေးချေမှုများ၊ ဘဏ်၏ ဥပစာ၊ ဝန်ထမ်းရေးရာကိစ္စ သို့မဟုတ် ပစ္စည်းကိရိယာကဲ့သို့သော အထောက်အပံ့ ပစ္စည်းများအား အသုံးပြုခြင်းအတွက် ငွေပေးချေမှုများနှင့် ဘဏ်၏ရရန်ပိုင်ခွင့်များ ရောင်းချခြင်းအတွက် ငွေပေးချေမှုများ အစရှိသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အား အစီရင်ခံတင်ပြရမည့် သတ်မှတ်ချက်များအား ညွှန်ကြားချက်ထုတ်ပြန်ထားခြင်း ဖြစ်သည်။

ဘဏ်နှင့်ဆက်နွယ်သူများဆိုသည်မှာ - (၁) ဘဏ်တွင် အကျိုးစီးပွား အများအပြားရှိသူ သို့မဟုတ် ဘဏ်တစ်ခုက ပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊ (၂) ဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ဘဏ်ကို ထိန်းချုပ်နိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု၊ (၃) အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့ပါ လူပုဂ္ဂိုလ်တစ်ဦး၏ ဆွေမျိုးသားချင်းတစ်ဦးဦး၊ (၄) အပိုဒ်ခွဲငယ် (၁) မှ (၃) ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုခု၊ (၅) ဘဏ်၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာရှိနေခြင်း သို့မဟုတ် ဘဏ်နှင့် ဆက်နွယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွယ်နေသူဟု ဗဟိုဘဏ်ကသတ်မှတ်ခြင်းခံရသူဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဆွေမျိုးသားချင်း၏ အဓိပ္ပာယ်အား လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏

ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူသားသမီး၊ မြေးမြစ်များ၊ ၎င်းကို မှီခိုသူများနှင့်မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများဟု ဖွင့်ဆိုထားပါသည်။[49]

### အဓိကကျသည့် အကျိုးစီးပွားဆိုင်ရာ ညွှန်ကြားချက်

ညွှန်ကြားချက်အမှတ် ၁၂/ ၂၀၁၉ သည် လက်ငင်းသက်ရောက်မှုရှိသော ညွှန်ကြားချက်ဖြစ်ပြီး 'အဓိကအကျိုးစီးပွား' ၏ အဓိပ္ပာယ်အား 'ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း' ဟူ၍ သတ်မှတ်ထားသည်။ 'အဓိကအကျိုးစီးပွား'ကို မြန်မာကုမ္ပဏီများဥပဒေတွင်[50] ဖော်ပြထားခြင်းမရှိပေ။ ဘဏ်တွင် အဓိကကျသည့် အကျိုးစီးပွားကို ရယူပိုင်ဆိုင်လိုလျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်သဘောတူခွင့်ပြုချက်ကိုရယူရန် လိုအပ်သည်။ ထို့အပြင် ဘဏ်များက အဓိကကျသည့် အကျိုးစီးပွားရယူထားသော အစုရှယ်ယာရှင်များနှင့် ၎င်းတို့၏ အစုရှယ်ယာများကို နှစ်စဉ်အစီရင်ခံတင်ပြရမည်။

အခြားနိုင်ငံများ၏ ကုမ္ပဏီဥပဒေများရှိ 'အဓိကကျသည့် အကျိုးစီးပွား' အဆင့်များသည် အမျိုးမျိုးကွဲပြားသည် (အမေရိကန်နိုင်ငံတွင် ၃%၊ နယ်သာလန်နိုင်ငံတွင် ၅%၊ အိန္ဒိယနိုင်ငံတွင် ၂၀%၊ ယူကေနိုင်ငံတွင် ဆန္ဒမဲပေးပိုင်ခွင့် ၃၀%)။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက် ၁၂/ ၂၀၁၉ ရှိ ၁၀% အဆင့်သည် မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) (အောက်တွင်ကြည့်ပါ)ရှိ အကျိုးအမြတ်ပိုင်ဆိုင်မှု ၅% ထက် ပိုမိုမြင့်မားပြီး ၅% အား အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) နှင့် ပွင့်သစ်စအစီရင်ခံစာနှင့်ပတ်သက်၍ စာရင်းကောက်ယူရာတို့တွင် အသုံးပြုထားသည်။

### ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (SECM) ကို ၂၀၁၃ ခုနှစ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ[51] အရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ (O.T.C) ဈေးကွက်၊ စတော့အိတ်ချိန်းနှင့် ၎င်း၏ တာဝန်ရှိပုဂ္ဂိုလ်များ၊ လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများ၊ စာရင်းစစ်များနှင့် ကိုယ်စားလှယ်များအားလုံးကို ကြီးကြပ်ကွပ်ကဲရန် ရည်ရွယ်သည်။ ကြီးကြပ်ကွပ်ကဲရေးအပိုင်းတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အခန်း ၆ တွင် ဖော်ပြထားသည့်အတိုင်း ငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ ကော်မရှင်သို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။ ခွင့်ပြုချက်ရရှိရန် ရက်ပေါင်း ၆၀ ကြာမြင့်မည်ဖြစ်ပြီး ငွေချေး

---

49 ယင်းသည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းဆိုင်ရာ အစီရင်ခံစာတွင်ပါဝင်သည့် နိုင်ငံရေးအရ သြဇာအာဏာရှိသူများကဏ္ဍတွင် ထည့်သွင်းထားသော မိသားစုဝင်၏ အဓိပ္ပာယ်ပြဋ္ဌာန်းချက်နှင့် မတူညီပေ။ ထိုအစီရင်ခံစာတွင် ဖွင့်ဆိုထားသည့် မိသားစုဝင်ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ ဘိုးဘွား၊ မြေး၊ ဦးလေး၊ အန်တီ၊ တူ၊ တူမနှင့် ဝမ်းကွဲမောင်နှမအများအပြင် ရင်းနှီးသောမိတ်ဆွေများ (လုပ်ငန်းခွင် သို့မဟုတ် လူမှုအသိုင်းအဝိုင်း)ကို ဆိုလိုခြင်းဖြစ်သည်။

50 'ပိုင်ဆိုင်မှုအကျိုးခံစားခွင့်'ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း ၃၅% နှင့်အထက် နိုင်ငံခြားပိုင်ဆိုင်မှုရှိသော 'နိုင်ငံခြားကုမ္ပဏီ' အား အခြေခံသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးမဟုတ်ပေ။

51 Securities Exchange Law ၂၀/၁၃၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁။

သက်သေခံလက်မှတ်များကို ရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အား ပြည်ထောင်စု ဘဏ္ဍာငွေဖြင့် ထော်ပံ့ထားခြင်းဖြစ်ပြီး ကြီးကြပ်ကွပ်ကဲရေးတာဝန်များကို ဆောင်ရွက်နိုင်ရန် အထူးသဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ တာဝန်ဝတ္တရားများအပြင် (O.T.C) စျေးကွက်တွင်ရှိသော ကုမ္ပဏီများကို ကြီးကြပ်ရန်အတွက် လိုအပ်သည့်အင်အားနှင့် ကျွမ်းကျင်မှုများ မလုံလောက်ပါ။ ငွေချေးသက်သေခံလတ်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကော်မရှင် (SECM) သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် စာရင်းစစ်ခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အဆင့်အတန်း၊ စံနှုန်းများအား ပြုစုရေးဆွဲရန်လည်း တာဝန်ရှိသည်။ လိုအပ်ချက်တစ်ခုရှိသည်မှာ မြန်မာကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာကျင့်ဝတ်ကို ပြုစုရန်ဖြစ်ပြီး ဤလိုအပ်ချက်ကို မြန်မာအစိုးရအား ပံ့ပိုးပေးလျက်ရှိသော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ ရလဒ်အဖြစ် ပေါ်ထွန်းလာနိုင်ပါသည် (အောက်တွင်ကြည့်ပါ)။

## စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း

'စဉ်ဆက်မပြတ်ထုတ်ဖော်ပြသခြင်း' ဆိုင်ရာ လိုအပ်ချက်များကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများနှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး အမိန့်ကြော်ငြာစာ ၁/၂၀၁၆[52] တွင် သတ်မှတ်ထားသည်။ ထိုလိုအပ်ချက်များသည် အောက်ပါတို့တွင် အကျုံးဝင်သည်။

- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီများ[53]။
- (O.T.C) စျေးကွက်တွင် ၎င်း၏ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ။
- ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချရန် ကော်မရှင်မှ အတည်ပြုထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ[54]။
- အစုရှယ်ယာဝင်ထားသူ (၁၀၀) ထက်မနည်းရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ[55]။

အထက်ပါစာရင်းတွင်ပါဝင်သော ကုမ္ပဏီများသည် အောက်ပါတို့ကိုတင်ပြရန် လိုအပ်သည်။

---

52 ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၌ ထုတ်ပြန်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၁၈၀၆။ လက်ရှိတွင် မြန်မာဘာသာဖြင့်သာ ရရှိနိုင်သည်။ စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် ထုတ်ဖော်ကြေညာခြင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့်ပတ်သက်သည့် ကြေညာချက်၊ SECM အမိန့်ကြေညာစာအမှတ် ၁/ ၂၀၁၆၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်။

53 ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ (၅) ခုရှိရာ ၎င်းတို့မှာ - First Myanmar Investment Public Co., Ltd.(FMI)၊ Myanmar Thilawa SEZ Holdings Public Ltd.(MTSH)၊ Myanmar Citizens Bank Ltd.(MCB)၊ First Private Bank Ltd.(FPB) နှင့် TMH Telecom Public Co., Ltd.(TMH) တို့ဖြစ်ကြသည်။

54 လက်ရှိတွင် ကုမ္ပဏီ (၃) ခုဖြစ်သော Yangon Bus Public Company၊ Myanmar Agro Exchange Public နှင့် Amata Holding Public Co, တို့ကို ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က ပြည်တွင်း OTC စျေးကွက်တွင် ရှယ်ယာများရောင်းချခွင့်ပြုထားသည်။

55 အစီရင်ခံခြင်း ကင်းလွတ်ခွင့်ရသော ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းရပ်ဆိုင်းထားသည်ဖြစ်စေ၊ လုပ်ငန်းဖျက်သိမ်းရန် စီစဉ်ထားသည်ဖြစ်စေ (သို့မဟုတ်)ကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၌ပါရှိသည့် သက်သေခံလက်မှတ်ကိုင်ဆောင်သူအရေအတွက်ထက် ကုမ္ပဏီရှိ စုစုပေါင်းအရေအတွက်သည် နည်းပါးနေသည်ဖြစ်စေ ကင်းလွတ်ခွင့်ရမည်ဖြစ်သည် (လူဦးရေအယောက်တစ်ရာ)။

- နှစ်ပတ်လည်အစီရင်ခံစာများ (နည်းဥပဒေ ၁၁၈ အရ) ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် ၃ လထက် နောက်ကျစေခြင်းမရှိဘဲ တင်ပြရမည်။
- နှစ်ဝက်အစီရင်ခံစာများ (နည်းဥပဒေ ၁၂၁) ကို ဘဏ္ဍာရေးနှစ်၏ ပထမ ၆ လ ကုန်ဆုံးပြီးနောက် ၃ လထက် နောက်ကျစေခြင်းမရှိဘဲ ကော်မရှင်သို့ တင်ပြရမည်။
- အထူးအစီရင်ခံစာများ။

နှစ်ပတ်လည်အစီရင်ခံစာများတွင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် အတည်ပြုပြဌာန်းခဲ့သည့် ယင်း၏ ယခင်ဘဏ္ဍာရေးနှစ် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း၊ ဤစာရင်းများပါဝင်သည့် စာရင်းစစ်အစီရင်ခံစာနှင့် ကုမ္ပဏီ၏ အရေးကြီးသော အချက်အလက်များကိုလည်း ပါဝင်ရမည်ဖြစ်သည်။ အရေးကြီးသော အချက်အလက်များ (နည်းဥပဒေ ၁၀၉) ဆိုသည်မှာ -

- ကုမ္ပဏီ၏သမိုင်းကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်း၏ပင်မနှင့် လက်အောက်ခံကုမ္ပဏီများ၊ ယင်းနှင့်ဆက်စပ်သည့်ကုမ္ပဏီများ၊ ယင်း၏ဝန်ထမ်းများ စသည်တို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအပါအဝင် ကုမ္ပဏီ၏အကြောင်းအရာအကျဉ်းချုပ်။
- ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အဓိကဈေးကွက်များ၊ ကုမ္ပဏီမှ ရင်ဆိုင်နေရသည့် အဓိက အန္တရာယ်နှင့် မရေရာမှုများ၊ အရေးကြီးသော စာချုပ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုများ စသည်တို့ပါဝင်သည့် လုပ်ငန်းသုံးသပ်ချက်။
- ကုမ္ပဏီ၏ပစ္စည်းကိရိယာများတွင် ရင်းနှီးမြှုပ်နှံမှု၊ ပင်မစက်ရုံနှင့် ပစ္စည်းကိရိယာများစသည့် သတင်းအချက်အလက်များပါဝင်သည့် ကုမ္ပဏီ၏စက်ရုံနှင့် ပစ္စည်းကိရိယာများ ဖော်ပြချက်နှင့်
- အဓိကအစုရှယ်ယာပိုင်ရှင်များ၊ အမြတ်ဝေစုမူဝါဒ၊ အဖွဲ့အစည်းဖွဲ့စည်းမှု ပုံသဏ္ဍာန်၊ စီမံခန့်ခွဲမှုစနစ်စသည့် သတင်းအချက်အလက်များပါဝင်သည့် ကုမ္ပဏီ၏ အကြောင်းအရာဖော်ပြချက်တို့ဖြစ်သည်။

နှစ်ဝက်အစီရင်ခံစာများတွင် စာရင်းစစ်ထားပြီးဖြစ်သော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းများ ပါဝင်ရမည်ဖြစ်သည်။ သက်ဆိုင်သောကာလအတွင်း ပေါ်ပေါက်ခဲ့သည့် အဓိကဖြစ်ရပ်နှင့် ရောင်းဝယ်မှုများ၊ ယင်းတို့ကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ထိန်းချုပ်တာဝန်ယူမှုများအပေါ် ရိုက်ခတ်မှုများနှင့် သက်ဆိုင်သောကာလအတွင်း ကုမ္ပဏီ၏ ငွေရေးကြေးရေးအခြေအနေ၊ စွမ်းဆောင်မှုနှင့် ထိန်းချုပ်တာဝန်ယူမှုများကို ယေဘုယျဖော်ပြထားသည့် ဒါရိုက်တာများ၏ အစီရင်ခံစာ သို့မဟုတ် စီမံအုပ်ချုပ်သူများ၏ ကြားဖြတ်အစီရင်ခံစာများလည်း ပါဝင်ရမည် ဖြစ်သည် (နည်းဥပဒေ ၁၂၁)။

အထူးအစီရင်ခံစာများကို အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ (လက်အောက်ခံကုမ္ပဏီများ အပါအဝင်) က အောက်ပါ အခြေအနေများတွင် လိုအပ်သည်။

- မိခင်ကုမ္ပဏီ (သို့မဟုတ်) လက်အောက်ခံကုမ္ပဏီ ပြောင်းလဲခြင်း၊
- ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ဆိုင်မှုကို အခြေခံသော မဲပေးပိုင်ခွင့် ၂၀% ထက်ကျော်လွန်ပိုင်ဆိုင်သော အဓိကရှယ်ယာပိုင်ရှင်များ အပြောင်းအလဲ၊
- ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်စေသည့် ဘေးအန္တရာယ် ကျရောက်ခြင်း၊
- ကုမ္ပဏီအား တရားစွဲဆို၍ လျော်ကြေးတောင်းခံမှု (သို့မဟုတ်) ယင်းတရားစွဲဆို

ခြင်းကိုဖြေရှင်းမှု (သို့မဟုတ်) လျော်ကြေးပေးချေမှု၊

- ကုမ္ပဏီမှ ဆောင်ရွက်နေသည့် အရေးကြီးတာဝန်များအား အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့လွှဲပြောင်းပေးခြင်း (သို့မဟုတ်) အခြားပုဂ္ဂိုလ်တစ်ဦးထံမှ လွှဲပြောင်းလက်ခံခြင်း၊
- ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ (သို့မဟုတ်) မန်နေဂျာအပြောင်းအလဲ၊
- ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုသည့် အထွေထွေနှစ်ပတ်လည် အစည်းအဝေး ဆုံးဖြတ်ချက်မှတပါး၊ ရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက် (သို့မဟုတ်) အထူးအစည်းအဝေး၏ ဆုံးဖြတ်ချက်၊
- ကုမ္ပဏီ၏ စာရင်းစစ် အပြောင်းအလဲ၊
- ကုမ္ပဏီအားအတင်းအကျပ်ဖျက်သိမ်းရန် လျှောက်ထားမှု၊ သဘောဆန္ဒအလျောက် စီစဉ်ဆောင်ရွက်မှုများ၊
- မိမိဆန္ဒအရ ကုမ္ပဏီဖျက်သိမ်းခြင်း (သို့မဟုတ်) တရားရုံး၏ အမိန့်ဖြင့် ကုမ္ပဏီ ဖျက်သိမ်းခြင်း၊
- ကုမ္ပဏီ ငွေရေးကြေးရေးဆိုင်ရာ တောင်းခံမှုကြီးများကို ပေးရန် ပျက်ကွက်ခြင်း (သို့မဟုတ်) ပေးရန်ပျက်ကွက်မည်ဟု စိုးရိမ်ရန် အကြောင်းပေါ် ပေါက်လာခြင်း၊
- စာရင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် အကျုံးဝင်သက်ဆိုင်သည့် နောက်ဆက် တွဲဖြစ်ရပ်များမှ ကိစ္စရပ်တစ်ရပ်ဖြစ်ပွားမှု (သို့မဟုတ်) ဖြစ်ရပ်တစ်ရပ်ဖြစ်ပွားမှု။

အထက်ဖော်ပြပါ အစီရင်ခံစာအားလုံးကို နည်းဥပဒေ ၁၂၄ အရ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးစလုံးဖြင့် ပုံနှိပ်ထားရှိပြီး အများပြည်သူ အလွယ်တကူ ရရှိနိုင်ရမည် ဖြစ်သည်။ ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် ဝက်(ဘ်)ဆိုဒ်တွင် နှစ်ပတ်လည်အစီရင်ခံစာများကို (၅) နှစ်အထိ၊ နှစ်ဝက် အစီ ရင်ခံစာကို (၃) နှစ်နှင့် အထူးအစီရင်ခံစာကို (၁) နှစ်အထိ အများပြည်သူ သိရှိနိုင်ရန် ပုံနှိပ် ထားသည့် ပုံစံဖြစ်စေ၊ ဝက်(ဘ်)ဆိုဒ်တွင် အီလက်ထရောနစ်ပုံစံဖြစ်စေ ထားရှိရမည်။ စာရင်းဝင်ကုမ္ပဏီများသည်လည်း ၎င်းတို့ကို ရန်ကုန်စတော့အိတ်ချိန်းတွင် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ရမည် ဖြစ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်း

ရန်ကုန်စတော့အိတ်ချိန်း (YSX) သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်း ဝယ်ရေး နည်းဥပဒေများ (၂၀၁၅ ခုနှစ်) အခန်း ၈ အရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ကြီးကြပ်ကွပ်ကဲသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် ဂျပန်ရင်းနှီးမြှုပ်နှံမှုဘဏ် Daiwa Securities Group နှင့် မြန်မာ့ စီးပွားရေးဘဏ် (MEB) တို့ကြား စီးပွားဖက်အဖြစ် တည်ထောင်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ် (MEB) က အများစု ပိုင်ဆိုင်သည်။ ရန်ကုန်စတော့အိတ်ချိန်း (YSX) က ရှယ်ယာနှင့် ရောင်း ဝယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းအချို့ကို ထုတ်ပြန်ထားသော်လည်း ရန်ကုန်စတော့ အိတ်ချိန်း (YSX) နှင့် သတင်းအချက်အလက်များအား ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ကြောင့် အဓိက ဆောင်ရွက်လာခြင်းဖြစ်ပါသည် [56] (အထက်တွင်ကြည့်ပါ)။

56 ရန်ကုန်စတော့အိတ်ချိန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အောက်ပါလင့်ခ်တွင်ကြည့်ပါ။ http://ysx-mm.com/regulations/ysxregulations/

## မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ

၂၀၁၆ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ[57] သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လိုက်နာကျင့်သုံးရန် တူညီသည့်ဥပဒေတစ်ရပ် ဖြစ်သည်။ ဤဥပဒေသည် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၃ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို အစားထိုးထားသော ဥပဒေတစ်ရပ်လည်းဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (MIR)[58] အား လက်ခံကျင့်သုံးလာကြသည်။ ဥပဒေအသစ်နှင့် စည်းမျဉ်းစည်းကမ်းအသစ်များတွင် ယခင် ၂၀၁၂ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်နှိုင်းယှဉ်လျှင် အချို့သောပြောင်းလဲမှုများကို ထည့်သွင်းမိတ်ဆက်ထားသည်။ထိုပြောင်းလဲမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ခွင့်ပြုချက်အမျိုးအစားသစ်များအား ထည့်သွင်းမိတ်ဆက်ထားသည်။ တစ်ခုမှာ မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC)၏ အပြည့်အဝခွင့်ပြုချက်၊ အခြားတစ်ခုမှာ မြေနေရာအသုံးပြုနိုင်ရန်အတွက် အတည်ပြုချက် (သို့မဟုတ်) ထောက်ခံချက်တို့ဖြစ်သည်။ ဤဒုတိယလုပ်ငန်းစဉ်သည် နဂိုအခြေအနေနှင့်နှိုင်းယှဉ်လျှင် ပိုမိုမြန်ဆန်သင့်သည်။ မဟာဗျူဟာကျသော၊ ကြီးမားသော၊ သဘာဝပတ်ဝန်းကျင် (သို့မဟုတ်) လူမှုဝန်းကျင်အား သက်ရောက်မှု ရှိသော စီမံကိန်းများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်အပြည့်အစုံရရှိရန်လိုအပ်သည်။ (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၏ အပိုဒ် ၃၆၊ မြန်မာ့ရင်းနှီးမြှုပ်နှံစည်းမျဉ်းများ (၃-၁၁) တွင် ထပ်မံဖော်ပြထားသည်)
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေသည် ရင်းနှီးမြှုပ်နှံသူတိုင်းအတွက် သက်ရောက်မှုရှိသည်။ ယခင် ၂၀၁၂ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကိုင်ဆောင်ထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့်သာသက်ဆိုင်သည်။ ယခုမြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများအားလုံးသည် ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူအဖြစ်အကျုံးဝင်သည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအား လက်ခံကျင့်သုံးပြီးနောက် အစိုးရသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒ[59] တစ်ခုကိုလည်း ၂၀၁၆ ဒီဇင်ဘာတွင် လက်ခံကျင့်သုံးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် "တာဝန်ယူမှုရှိပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု" ကို ကြိုဆိုသည်ဟူသောအချက်ကို ထင်ရှားစေပြီး လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ပွင့်လင်းမြင်သာသော၊ ရှင်းလင်းသော၊ မြန်ဆန်ထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ပေးမည်ဟု ကတိပေးရာရောက်သည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အချက် (၅) တွင် "ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံးပြီး သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ အကြောင်းအရာများကို ခွဲခြားဆက်ဆံခြင်း လုံးဝမရှိသော တန်းတူညီတူနည်းဖြင့် ဖြေရှင်းလုပ်ကိုင်ရမည်" ဟု ဖော်ပြထားသည်။

57 VDB, Client Briefing Note: What Changes in Practice under the New Investment Law?, ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်

58 မြန်မာ့ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်းများ၊ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇၊ ၂၀၁၇ ခုနှစ် မတ်လ ၃၀။

59 မြန်မာရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကုမ္ပဏီများအတွက် ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ သတ်မှတ်ချက်များပါရှိသော်လည်း ယနေ့အချိန်ကာလအထိ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က ထိုပွင့်လင်းမြင်သာမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ခြင်း (သို့မဟုတ်) လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းအရေးယူခြင်း မပြုလုပ်ရသေးပါ။

## မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာ အကျဉ်းချုပ်အား အဆိုပြုလွှာကို လက်ခံရရှိသည့် (၁၀) ရက်အတွင်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထိုအဆိုပြုလွှာအား စိစ်ဆေးဆုံးဖြတ်ခြင်းမပြုမီ အများပြည်သူများသိရှိစေရန် ထုတ်ပြန်ရမည်ဖြစ်ကြောင်း သတ်မှတ်ချက်ပါရှိသည်။ သို့သော်လည်း ထိုအဆိုပြုလွှာ အကျဉ်းချုပ်များအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က သဘောတူလက်ခံပြီးမှသာလျှင် ထုတ်ပြန်ကြေညာကြောင်း သိရှိရသည်။ ထို့အပြင် သတင်းအချက်အလက်မှာ ပြည့်စုံမှုမရှိသည့်အပြင် ရင်းနှီးမြှုပ်နှံသူများက စာရွက်စာတမ်းဖြည့်စွက်ရာတွင် လက်ရေးဖြင့်ရေးသားပြီး PDF အဖြစ် အသွင်ပြောင်းလိုက်ခြင်းကြောင့် ထိုအချက်အလက်များကို အွန်လိုင်းတွင် ရှာဖွေလိုသောအခါတွင် အလွန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည်ကော်မရှင်က ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြအစီရင်ခံရန် လိုအပ်ပြီး (မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အပိုဒ် ၂၄ ဆ) ၎င်း၏ ဝက်(ဘ်)ဆိုဒ်တွင်လည်း ရက်ပေါင်း (၂၀) အတွင်း ထိုအစီရင်ခံစာအား အများပြည်သူသိရှိရန် ထုတ်ပြန်ရမည် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ ၁၄၈)။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်းများအရယင်းအစီရင်ခံစာတွင်အောက်ဖော်ပြပါအချက်အလက်များ ပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုအခြေအနေ၊

(ခ) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်သည့်ဌာနခွဲနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအကျဉ်းချုပ်နှင့် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်ချက်များ အပါအဝင် ကော်မရှင်၏ အဓိကလုပ်ငန်းဆောင်ရွက်ချက်များ၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၏ တိုင်ကြားချက်များအတွက် နစ်နာမှုဖြေရှင်းချက်များ အကျဉ်းချုပ်နှင့်

(ဃ) ရင်းနှီးမြှုပ်နှံသူများအပေါ် ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များစာရင်း။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ဝက်(ဘ်)ဆိုဒ်တွင် အစီရင်ခံစာအကျဉ်းချုပ်[60] သာ ရယူနိုင်ပါသည်။

60 Summary on Annual Investment Report of the Myanmar Investment Commission 2017-2018 Financial Year

## ရင်းနှီးမြှုပ်နှံသူ၏ ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုင်ဆောင်ထားသူများ (သို့မဟုတ်) (ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်နယ်/ တိုင်းအဆင့်မှ[61]) အခွန်သက်သာခွင့်ရရှိထားသူများ သည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ထားသောပုံစံဖြင့် တင်ပြပြီး အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ၁၉၆/၁၉၉)။ ပါဝင်ရမည့် အကြောင်းအရာများမှာ

၁။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲခြင်း - တိုးတက်မှု၊ အရေးပါသည့်ပြောင်းလဲမှုများ၊ ဥပဒေအားလိုက်နာဆောင်ရွက်မှုနှင့် လိုက်နာရန်ပျက်ကွက်ပါက ပျက်ကွက်ရသည့်အကြောင်းရင်း၊ စာရင်းစစ်ဆေးပြီးသော ငွေစာရင်းရှင်းတမ်းများ

၂။ အခွန်သက်သာခွင့်များနှင့် ဖုန်အလိုက် ရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်များ (သက်ဆိုင်ပါက)

၃။ ရင်းနှီးမြှုပ်နှံမှုအား ရေရှည်တည်တံ့မှုဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီစေရန် မည်သို့ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတွင်ပါဝင်ရမည့်အချက်များမှာ -

- ဝန်ထမ်း၏ စွမ်းဆောင်မှုအရည်အသွေး၊
- ရင်းနှီးမြှုပ်နှံရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူလူထုအပေါ် သက်ရောက်မှု၊
- မြေယာအသုံးပြုမှုနှင့်၊
- မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အပိုဒ် ၃ ရှိ ရည်မှန်းချက်များအား ပြည့်မီစေရန် ရင်းနှီးမြှုပ်နှံမှုအား မည်သို့ဆောင်ရွက်နေကြောင်း၊ ဆိုလိုသည်မှာ လူမှုအသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဘေးအန္တရာယ် မကျရောက်စေဘဲ နိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးရှိစေရန်အပြင် အပြည်ပြည်ဆိုင်ရာစံနှုန်းများ ပြည့်မီစေရန်အတွက် တာဝန်ယူမှုရှိသော၊ ရေရှည်တည်တံ့သော သန္နိဋ္ဌာန်ဖြင့် ရင်းနှီးမြှုပ်နှံမှုအား မည်သို့ဆောင်ရွက်နေကြောင်း၊

ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ်အစီရင်ခံစာ၏ အကျဉ်းချုပ်ကို တင်ပြသည့်နေ့မှစ၍ (၃) ရက်အတွင်း ယင်း၏ ဝက်(ဘ်)ဆိုဒ်တွင်ဖြစ်စေ (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အား ဝက်(ဘ်)ဆိုဒ်လိပ်စာကို အကြောင်းကြားခြင်းဖြင့်) အများပြည်သူသိရှိစေရန် ထုတ်ပြန်ရမည် (သို့မဟုတ်)အကယ်၍ ရင်းနှီးမြှုပ်နှံသူ၌ ဝက်(ဘ်)ဆိုဒ်မရှိပါက ကော်မရှင်၏ ဝက်(ဘ်)ဆိုဒ်တွင် soft copy တင်၍ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည် (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ ၁၉၉)။

လက်တွေ့တွင်မူ ထိုနှစ်ပတ်လည်ဆောင်ရွက်ချက်အစီရင်ခံစာများကို တင်ပြရန် (သို့မဟုတ်) ထုတ်ပြန်ပေးရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က ရင်းနှီးမြှုပ်နှံသူများအား ဇွန်လ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်တွင် သတိပေးခဲ့သော်လည်း လိုက်နာလုပ်ဆောင်ထားခြင်းမျိုးကို မတွေ့ရှိရသေးပါ[62]။

61 မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အား ရင်းနှီးမြှုပ်နှံမှုအများစုအတွက်မလိုအပ်သော်လည်း သတ်မှတ်ချက်တချို့ဖြင့်ကိုက်ညီလျှင်မူ ထိုခွင့်ပြုချက်အား လိုအပ်ပါသည်။ ၎င်းတို့မှာ - နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများ၊ မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ (သဘာဝပတ်ဝန်းကျင်သက်ရောက်မှုများအား လေ့လာဆန်းစစ်ချက် လိုအပ်မည်ဟု ဖော်ပြထားသည်)၊ နိုင်ငံပိုင်မြေနှင့် အဆောက်အဦများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ (သို့မဟုတ်) ကော်မရှင်သို့ အဆိုပြုချက် တင်ပြစေရန် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတို့ ဖြစ်ကြသည် (မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေ၊ - ၃၆)။

62 www.dica.gov.mm/en/news/notice-regarding-annual-performance-report, ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)သည် ပုံစံ-၁၁[63] ကို ရည်ညွှန်းထားသော်လည်း စည်းမျဉ်း ၁၉၆ အရ အစီရင်ခံစာတွင် လိုအပ်သောအကြောင်းအရာများ အလုံးစုံမပါဝင်သောကြောင့် အစီရင်ခံစာပုံစံကို ရှင်းလင်းအောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကုမ္ပဏီများသည် အစီရင်ခံစာများနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏လမ်းညွှန်ပြသမှုကိုလိုအပ်သော်လည်း ပတ်သက်ဆက်နွယ်သူများနှင့် ပိုမိုတွင်ကျယ်စွာ ဆက်သွယ်နိုင်ရန်အတွက် တစ်ချိန်တည်းမှာပင် ထိုအစီရင်ခံစာများကိုတင်ပြခြင်းနှင့် ကုမ္ပဏီဝက်(ဘ်)ဆိုဒ်များတွင် ထုတ်ပြန်ကြေညာခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

## ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၉ ရက်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီး အများပြည်သူ၏ အကြံပေးဆွေးနွေးခြင်းများဆောင်ရွက်ရန်နှင့် အဆိုပါဆန်းစစ်ချက် (လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများလည်းပါဝင်သည်) အစီရင်ခံစာကို တရားဝင်ထုတ်ပြန်ကြေညာရန် လိုအပ်သည်ဟု ထုတ်ပြန်ခဲ့သည်။ IEE/EIA လုပ်ငန်းစဉ်တစ်လျှောက် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည့် သတ်မှတ်ချက်အပြည့်အစုံကို မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များတွင် အများပြည်သူ ပူးပေါင်းပါဝင်မှုများအတွက် လမ်းညွှန်ချက်မူကြမ်းတွင် [64] အသေးစိတ်ဖော်ပြထားသည်။

အဆိုပါလုပ်ထုံးလုပ်နည်းတွင် (သဘာဝပတ်ဝန်းကျင်အား ကနဦးစစ်ဆေးခြင်း လုပ်ငန်းအတွက် ဥပဒေပုဒ်မ ၃၈၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းအတွက် ဥပဒေပုဒ်မ ၆၅) စီမံကိန်းအဆိုပြုသူ (ကုမ္ပဏီဖြစ်စေ အများနှင့်သက်ဆိုင်သော ကိုယ်စားလှယ်များဖြစ်စေ) အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်သွင်းပြီးနောက် ၁၅ ရက်ထက် နောက်မကျစေဘဲ လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အခြားအကျိုးသက်ဆိုင်သူများသိရှိနိုင်ရန် ထုတ်ဖော်ကြေညာရမည်ဖြစ်သည်။ ထိုသို့ ထုတ်ဖော်ကြေညာရမည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဖော်ပြထားရှိခြင်း။
- သတင်းစာကဲ့သို့သော မီဒီယာများမှတစ်ဆင့် ဆက်သွယ်အကြောင်းကြားခြင်း။
- စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင် ထုတ်ဖော်ကြေညာခြင်း။
- စီမံကိန်းအဆိုပြုသူ၏ ရုံးဌာနများတွင် ထုတ်ဖော်ကြေညာခြင်း။

အဆိုပါနေရာများအပြင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အစီရင်ခံစာကို လက်ခံရရှိပြီးသောအခါ အွန်လိုင်းပေါ်တွင် အများပြည်သူဝင်ရောက်လေ့လာနိုင်အောင် တင်ပြထားရှိရန် လိုအပ်သလို ၎င်း၏ဆုံးဖြတ်ချက် (သဘောတူခွင့်ပြုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ထုတ်ပေးပြီး အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည် (သို့မဟုတ်) ငြင်းပယ်ခံရလျှင်လည်း ထုတ်ပြန်ကြေညာရမည်) (EIA လုပ်ထုံးလုပ်နည်း

63 www.dica.gov.mm/sites/dica.gov.mm/files/document-files/form_11_e.pdf

64 www.myanmar-responsiblebusiness.org/pdf/2017-05-31-Draft_Guideline_Public_ Participation_Myanmar_EIA.pdf

များ၊ အပိုဒ် ၄၁၊ အပိုဒ် ၇၀၊ အပိုဒ် ၈၀) နှင့် ဆုံးဖြတ်ချက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများရှိပါကလည်း (EIA လုပ်ထုံးလုပ်နည်းများ၊ အပိုဒ် ၇၅) ယင်းတို့ကို ထုတ်ပြန်ကြေညာရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ကုမ္ပဏီအနေဖြင့် ၎င်း၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC)ကို ထုတ်ပြန်ကြေညာရန် သတ်မှတ်ချက်၊ တိတိကျကျ မရှိသော်လည်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲများတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကုမ္ပဏီ၏ ခြောက်လတစ်ကြိမ်ရေးသားထုတ်ပြန်သော စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာများကိုလည်း ကုမ္ပဏီ၏ စီမံကိန်း ပြီးဆုံးချိန်မှစ၍ (၁၀) ရက်အတွင်း ဝက်(ဘ်)ဆိုဒ်နှင့် အများပြည်သူဆိုင်ရာနေရာများတွင် ထုတ်ပြန်ကြေညာရန် လိုအပ်သည်။

သို့သော် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို (နိုင်ငံတကာ ကုမ္ပဏီကြီးများက ဦးဆောင်လွှမ်းမိုးနေသော[65]) ရေနံနှင့်သဘာဓာတ်ငွေ့ကဏ္ဍမှအပ အနည်းအကျဉ်းသော ကုမ္ပဏီများကသာ ထုတ်ဝေထားသည်။ ထို့အပြင် ကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်များ (ECC) ကိုလည်း အနည်းအကျဉ်းသာ ထုတ်ပြန်ထားကြောင်း တွေ့ရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်များ (ECC)ကို ကြည့်လျှင် ခွင့်ပြုမိန့်တွင် မည်သည့်သတ်မှတ်ချက်များ ပါဝင်ကြောင်းကို အများပြည်သူများက သိရှိနိုင်သည် (သို့ရာတွင် ယနေ့အချိန်ထိ အနည်းအကျဉ်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်များ (ECC) ကိုသာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်)။ အကျိုးသက်ဆိုင်သူများက မည်သည့်ရင်းနှီးမြှုပ်နှံမှုများ၏ IEE/ EIA အား ဆောင်ရွက်နေသည် အစရှိသည်တို့ကို ကြည့်ရှုနိုင်ရန် အွန်လိုင်းအချက်အလက်မရှိခြင်း၊ တိုးတက်မှုအတိုင်းအတာကိုသိရှိခွင့်နှင့် ထုတ်ဖော်ကြေညာထားသောအစီရင်ခံစာများ ကြည့်ရှုခွင့်မရှိခြင်းစသော စီမံအုပ်ချုပ်မှုဆိုင်ရာ ကိုင်တွယ်မှုများသည် ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်၏ ဂုဏ်သတင်းသည်လည်း ပျက်စီးယိုယွင်းလျက်ရှိသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်၍ ထိုပြဿနာရပ်များကို ပြန်လည်ကုစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အခြားပြဿနာတစ်ခုမှာ စာရင်းစစ်ခြင်းဆိုင်ရာများကဲ့သို့ပင် ကုမ္ပဏီများသည် အရည်အသွေးပြည့်မီသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် ငွေကြေးအကုန်အကျခံရန် မလိုလားကြပေ။ ကုမ္ပဏီအများစုသည် အခြေခံအချက်အလက်များ၊ ဘေးအန္တရာယ်ဆန်းစစ်ချက်နှင့် ဘေးအန္တရာယ်လျော့ပါးစေရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လုံလုံလောက်လောက် ပါဝင်ခြင်းမရှိသည့် အစီရင်ခံစာများကိုသာ တင်ပြကြသည်ကို တွေ့ရသည်။ ထို့အပြင် ၎င်းတို့ကို အများနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးမှုပမာဏ အားနည်းစွာဖြင့် စီစဉ်ဆောင်ရွက်လေ့ရှိသည်။ ထို့အပြင် စီမံကိန်းအဆိုပြုသူများသည် ၎င်းတို့၏ EIA တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ မည်မျှပါဝင်သည်ကို တိကျစွာ အကဲဖြတ်ထားမှုများ ထည့်သွင်းလိုခြင်းမရှိခြင်းမှာ အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု (၄၁%) သော EIA အကြံပေးများက MCRB နှင့် Vermont ဥပဒေကျောင်းမှ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် သဘောတူပြောဆိုခဲ့သည်[66]။

65 www.myanmar-responsiblebusiness.org/news/mixed-picture-disclosureenvironmental-impact-assessments.html and www.myanmar-responsiblebusiness. org/news/eia-survey-update.html

66 www.myanmar-responsiblebusiness.org/news/consultants-biggest-challenge.html

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ တိုးတက်ပြောင်းလဲလာမှု များ

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတို့သည် NLD အစိုးရ၏ ဦးစားပေး ကိုင်တွယ်ဖြေရှင်းလျက်ရှိသော ကိစ္စရပ်များဖြစ်သည်။ NLD အစိုးရသည် ၎င်းတို့ အာဏာစရလာချိန်မှစ၍ ပြည်သူ့ဝန်ထမ်းများ၏ လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို ချက်ခြင်းဆိုသလို ချမှတ်ထုတ်ပြန်ခဲ့သည်။ လက်ဆောင်ပစ္စည်းလက်ခံရာတွင် ယခင်က ကျပ်ငွေ (၃၀၀၀၀၀) ကျပ်အထိ အများဆုံးလက်ခံခွင့်ရှိရာမှ ယခုအခါတွင်မူ (၂၅၀၀၀) ကျပ်ထက်မပိုသော (၁၅ ဒေါ်လာဝန်းကျင်) လက်ဆောင်ပစ္စည်းကိုသာ လက်ခံခွင့်ရှိမည်[67] ဖြစ်သည်။

၂၀၁၈ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (2018 Myanmar Sustainable Development Plan – MSDP) တွင် အစိုးရကဏ္ဍရှိ အဂတိလိုက်စားခြင်းဆိုင်ရာပြဿနာများ၊အခွန်ကိစ္စရပ်များနှင့်ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် ဦးစားပေးရေးဆွဲထားပြီး မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင် (SDG ပန်းတိုင် အမှတ် ၁၆.၅) (အမျိုးမျိုးသော လာဘ်ပေးလာဘ်ယူမှုများအား အများအပြားလျှော့ချခြင်း)အား အောက်ပါဆောင်ရွက်ချက် (၂)[68] ရပ်ဖြင့် ထောက်ပံ့မှုဖြစ်စေနိုင်ရန် ရည်ရွယ်ထားသည်။

**(၁.၄.၅)** နစ်နာမှုများကို ထုတ်ဖော်ခြင်းနှင့် တိုင်ကြားခြင်းစနစ်များ ပိုမိုကောင်းမွန်စေခြင်းအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်ဥပဒေများ၊ သက်ဝင်ကျင့်သုံးမှုနှင့် မူဝါဒများကို သုံးသပ်ရန်နှင့် ပိုမိုခိုင်မာစေရန်။

**(၂.၃.၅)** အဂတိလိုက်စားမှုနှင့် အခွန်တိမ်းရှောင်မှုကာကွယ်နိုင်ရေး အစီအမံများ လုပ်ဆောင်ခြင်းနှင့် ဌာနတွင်း စာရင်းစစ်ဆေးခြင်းအား ပိုမိုတိုးချဲ့ပြီး စစ်ဆေးရေးဌာနခွဲတစ်ခုဖွဲ့စည်းခြင်းအပါအဝင် အခွန်စနစ်၏ မှန်ကန်ဖြောင့်မတ်မှုနှင့် ဂုဏ်သတင်းတို့ကို ကာကွယ်စောင့်ရှောက်ရန်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် အဖွဲ့ဝင်သစ် (၁၂) ဦး ပါဝင်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်[69]အား ပြန်လည်ဖွဲ့စည်းခဲ့ပြီး ယခင်ဝန်ကြီး ဦးအောင်ကြည်က ဦးဆောင်ခဲ့သည်[70]။ သမ္မတဦးဝင်းမြင့်၏ အားပေးထောက်ပံ့မှုဖြင့် ယခုကော်မရှင်အသစ်သည် ကော်မရှင်ဟောင်းထက် ပို၍တက်ကြွမှုရှိပြီး မြန်မာကုမ္ပဏီများနှင့် အပြည်ပြည်ဆိုင်ရာကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားစိုက်လုပ်ကိုင်နေကြောင်း တွေ့မြင်နိုင်သည်[71]။ ကော်မရှင်သစ်၏ စုံစမ်းထုတ်ဖော်စစ်ဆေးမှုများကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် အပါ

67 ‘NLD cracks down on nepotism’, Myanmar Times, ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်။

68 ရေရှည်တည်တံ့ခိုင်မြဲမှု ဖွံ့ဖြိုးရေးပန်းတိုင်များဖြစ်သည့် SDG ၁၆.၅ တွင် ပါဝင်သည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။
၁၆.၅.၁။ နိုင်ငံ့ဝန်ထမ်းများ အနည်းဆုံးတစ်ယောက်နှင့် လွန်ခဲ့သည့် လပေါင်း (၁၂) လအတွင်း တွေ့ဆုံ၍ လာဘ်လာဘ ပေးကမ်းခဲ့သည်။ (သို့မဟုတ်) အဆိုပါ နိုင်ငံ့ဝန်ထမ်းများမှ လာဘ်လာဘပေးရန် တောင်းဆိုခဲ့ခြင်းကို တွေ့ကြုံခဲ့ဖူးသည့် လူဦးရေအချိုးအစား။
၁၆.၅.၂။ နိုင်ငံ့ဝန်ထမ်းများ အနည်းဆုံးတစ်ယောက်နှင့် လွန်ခဲ့သည့် လပေါင်း (၁၂) လအတွင်းလအတွင်း တွေ့ဆုံ၍ လာဘ်လာဘပေးကမ်းခဲ့သည်။ (သို့မဟုတ်) အဆိုပါ နိုင်ငံ့ဝန်ထမ်းများမှ လာဘ်လာဘပေးရန် တောင်းဆိုခဲ့ခြင်းကို တွေ့ကြုံခဲ့ဖူးသည့် စီးပွားရေးလုပ်ငန်း အချိုးအစား။

69 www.accm.gov.mm/acc/

70 Presidential Order 30/2017 ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းခြင်း (မြန်မာဘာသာဖြင့်သာ)

71 ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်အတူ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဝင် အရာရှိကြီးများကိုကိုလည်း အရေးယူဆောင်ရွက်နိုင်ခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌသည် ပုဂ္ဂလိကကဏ္ဍနှင့် အရက်ဖက်လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အကြံပေးအဖွဲ့တစ်ခုကိုဖွဲ့စည်းနိုင်ရန် ဆုံးဖြတ်ထားကြောင်း သိရှိရပါသည်။

သို့သော်လည်း ခရိုနီစနစ်နှင့် လာဘ်ပေးလာဘ်ယူမှုများ၏ မကောင်းသည့်ဂုဏ်သတင်းများမှာ မြန်မာနိုင်ငံအား ကြီးစိုးလျက်ရှိနေသေးသည်။ ဥပမာအားဖြင့် အစိုးရ၊ ဝန်ကြီးများနှင့် နိုင်ငံရေးပါတီများအား စီးပွားရေးလုပ်ငန်းများမှ ငွေကြေးအထောက်အပံ့ပေးခြင်းများ ရှိပါက မည်သူမည်မျှ ငွေကြေး (သို့မဟုတ်) လက်ဆောင်များ လှူဒါန်းပေးကမ်းလက်ခံရရှိထားကြောင်းကို ကုမ္ပဏီများ၊ အစိုးရနှင့် နိုင်ငံရေးပါတီများသည်လည်း ပိုမိုပွင့်လင်းမြင်သာစွာ ကြေညာထုတ်ပြန်ရန် လိုအပ်သည်။ ကြေညာထုတ်ပြန်ရန်လိုသော ပေးကမ်းမှုများတွင် ကုန်ကျစရိတ်မဲ့ ခရီးသွားရခြင်း၊ တည်းခိုနေထိုင်ခြင်းနှင့် ဧည့်ခံပြုစုခြင်းတို့လည်း ပါဝင်သည်[72] (အောက်တွင်ကြည့်ပါ)။ ၎င်းတို့ကို -

ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ လုပ်ငန်းသဘောအရသော်လည်းကောင်းနှင့် လှူဒါန်းသည့်အနေဖြင့် ပေးခြင်းတို့ ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD) က 'အများပြည်သူဆိုင်ရာ အရာရှိများထံပေးအပ်သည့် တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေခွန်တွက်ချက်မှုတွင် စရိတ်အဖြစ် နှုတ်ပယ်ခွင့်မပြုခြင်း' နှင့် ပတ်သက်သည့် လိုက်နာကျင့်သုံးရန် အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၈ ကို ထုတ်ပြန်ခဲ့သည်။ 'အများပြည်သူဆိုင်ရာအရာရှိများ' ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်[73]။

(၁) နိုင်ငံ့ဝန်ထမ်းများ (ပြည်ပတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ အပါအဝင်)၊

(၂) နိုင်ငံတော်အစိုးရ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် ရာထူး ရယူထားသူများ၊

(၃) နိုင်ငံတော်အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့် ဘုတ်အဖွဲ့၊ ကော်မရှင် စသည်တို့တွင် ခန့်အပ်ခြင်း ခံရသူများနှင့်၊

(၄) အများပြည်သူဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝန်ထမ်းများ။

### လုပ်ငန်းအဆင်ပြေ လွယ်ကူစေရန် ငွေပေးခြင်း

လုပ်ငန်းအဆင်ပြေလွယ်ကူစေရန် ငွေပေးခြင်း (အစိုးရဌာနပိုင်းဆိုင်ရာရှိနိုင်ငံ့ဝန်ထမ်းများမှ လုပ်ငန်းတစ်ခုကို ပြီးစီးအောင်ဆောင်ရွက်မှု လျင်မြန်စေရန် မက်လုံးအနေဖြင့် ပေးသည့်ငွေ)သည် လူအများကြားတွင် တွင်ကျယ် နေသောကိစ္စရပ်တစ်ခု ဖြစ်နေသေးသည်။ ဤအကြောင်းအရာကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင်လည်း စေ့စေ့စပ်စပ် ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ဝန်ထမ်းကျင့်ဝတ်၏ ဝန်ထမ်းများလိုက်နာရမည့်စည်းကမ်း (၇)အရ လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်းအပြင် တာဝန်အရဆောင်ရွက်ရန် ရှိသည့်အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့်လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံ

72 'A fine line between FOC and Corruption', Vicky Bowman က ရေးသားသည်။ မြန်မာတိုင်း(မ်)၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် A Lavish Wedding is the Talk of the Town ဧရာဝတီ မဂ္ဂဇင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်။

73 Myanmar Tax Update for November 2018, DFDL

ခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း (သို့မဟုတ်) တာဝန်အရပြုလုပ်ရမည့်အလုပ်ကို မပြုလုပ်စေရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားပါသည်[74]။

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၁၇-၂၀၂၀ အတွက် ပြင်ဆင်မှု၏ အစိတ်အပိုင်းအဖြစ် ၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၏ သဘောထားအမြင်စစ်တမ်းတွင် ၎င်းတို့၏ လုပ်ငန်းခွင်၌ လာဘ်ပေးလာဘ်ယူမှုသည် သိသာထင်ရှားစွာ ရှိနေသည်ဟု ထင်မြင်ကြောင်း ဖော်ပြထားသည်။ လာဘ်ယူခြင်းကို နိုင်ငံ့ဝန်ထမ်းများ၏လစာတွင် အပိုထပ်ဆောင်းရသည့် ငွေကြေးဖြစ်သည်ဟု ထင်မြင်ပြီး သေးငယ်သောလာဘ်ယူမှုများအား လက်ခံနိုင်သည်ဟု စစ်တမ်းဖြေဆိုသူများက ယုံကြည်ကြသည်။ စစ်တမ်းဖြေဆိုသူများအနက် တစ်ဝက်ကျော်ဖြစ်သော ၅၆% က နိုင်ငံ့ဝန်ထမ်းများသည်၎င်းတို့တာဝန်ထမ်းဆောင်နိုင်ရန်အတွက်တံစိုးလက်ဆောင်များတောင်းဆိုခြင်းဖြစ်သည်ဟု ထင်မြင်ကြသည်[75]။

လုပ်ငန်းအဆင်ပြေလွယ်ကူစေရန် ငွေပေးခြင်းဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းမှာ မလိုအပ်သည့် ကြိုးနီစနစ်နှင့် ဗျူရိုကရက်အရာရှိများထံမှ များပြားလှသည့် ထောက်ခံချက်များ ရယူနေရခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စည်းမျဉ်း များကို သတ်မှတ်ပြဋ္ဌာန်းသည့်အခါတွင် သက်ရောက်မှုများကို ကြိုတင်မစဉ်းစားဘဲ သတ်မှတ်ခြင်းထက် ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားထားသော နည်းလမ်းကို အသုံးပြုသင့်ပါသည်။

၂၀၁၆ တွင် DICA လက်ခံကျင့်သုံးလိုက်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်၏မဏ္ဍိုင် (၁) မှာ "ဥပဒေပိုင်းနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေအနေများ တိုးတက်စေရန်"[76] ဖြစ်သည်။ သို့သော် ယနေ့ထိတိုင်အောင် ဤအချက်ကို အပြည့်အဝအကောင်အထည် မဖော်နိုင်သေးပါ။ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေမူကြမ်းအခြေခံ၍ ဖြစ်လာနိုင်ချေရှိသော အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ (ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ)ကို ဆွေးနွေးအကြံပြုပေးရခြင်းသည် နည်းစနစ်မကျပေ။ ဤသို့သော အားနည်းချက်မျိုးသည် အရည်အသွေးနိမ့်၍ လက်တွေ့မကျသော စည်းမျဉ်းစည်းကမ်းနှင့် ကြိုးနီစနစ်ကို ဖြစ်ပေါ်စေသည်။ ယခုအခါတွင် အချို့ပြုပြင်ပြောင်းလဲမှုများနှင့် အွန်လိုင်းလုပ်ငန်းစဉ်များ (ဥပမာ - MyCo) ကို စတင် ကျင့်သုံးဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ဥပဒေအသစ်များကို ပြဋ္ဌာန်းခြင်းနှင့် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို လျှော့ချခြင်းတို့တွင် ထောက်ခံချက်၊ ခွင့်ပြုချက်များကို အဆင့်ဆင့်ယူရမည့် လုပ်ငန်းစဉ်များ ပါဝင်နေသောကြောင့် အခြားနယ်ပယ်များတွင် ပိုမိုဆိုးရွားလာနိုင်သည့် အလားအလာရှိသည်။

အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံသည် စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှု အညွှန်းကိန်းများတွင် ရမှတ်အဆင့် နည်းပါးလျက်ရှိနေသေးကြောင်း တွေ့ရှိရသည်။

74 ဝန်ထမ်းကျင့်ဝတ် (မြန်မာဘာသာဖြင့်သာ၊ ၂၀၁၇)

75 Perception Survey on Ethics, Equal Opportunities, and Meritocracy in the Myanmar Civil Service, Union Civil Service Board and UNDP, ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ။

76 Myanmar Indicative Private Sector Development Framework and Action Plan, ၂၀၁၆ ခုနှစ်၊ မတ်လ။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ADB ၏ အထောက်အပံ့ဖြင့် UMFCCI၊ Mekong Biz နှင့် ဩစတြေးလျအစိုးရ။

- **နိုင်ငံတကာပွင့်လင်းမြင်သာမှုအကဲဖြတ်အဖွဲ့ (Transparency International) ၏ အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်း** - ၂၀၁၈ ခုနှစ်တွင် ထွက်ရှိလာသည့် အဂတိလိုက်စားမှုဆိုင်ရာ ညွှန်းကိန်းအရ[77] မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ရမှတ်မြင့်တက်ခဲ့ပြီး စုစုပေါင်း အဆင့် ၁၈၀ ၌ အဆင့် ၁၃၀ ရရှိခဲ့သော်လည်း ယခုနှစ်တွင်မူ အဆင့် ၁၃၂ ဖြင့် အနည်းငယ် နိမ့်ကျသွားသည်။ ယင်းသည် လာအိုနိုင်ငံနှင့် အဆင့် တူညီပြီး ကမ္ဘောဒီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အထက်တွင် ရှိသည်။
- **ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အညွှန်းကိန်း -** စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အညွှန်းကိန်းတွင် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးပါမစ်များအား ကိုင်တွယ်ခြင်း၊ ဓာတ်အားရရှိခြင်း၊ ပိုင်ဆိုင်မှုအား မှတ်ပုံတင်ခြင်း၊ ချေးငွေရယူခြင်း၊ အသေးစားရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးခြင်း၊ အခွန်ဆောင်ခြင်း၊ နယ်စပ်ဖြတ်ကျော်၍ ကုန်သွယ်ခြင်း၊ စာချုပ်စာတမ်းများအား အားကောင်းစေခြင်းနှင့် ဒေဝါလီခံရခြင်းအား ဖြေရှင်းခြင်းစသည့် ကိစ္စရပ်များပါဝင်သည်။ ၂၀၁၉ ခုနှစ် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် အဆင့်စုစုပေါင်း ၁၉၀ တွင် အဆင့် ၁၇၄ ရရှိပြီး အသေးစားရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးခြင်းတွင် အဆင့် ၁၈၅ နှင့် စာချုပ်စာတမ်းများအား အားကောင်းစေခြင်းတွင် ရမှတ်အဆင့် ၁၈၈ အသီးသီး ရရှိကြောင်း တွေ့ရှိရသည်[78]။ ၂၀၁၉ ခုနှစ်၏ စုစုပေါင်းအဆင့်မှာ ၂၀၁၈ ခုနှစ်အတိုင်းပင် ဖြစ်သော်လည်း ရမှတ် အနည်းငယ် တိုးတက်လာသည်ကို တွေ့ရှိရသည်။ ထို့အပြင် ၂၀၁၈ မေလတွင် စစ်တမ်းအားကောက်ယူခဲ့ပြီး ယင်းမှာ အွန်လိုင်းတွင် ကုမ္ပဏီများကို မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အား ဩဂုတ်လတွင် မပြုလုပ်ခင် ဆောင်ရွက်ထားကြောင်း သိရှိရသည်။ မြန်မာအစိုးရသည် ၂၀၂၀ ခုနှစ်တွင် ရမှတ်အမြင့်ဆုံးသော ထိပ်တန်းနိုင်ငံ (၁၀၀) တွင် ပါဝင်ရန် ရည်ရွယ်ထားသည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အညွှန်းကိန်းသည် အစိုးရဌာနများကို ပြုပြင်ဖွဲ့စည်းရန် မီးမောင်းထိုးပြသည့် အညွှန်းကိန်းတစ်ရပ်ဖြစ်ပြီး ပွင့်သစ်စ၏ ထိပ်တန်းပြည်သူပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် Yangon Electricity Supply Corporation (YESC) သည်လည်း ၎င်း၏ စီးပွားရေးရည်မှန်းချက်များကို ဓာတ်အားရရှိခြင်းနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အညွှန်းကိန်းများကို အခြေခံ၍ ရေးသားကြေညာထားပါသည်။
- **ကမ္ဘာ့ဘဏ်အင်တာပရိုက်စ် စစ်တမ်း** - ကမ္ဘာ့ဘဏ်အင်တာပရိုက်စ် စစ်တမ်းကို ၂၀၁၄ တွင် ပထမအကြိမ် စတင်ဆောင်ရွက်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအစိုးရ အာဏာရရှိလာသော ၂၀၁၆/ ၂၀၁၇ တွင် ထပ်မံဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းရှင်(၆၀၇)ဦးအားစစ်တမ်းကောက်ယူမေးမြန်းထားပြီးအဂတိလိုက်စားခြင်းဆိုင်ရာ အညွှန်းကိန်းများတွင် ရမှတ်မြင့်တက်လာသည်ကို တွေ့ရှိရပြီး ဒေသအဆင့် ပျမ်းမျှရမှတ်ကို ရရှိရန် ပိုမိုနီးကပ်လာကြောင်းကိုလည်း တွေ့ရှိရသည်[79]။

77 Transparency International Corruption Perceptions Index 2018, ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀။

78 www.doingbusiness.org/en/data/exploreeconomies/myanmar

79 ၂၀၁၈ ပွင့်သစ်စအစီရင်ခံစာ၏ စာမျက်နှာ ၂၃ ရှိ ဇယားကွက် ၁ ကို ကြည့်ပါ။

- မြန်မာ့စီးပွားရေးပတ်ဝန်းကျင်အညွှန်းကိန်း - ပထမဦးဆုံးသော မြန်မာ့စီးပွားရေး ပတ်ဝန်းကျင် အညွှန်းကိန်းကို ဓန (Dana Facility) မှ ပံ့ပိုးပေးထားပြီး ၂၀၁၈ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းမှ ဆောင်ရွက်ခဲ့ကာ ၂၀၁၉ ခုနှစ်တွင် စတင်မိတ်ဆက်မည် ဖြစ်သည်[80]။ မြို့နယ်၊ ပြည်နယ်နှင့် တိုင်းအဆင့်ရှိ စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများအား သုတေသနပြုလုပ်ထားပြီး ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှု ကဏ္ဍ၊ အထူးသဖြင့် အစားအသောက်နှင့် စက်ပစ္စည်းများ ပြင်ဆင်ခြင်းတို့ကို လုပ်ကိုင်နေကြသည့် မြန်မာ့အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အများစုပါဝင်သော မြန်မာ့စီးပွားရေးလုပ်ငန်းပေါင်း (၄၈၇၄) ခုအား မြို့နယ်အဆင့်ဆိုင်ရာ သုတေသနပြုလုပ်ထားသည်။ ယင်းသည် ဗီယက်နမ်နိုင်ငံ ဒေသပိုင်းဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းညွှန်းကိန်းတွင် အကောင်အထည်ဖော်ပြီးဖြစ်သော အာရှဖောင်ဒေးရှင်း၏ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းအား အသုံးပြုထားသည်။ ယခုစစ်တမ်းတွင် ပါဝင်သည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်အကြောင်းအရာများမှာ စာရင်းသွင်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊ မြေယာရရှိခြင်းနှင့် လုံခြုံရေး၊ စာရင်းသွင်းပြီးလျှင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ တရားဝင်မဟုတ်သည့် ငွေပေးချေမှုများ၊ အခြေခံအဆောက်အဦ၊ ပွင့်လင်းမြင်သာမှု၊ ဘက်လိုက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ လေးစားလိုက်နာမှု၊ ဝန်ထမ်းခန့်အပ်မှု၊ ဥပဒေနှင့် အမိန့်တို့ ဖြစ်ပါသည်။
- **တရားဥပဒေစိုးမိုးရေးဆိုင်ရာ အညွှန်းကိန်း** - World Justice စီမံကိန်း၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အညွှန်းကိန်းသည်လည်း အပြည်ပြည်ဆိုင်ရာ အညွှန်းကိန်းတစ်ရပ်ဖြစ်ပြီး ရမှတ်အားဖြင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် နောက်ကျကျန်လျက်ရှိသည့်အပြင် ယင်းထက်အမှတ်နည်းသည့် နိုင်ငံမှာ ကမ္ဘောဒီးယားနိုင်ငံသာ ရှိတော့သည်ကို တွေ့ရသည်။ စီးပွားရေးဝန်းကျင်အပြင် အခြားအချက်အလက်များကိုပါ အမှတ်ပေးထားသော စံသတ်မှတ်ချက်များဖြင့် အဆိုပါ အညွှန်းကိန်းသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် (၁၁၃) နိုင်ငံကို အမှတ်ပေးထားပြီး အကဲဖြတ်သည့်အကြောင်းအရာများမှာ အစိုးရအာဏာအပေါ် သက်ရောက်လျက်ရှိသော ကန့်သတ်မှုများ၊ အဂတိလိုက်စားမှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိသောအစိုးရ၊ အခြေခံအခွင့်အရေးများ၊ အမိန့်နှင့်လုံခြုံရေး၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ ပြည်သူ့တရားမျှတမှုနှင့် ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုတို့ ဖြစ်ပါသည်[81]။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး အတွက် ဥပဒေမူဘောင်များ**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC)

မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC) ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၃[82] ခုနှစ် ဇန်နဝါရီလတွင် စတင်အကျိုးသက်ရောက်မှုရှိခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် စတင်လုပ်ဆောင်သည့် UNCAC ပထမစက်ဝန်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်အစီရင်ခံစာ ပြီးစီးအောင်ပြုစုရန် နောက်ကျခဲ့

80 Myanmar Business Environment Index Survey Findings Explained ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်။ MITV

81 http://data.worldjusticeproject.org/#/groups/MMR

82 Myanmar becomes the 165th State Party to UNCAC, UNODC, ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။

သည်။ ဤအစီရင်ခံစာ၏ အကျဉ်းချုပ်ကို ထုတ်ဝေပြီးဖြစ်၍ မြန်မာဥပဒေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC) ၏ကြားရှိကွာဟမှုများအားခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်သည်[83]။ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ပြန်လည်ရယူခြင်းတို့ ပါဝင်သည့် UNCAC အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်အစီရင်ခံစာ ဒုတိယစက်ဝန်းကို ၂၀၁၇ ခုနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ UNCAC အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်အစီရင်ခံစာ ဒုတိယစက်ဝန်းရှိ အရေးကြီးသည့် နယ်ပယ်များမှာ အပိုဒ် ၇.၄ (အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်း)၊ အပိုဒ် ၈.၅ နှင့် ၅၂.၅ (ပိုင်ဆိုင်မှုများအား ထုတ်ဖော်ကြေညာခြင်း စနစ်များ)၊ အပိုဒ် ၉ (ပြည်သူ့ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းခြင်း)၊ အပိုဒ် ၁၂ - င (ဝန်ထမ်းမဖြစ်သော အဖွဲ့အစည်းများ) နှင့် အပိုဒ် ၁၄ နှင့် ၅၂ (အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု) တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းကို အီရတ်နှင့် ယူဘက်ကစ္စတန်နိုင်ငံတို့မှ ဆောင်ရွက်လျက်ရှိသော်လည်း ယင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်အနည်းငယ်ကိုသာ တွေ့ရှိရသည်[84]။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးကဏ္ဍတို့နှင့် ပူးပေါင်း၍ အဓိပ္ပာယ်ပြည့်ဝသည့် ပူးပေါင်းလုပ်ကိုင်မှုများနှင့် တိုင်ပင်ဆွေးနွေးမှုများကိုလည်း UNCAC အပိုဒ် ၅၊ ၁၃ နှင့် ၃၉ တို့နှင့်အညီ ဆောင်ရွက်နိုင်ရန် ပွင့်လင်းမြင်သာမှုရှိစေရန် ပိုမိုလိုအပ်နေပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍရှိ လာဘ်ပေးလာဘ်ယူမှုပုံစံအမျိုးမျိုးကို ဖော်ပြထားပြီး မတရားသောနည်းဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အထမမြောက်သော လာဘ်ပေးလာဘ်ယူမှုနှင့် ရာထူးအလွဲသုံးစားပြုခြင်းတို့ ပါဝင်သည်[85]။ မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးတွင် အချို့သော ပုဂ္ဂလိကကဏ္ဍဆိုင်ရာ လာဘ်ပေးလာဘ်ယူမှုဆိုင်ရာ ပြစ်မှုများပါဝင်သော်လည်း ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတင်မိတ်ဆက်ပြီးသောအခါ အဆိုပါရာဇသတ်ထဲရှိ စည်းမျဉ်းမှာ မည်မျှအသုံးဝင်သေးကြောင်း မရှင်းမလင်း ဖြစ်နေသေးသည်။ အဂတိလိုက်စားခြင်း၏ အကြီးမားဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် (၁၅) နှစ်နှင့် ဒဏ်ကြေးပေးဆောင်ရန် ဖြစ်သည် (ပုဒ်မ ၅၅)။ အဂတိလိုက်စားခြင်း ပြစ်မှုအတွက် အမြင့်မားဆုံးထောင်ဒဏ်မှာ နိုင်ငံရေးအာဏာရှိသူများ ဖြစ်ပါက ၁၅ နှစ်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက (၁၀) နှစ်နှင့် အခြားသူများက (၇) နှစ် အစရှိသဖြင့် ဖြစ်သည်[86]။

ဥပဒေအား စတင်ပြဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်မှစ၍ လေးကြိမ်တိုင်တိုင် ပြုပြင်ဖြည့်စွက်မှုများ ပြုလုပ်ပြီး ဖြစ်သည်[87]။ နောက်ဆုံးဆောင်ရွက်ထားသည့် ပြုပြင်ဖြည့်စွက်ချက်ကို ၂၀၁၈ ဇွန်လတွင် ဆောင်ရွက်ခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်ဝတ္တရားကို

83 Myanmar First Cycle UNCAC Review: Executive Summary. အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများတက်ရောက်မည့် အစည်းအဝေးသို့ ဤစာတမ်းအားပေးပို့ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၂။

84 Workshop for National Experts on Preparation for the second cycle of the UNCAC Review Mechanism ၂၀၁၇၊ ဇွန်လ။ ဤအလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရအရာရှိများမှ အများစုတက်ရောက်ခဲ့သော်လည်း MCRB နှင့် Spectrum မှ အရပ်ဖက်လူမှုအဖွဲ့အစည်း၏ ကိုယ်စားပြုပြီး တက်ရောက်ခဲ့သည်။

85 2013 Anti-Corruption Law.

86 Business Anti-Corruption Portal၊ Myanmar Legislation.

87 အဂတိလိုက်စားမှုဥပဒေကို စတုတ္ထအကြိမ် ပြန်လည်ပြင်ဆင်သည့် ဥပဒေ (မြန်မာဘာသာဖြင့်သာ)ပြည်ထောင်စုလွှတ်တော်ဥပဒေ ၂၀/၁၈၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်။

ဖော်ပြထားသည်။ အပိုဒ် ၁၆-ထ အရ ပုဂ္ဂလိကကုမ္ပဏီများအနေနှင့် အဂတိလိုက်စားမှုအား တားဆီးကာကွယ်ရေးအတွက်အခြေခံခိုင်မာသောလုပ်ငန်းဆိုင်ရာကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ခြင်း ဆောင်ရွက်နိုင်ရန်ကော်မရှင်အား အာဏာပေးအပ်ထားသည်။ ယင်းနောက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထိုင်းနိုင်ငံရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ပြန်ခဲ့သော အခြေခံအချက်များ[88] အား ထင်ဟပ်သည့် ကုမ္ပဏီများ၏ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအချက် (၈) ချက်အား သတ်မှတ်ထုတ်ပြန်ခဲ့သည်။ ကုမ္ပဏီများအား အဆိုပါ ထုတ်ပြန်ချက်ကို ကိုးကား၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်မှုနည်းလမ်းများအား စတင်ဆောင်ရွက်ရန်အတွက် ၂၀၁၉ ဇန်နဝါရီလတွင် DICA က အသိပေးတိုက်တွန်းခဲ့သည်[89]။

မြန်မာ့ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC) ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသေးပေ။ အဂတိလိုက်စားမှုဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံ (UNCAC) ၏ ပုဒ်မ (၂၆) အရ မြန်မာနိုင်ငံသည် လာဘ်ပေးလာဘ်ယူခြင်း၌ တရားဝင်ပါဝင်သူများ၏ တာဝန်ရှိမှုကို ဖော်ထုတ်ပြသရန် လိုအပ်သည်။ သို့သော် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် ၁၉၁၄ ခုနှစ်၊ မြန်မာ့ကုန်သွယ်မှုဆိုင်ရာ အက်ဥပဒေများအရ မြန်မာနိုင်ငံ အခြေစိုက် ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများသည် လာဘ်ပေးလာဘ်ယူမှု၌ ပါဝင်ပတ်သက်မိလျှင် တာဝန်ယူရန်မလိုဟု အကြံပေးသည့် သဘောသက်ရောက်နေသည်။ ထို့အပြင် အဂတိလိုက်စားမှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် ကုမ္ပဏီလုပ်ငန်းများအား ရည်ရွယ်၍ ပြစ်ဒဏ်ပေးခြင်းနှင့် အရေးယူပိတ်ဆို့ခြင်းများလည်း မရှိပေ (ဥပမာအားဖြင့် လုပ်ငန်းဖျက်သိမ်းခြင်း၊ ချုပ်ဆိုထားသော အများပိုင်လုပ်ငန်းစာချုပ်များမှ ထုတ်ပယ်ခြင်းနှင့် တာဝန်ရှိသူအား ကြီးလေးသော ငွေကြေးပြစ်ဒဏ်ချမှတ်ခြင်း အစရှိသည့် အရေးယူမှုများမရှိပါ)။

## နိုင်ငံ့ဝန်ထမ်းများမှ ပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ဖော်ကြေညာမှု

ဥပဒေ၏ အခန်း (၁၃) အရ အစိုးရ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုဌာန်းရေး အစရှိသည့် အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသော အထက်အရာရှိ ပြည်သူ့ဝန်ထမ်းများ ("လုပ်ပိုင်ခွင့်အာဏာရှိသူများ" ဟုလည်း သုံးနှုန်းသည်[90]) သည် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား ထုတ်ဖော်ကြေညာရန် လိုအပ်ပြီး ထိုသို့ ကြေညာခြင်းမရှိသူများအတွက် အရေးယူမှုများလည်း သတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ[91]၏ အခန်း (၈) (အချက် ၃၇) တွင် ဖော်ပြထားသည့်အတိုင်း "လုပ်ပိုင်ခွင့်အာဏာရှိသူများ"၏ ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်၊ ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကြေညာခြင်း" ဟူသော အပိုင်းအရ ကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရ၏ အတည်ပြုချက်ဖြင့် ပိုင်ဆိုင်မှုများစာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့်အာဏာရှိသူအဆင့်ကို

88 Fundamental principles for businesses to develop a strong code of ethics and establish appropriate internal control measures to prevent corruption, အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အမိန့်ကြော်ငြာစာ ၁၄/ ၂၀၁၈ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (အင်္ဂလိပ်၊ မြန်မာဘာသာနှစ်မျိုးလုံးဖြင့် ဖတ်ရှုနိုင်သည်)။

89 Announcement for fundamental principles of Anti-corruption Code of Ethics for Companies and Body Corporates DICA ၂၀၁၉၊ ဇန်နဝါရီ ၁၆ ရက်။

90 လုပ်ပိုင်ခွင့်အာဏာရှိသူများဆိုသည်မှာ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံခြားပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးအရ ရာထူးအာဏာရှိသူများ၊ အဆင့်မြင့်အရာရှိများ (သို့မဟုတ်) အုပ်ချုပ်ရေးမှူး (သို့မဟုတ်) အများပြည်သူပိုင် အဖွဲ့အစည်းတစ်ခုခုမှ ကိုယ်စားလှယ်များကို ဆိုလိုသည်။

91 အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၊ ၁၀ ရက်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ။

သတ်မှတ်ရမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် ၎င်းတို့ဌာနရှိ ပိုင်ဆိုင်မှုကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများထံမှ စာရင်းကို ပုံစံ (၇)[92] ဖြင့် ပြုစုပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တင်ပြရမည် (အချက် ၃၈-၄၁)။ သို့သော်လည်း ကော်မရှင်က ပိုင်ဆိုင်မှုကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အမည်စာရင်းကိုဖြစ်စေ၊ ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များကိုဖြစ်စေ အများပြည်သူသိရှိအောင် ကြေညာပေးရန် လိုအပ်ချက်ရှိပုံ မရပါ။

## ငွေကြေးခဝါချမှု

၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှ/ပစိဖိတ်အဖွဲ့ (APG) မှ 'မြန်မာနိုင်ငံဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နည်းလမ်းများ'ဟူသည့် အပြန်အလှန်ဆန်းစစ်ထားသည့် အစီရင်ခံစာတစ်စောင်အား[93] ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာသည် ၂၀၁၇ ခုနှစ်တွင် သတ်မှတ် ထားရှိခဲ့သည့် နည်းလမ်းများကို ပြန်လည်ဆန်းစစ်ထားသည်။ ထို့အပြင် Financial Action Task Force (FATF) ၏ အကြံပြုချက် အချက် (၄၀) ကို လိုက်နာကျင့်သုံးခြင်းအဆင့်နှင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှု တိုက်ဖျက်ရေး ဆိုင်ရာစနစ်၏ ထိရောက်မှုအဆင့်တို့အား ဆန်းစစ်ထားပြီး ထိုစနစ်များကို မည်သို့ ပိုမို ခိုင်မာလာစေရန် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုထားပါသည်။

အသေးစိတ်ရေးသားထားသော အစီရင်ခံစာတွင် ပါဝင်သည့် အချက်အချို့မှာ -

- ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေကြေးနှင့် မသက်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ (DNFBPs)[94]မှာ သက်ရောက်မှုအန္တရာယ်မြင့်မားသည့် ကိစ္စရပ်များကို နားလည်ခြင်း အလျဉ်းမရှိဘဲ ဘဏ်အနည်းအကျဉ်းကသာလျှင် သက်ရောက်မှုများကိုထည့်သွင်းစဉ်းစားထားသောနည်းလမ်းကို ပြောင်းလဲအသုံးပြုကြောင်း သိရှိရသည်။ DNFBPs အများစုသည် မြန်မာနိုင်ငံဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများကို နားလည်သည့် အခြေခံကင်းမဲ့လျက်ရှိနေပြီး ၎င်းတို့နှင့် သက်ဆိုင်သည့် ထိန်းချုပ်မှုနည်းလမ်းများအား အကောင်အထည်ဖော်ထားခြင်း မရှိသေးပေ။ ဘဏ်များကသာလျှင် သံသယဖြစ်ဖွယ်ကောင်းသော လုပ်ဆောင်ချက်ဆိုင်ရာအစီရင်ခံစာများ (Suspicious Transaction Reports) ကို တင်ပြပြီး ထိုအစီရင်ခံစာများမှာလည်း များသောအားဖြင့် အရည်အသွေးပြည့်မီခြင်း မရှိပေ။
- ငွေရေးကြေးရေးအဖွဲ့အစည်းများအား သေသေချာချာနှင့် ဆီလျော်စွာ စစ်ဆေးရမည့် နယ်ပယ်အတိုင်းအတာနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့မှာလည်း ယခုအချိန်ထိ တိုးတက်မှုရှိရန် လိုအပ်နေဆဲဖြစ်သည်။ ရာဇဝတ်မှုကျူးလွန်သူများက အဖွဲ့အစည်းများအား ထိန်းချုပ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့ကို ကြိုတင်တားဆီးနိုင်ရန် လုပ်ဆောင်နေသော DNFBPs များ၏ ဆောင်ရွက်ချက်များ၌လည်း

92 Form 7 (မြန်မာဘာသာ) ပိုင်ဆိုင်မှုကြေညာလွှာပုံစံ

93 APG (2018), Anti-money laundering and counter-terrorism financing measures: Myanmar' , တတိယမြောက် အပြန်အလှန် ဆန်းစစ်ထားသည့် အစီရင်ခံစာ၊ APG၊ Sydney

94 DNFBPs ဆိုသည်မှာ ငွေကြေးခဝါချခြင်းဆိုင်ရာ အန္တရာယ်များဖြစ်လာနိုင်သော ငွေရေးကြေးရေးဆိုင်ရာ မဟုတ်သည့် အဖွဲ့အစည်းများဖြစ်သည်။ ဥပမာ - ကာစီနိုများနှင့် အခြားလောင်းကစားစီးပွားရေးများ၊ စာရင်းကိုင်များ၊ ရှေ့နေများ၊အိမ်ရာအေးဂျင့်များ၊ ကျောက်မျက်ရတနာ၊ ကားနှင့် လှေအရောင်းအဝယ်ပြုလုပ်သူများ။

သက်ရောက်မှုအန္တရာယ်များနှင့် ဆက်စပ်အခြေအနေများ အားထည့်သွင်းစဉ်းစား ခြင်းစသည့် အခြေခံကျသော တိုးတက်များ လိုအပ်နေသည်။

- ထိုသို့ သက်ရောက်မှုအန္တရာယ်များ ကြီးမြင့်နေသော်လည်း DNFBPs များအား မည်သူမျှကြီးကြပ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ DNFBPs အများစုအား ကြီးကြပ်ရန်သတ်မှတ်ထားသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များမှာလည်း စွမ်းဆောင်ရည်ဆိုင်ရာ အခက်အခဲများကို ကြုံတွေ့နေရသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ထည့်သွင်းစဉ်းစားအခြေခံထားသည့် ကြီးကြပ်မှုစနစ် (risk-based supervision) ကို ဆောင်ရွက်ရာတွင် ၎င်းတို့အနေနှင့် တိုးတက်မှုရှိလာကြောင်းနှင့် ဘဏ်များအတွက် ကြီးကြပ်မှုစွမ်းရည်နှင့် နယ်ပယ်အတိုင်းအတာကို ကြည့်လျှင်လည်း ၎င်းတို့အနေနှင့် သိသာထင်ရှားစွာ တိုးတက်လာကြောင်း လက်တွေ့ပြသခဲ့သည်။ သို့သော် ထပ်ပြန်တစ်လဲလဲဖြစ်ပေါ်နေသော လိုက်နာကျင့်သုံးမှုဆိုင်ရာ ပြဿနာများနှင့် စည်းစနစ်တကျ ဖွဲ့စည်းထားခြင်းမရှိသော စည်းမျဉ်းစည်းကမ်းလိုက်နာမှုဆိုင်ရာ မူဘောင်တို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်အဖွဲ့အစည်းများအပေါ် ထားရှိသည့် လက်ရှိစည်းမျဉ်းစည်းကမ်းများမှာ ထိရောက်မှုမရှိလှကြောင်း သိရှိရသည်။

The UK Prosperity Fund သည် GovRisk မှတစ်ဆင့် မြန်မာအရာရှိများအား ၎င်းတို့၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်မှုများ ပို၍အားကောင်းလာစေရန် ပံ့ပိုးပေးလျက်ရှိသည်[95]။ မြန်မာအစိုးရသည် အဆိုပါ ပြဿနာများကိုဖြေရှင်းနိုင်ရန် စီစဉ်ခဲ့သော်လည်း ဤဆန်းစစ်ချက်အစီရင်ခံစာတွင် အားနည်းချက်များ၊ အထူးသဖြင့် အကောင်အထည်ဖော်မှုပိုင်းဆိုင်ရာ အားနည်းချက်များအား တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် "ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်းများ (due diligence) ကို ဘဏ်များနှင့် အစိုးရများက တိုးမြှင့်လုပ်ဆောင်ရန် အရေးတကြီးလိုအပ်နေသော နိုင်ငံများ " ပါဝင်သည့် "OECD ၏ မီးခိုးရောင်စာရင်း'သို့ ပြန်လည်ရောက်ရှိသွားဖွယ်ရှိသည်[96]။ တစ်နှစ်တာစောင့်ကြည့်ကာလမှာ ၂၀၁၉ အောက်တိုဘာလတွင် ပြီးဆုံးမည်ဖြစ်ပြီး ၂၀၂၀ ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်မည့် FATF မျက်နှာစုံညီအစည်းအဝေးပွဲတွင်မှ ဆုံးဖြတ်ချက်ကို ချမှတ်သွားမည်ဖြစ်သည်။

## အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု

ငွေကြေးခဝါချမှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့် ပတ်သက်လျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ဆက်စပ်မေးခွန်းထုတ်စရာကောင်းသော 'နိုင်ငံရေးအရ သြဇာအာဏာရှိသူများ' သည် နိုင်ငံတကာဇာတ်ခုံတွင် အကြိတ်အနယ် ဆွေးနွေးလျက်ရှိသော အကြောင်းအရာဖြစ်သည်။ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်း (EITI) တွင် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်ပြီးနောက် မြန်မာနိုင်ငံတွင်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အကြောင်းအရာကို စတင်ဆွေးနွေးလာခဲ့ကြသည်။ ၂၀၁၉ ပွင့်သစ်စ၏ မေးခွန်းအမှတ် - ၇ (နှင့် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု

95 www.govrisk.org/current-events-view.asp?id=78&showstatus=

96 www.fatf-gafi.org/countries/#high-risk ကန်ဘိုဒီးယားနှင့် သီရိလင်္ကာနိုင်ငံများသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မီးခိုးရောင်အဆင့်နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ရမှတ်မှတ်တမ်း၏ စံသတ်မှတ်ချက် ဃ.၁.၁) တွင် မေးမြန်းထားသည်မှာ - ‘ရှယ်ယာများ၏ ၅% (သို့မဟုတ်) ၅% ထက်ပိုသေ ာရှယ်ယာပိုင်ရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အချက်အလက်များကို ဖော်ပြပါသလား’ ဖြစ်သည်။ ဆန်းစစ်အမှတ်ထား သည့် ကုမ္ပဏီများအနက် ကုမ္ပဏီစုစုပေါင်း (၅၂) ခုမှာ လက်အောက်ခံကုမ္ပဏီများကို ဖော်ပြကြပြီး (၁၉) ခုမှာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ကြေညာထားကြောင်း တွေ့ရသည်။

## မြန်မာဥပဒေများရှိ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူများ

‘အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု’ ဟူသည့် အသုံးအနှုန်းကို မြန်မာဥပဒေတချို့တွင် သုံးထား သော်လည်း တစ်သမတ်တည်း သုံးနှုန်းထားခြင်းမျိုး မဟုတ်ဘဲ စံသတ်မှတ်ချက်အမျိုးမျိုးဖြင့် သတ်မှတ်ဖော်ပြထားကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက် အမှတ် (၂၁/၂၀၁၅) ဖြစ်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ညွှန်ကြား ချက်[97] ပါ အပိုဒ် ၂၄-၂၉ တွင် ဘဏ်များအနေနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား သတ်မှတ် ရန်လိုအပ်ပြီး၊ အထူးသဖြင့် ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း၏ ၂၀% ထက်ပို၍ တိုက်ရိုက်သော်လည်းကောင်း၊ သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ကွပ်ကဲမှုရှိသော အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား သတ်မှတ်ရန်လိုအပ် ပါသည်။

၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၏ အပိုင်း ၃ (ည) အရ ပိုင်ဆိုင်မှု အကျိုး ခံစားခွင့်ဆိုသည်မှာ အလုပ်အပ်နှံသူများအား အခြေခံသဘောတရားအရ ပိုင်ဆိုင်သူ (သို့မ ဟုတ်) ထိန်းချုပ်သူ (သို့မဟုတ်) ၎င်းပုဂ္ဂိုလ်အစား အခြားသူအား လုပ်ငန်းများ လွှဲပြောင်း လုပ်ကိုင်စေနိုင်သူဖြစ်သည်။ ထိုဖော်ပြချက်တွင် မည်သည့်ကုမ္ပဏီအပေါ်တွင်ဖြစ်စေ၊ အစီ အစဉ်အပေါ်တွင်ဖြစ်စေ ထိရောက်သော ထိန်းချုပ်ကိုင်တွယ်မှုပြုသူနှင့် အစုရှယ်ယာ ရာခိုင်နှုန်းကို ဆုံးဖြတ်ခြင်းမပြုသူကို ဆိုလိုသည်။

၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် နိုင်ငံရေးအရ သြဇာအာဏာရှိသူ များအား ဤသို့ဖော်ပြထားသည်။ ပြည်တွင်းနှင့် ပြည်ပနိုင်ငံရေးအရ သြဇာအာဏာရှိသူ ဆိုသည်မှာ ထင်ရှားကျော်ကြားသူ၊ နိုင်ငံတွင်း (သို့မဟုတ်) ပြည်ပနိုင်ငံမှ အများပြည်သူ ဆိုင်ရာလုပ်ငန်းများအား ယုံကြည်စွာ အပ်နှင်းခြင်းခံရသူနှင့် ၎င်း၏ မိသားစုဝင်များ၊ နီးစပ် သူများကို ဆိုလိုသည်။ နိုင်ငံတကာ နိုင်ငံရေးအရ သြဇာအာဏာရှိသူဆိုသည်မှာ ဒါရိုက် တာ၊ ဒုတိယဒါရိုက်တာ၊ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ၊ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၏ ထိပ်တန်းအဖွဲ့ဝင်၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများအား ယုံကြည်စွာ တာဝန်အပ်နှင်း ခြင်းခံရသောသူ (သို့မဟုတ်) အလားတူ ရာထူးတာဝန်ရှိသူများနှင့် ၎င်း၏ မိသားစုဝင်များ (သို့မဟုတ်) နီးစပ်သူများကို ဆိုလိုသည်။

၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူများဟူသော အသုံးအနှုန်းများကို အသုံးမပြုထားသော်လည်း စာပိုဒ် - ၁ (၂၂) တွင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အား ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှ ရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့်တစ်ရပ်ကို ဆိုလိုသည် ဟုဖော်ပြထားသည်။ အောက်ဖော်ပြပါနည်းလမ်းများအပါအဝင် ကုမ္ပဏီတစ်ခုတွင် ပိုင်ဆိုင် မှုအကျိုးခံစားခွင့်များကို ရရှိနိုင်သည် -

97 CBM Directive 21/2015 for Customer Due Diligence (CDD) Measures

- ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း၊ သို့မဟုတ်
- ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့် ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း သို့မဟုတ်
- ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသောသူအဖြစ် သဘောတူညီချက်ရှိခြင်း။

သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) သည် 'ကုမ္ပဏီ တစ်ခုနှင့် ဆက်နွယ်နေသည့် မူရင်းအစုများပိုင်ဆိုင်သည့်ကုမ္ပဏီ' (Ultimate Holding Company) ဆိုင်ရာ အချက်အလက်များကို မှတ်ပုံတင်သည့်အချိန်နှင့် နှစ်စဉ်အစီရင်ခံစာ တင်ပြသည့်အချိန်တို့တွင် လိုအပ်ပြီး ထိုအချက်အလက်များအား မှတ်ပုံတင်သောအခါတွင် ရရှိနိုင်သည် (ငွေသွင်း ခြင်းဖြင့်)။

## မြန်မာနိုင်ငံ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်း မြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (MEITI) မှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင် ရေး (EITI) လိုအပ်ချက်များ (၂.၅) အရ ၂၀၂၀ ဇန်နဝါရီလ ၁ ရက်၊ မတိုင်မီ EITI ကို လက်တွေ့အကောင်အထည်ဖော်သော နိုင်ငံများရှိ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တု ပစ္စည်းများတူးဖော်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ လိုင်စင်ခွင့်ပြုချက်များ ရရှိထား သည့် ကုမ္ပဏီများသည် ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အမည်နာမများ၊ ပိုင်ဆိုင်မှုအနေအထားနှင့် အခွင့်အာဏာမည်မျှရှိသည်ဟူသည့် အသေးစိတ်အချက် အလက်များကို ရှင်းလင်းသေချာစွာ ထုတ်ဖော်ကြေညာရမည်ဖြစ်သည်။ ထို့အပြင် အကျိုး အမြတ်ရရှိပိုင်ဆိုင်သူသည် နိုင်ငံရေးအရ သြဇာရှိသူ ဟုတ်၊ မဟုတ် စိစစ်ရမည်ဖြစ်သည်။ ယင်းအချက်အလက်များကို ပြည်သူလူထု အလွယ်တကူသိရှိနိုင်အောင် အချိန်နှင့်တစ်ပြေး ညီ ထုတ်ပြန်ကြေညာရမည် (EITI အစီရင်ခံစာတွင် တရားဝင်ဖော်ပြခြင်းအပြင် အများနှင့် သက်ဆိုင်သော စာရင်းများတွင် ထည့်သွင်းခြင်း)။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူများကို ထုတ်ဖော်ကြေညာခြင်းသည် EITI အစီရင်ခံစာ တွင် လက်ရှိပါဝင်ထားခြင်းမရှိသည့် ကုမ္ပဏီများ အပါအဝင် ဤလုပ်ငန်းကဏ္ဍရှိ ကုမ္ပဏီများ အားလုံးမှ လုပ်ဆောင်ကြရမည်ဖြစ်သည်။

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင် ရေး (EITI) စံသတ်မှတ်ချက်များ (၂.၅ စ) တွင် 'ကုမ္ပဏီနှင့် ပတ်သက်နေသည့် အကျိုး အမြတ် ရရှိပိုင်ဆိုင်သူ"သည် ကော်ပိုရိတ်လုပ်ငန်းစဉ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဦးစီးချုပ်ကိုင်သူ (သို့မဟုတ်) ပိုင်ဆိုင်သူဟု အဓိပ္ပာယ် ဖွင့်ဆိုထားသော်လည်း EITI က နိုင်ငံတွင်းရှိ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) သည် နိုင်ငံတကာစံနှုန်းများနှင့် အမျိုးသားဥပဒေများနှင့်အညီ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အနက်အဓိပ္ပာယ်ကို ကိုယ်တိုင်ဖွင့်ဆိုသတ်မှတ်နိုင်ရန် အခွင့်အရေးပေးထားသည်။ ထိုသို့ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုင်ဆိုင်မှုဆိုင်ရာ စံချိန်စံနှုန်းများလည်း ပါဝင်သင့်ပါသည်။

မြန်မာနိုင်ငံရှိ EITI (MEITI) အဖွဲ့သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လမ်းညွှန်ချက်ကို ထုတ်ဝေခဲ့ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ၂၀၂၀ ဇန်နဝါရီမတိုင်မီ ထုတ်ဖော်ကြေညာမှုများပြုလုပ်ရန် အဆင့်ဆင့်ညွှန်ကြားချက်များ ပါဝင်ပါသည်[98]။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG)မှ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ (ဇယား ၄) နှင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူ (PEP(ဇယား ၅)[99] များ၏ အဓိပ္ပာယ်ကို ရှင်းလင်းဖွင့်ဆိုထားသည်။ ကမ္ဘာ့ဘဏ်ကလည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ကြေညာနိုင်ရေးအတွက် ကနဦးလေ့လာမှု ခြင်းကို ထောက်ပံ့ပေးခဲ့သည် (မြန်မာ့ဓာတ်သတ္တုမှတ်ပုံတင်မြေပုံစနစ် cadaster ကို တည်ထောင်ပေးရန်အတွက်လည်း အထောက်အပံ့များပေးလျက်ရှိသည်)။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၈ အရ အဖွဲ့ဝင် (၁၄) ယောက် ပါဝင်သော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) အား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်များမှာ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်(၂)ဦးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၂) ဦးတို့ ဖြစ်ကြသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ လေ့လာစိစစ်သွားမည့် ကဏ္ဍနယ်ပယ်များ (ToRs) တွင် လုပ်ငန်းဆောင်တာများအား ရေးဆွဲပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူနှင့် နိုင်ငံရေးအရ သြဇာအာဏာရှိသူဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား ဥပဒေမူဘောင်နှင့် ကိုက်ညီမှုရှိစေရန် ဖြေရှင်းဆောင်ရွက်ခြင်းနှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းထုတ်ပြန်ကြေညာခြင်းအတွက် ဥပဒေရေးရာ သတ်မှတ်ချက်များအား ပိုမိုထိရောက်မှုရှိစေရန် အသက်သွင်းခြင်းတို့ ပါဝင်သည်။

## အခွန်နှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများ

ငွေနှုန်းထားများမြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံ၏အခွန်နှင့် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု(GDP)အချိုးအစားမှာ ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် ယှဉ်လိုက်လျှင် လွန်စွာလျော့နည်းနေလျက်ရှိသည်။ ဌာန၏အသုံးစရိတ်မှာ အခွန်ကောက်ခံရရှိမှု၏ (၀.၃%) သာရှိသဖြင့်အခြားဖွံ့ဖြိုးဆဲနိုင်ငံအများစုနှင့်ယှဉ်လျှင်ပင်ပျမ်းမျှအားဖြင့်ရစ်ဆလျော့နည်းလျက်ရှိသည်[100]။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်မှ စတင်ကာ အခွန်ပြုပြင်ပြောင်းလဲမှုများအား စတင်ခဲ့ပြီး ဒုတိယအဆင့်ကြာမြင့်ချိန်အား ၂၀၁၇/၂၀၁၈ ခုနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ် ကာလအထိ သတ်မှတ်ထားပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ဥရောပသမဂ္ဂ (EU) တို့သည် မြန်မာနိုင်ငံ၏ အခွန်ကဏ္ဍ အပြောင်းအလဲတွင် ပံ့ပိုးပေးနေကြသည့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ ပြုပြင်ပြောင်းလဲမှုများတွင် ပြည်တွင်းအခွန်များဦးစီးဌာန (IRD) ရုံးချုပ်အား လုပ်ဆောင်ချက်အခြေပြုသည့် ဖွဲ့စည်းပုံသို့ ပြောင်း

98 Myanmar Beneficial Ownership Roadmap၊ ၂၀၁၇ ခုနှစ်၊ မတ်လ

99 2nd Myanmar EITI report ၂၀၁၄ - ၂၀၁၅၊ အပိုင်း ၃.၇.၃၊ ၂၀၁၈ ခုနှစ်၊ မတ်လ

100 ပြုပြင်ပြောင်းလဲရေးခရီးစဉ် - ပြည်တွင်းအခွန်များစနစ်ကို ၂၀၁၇ -၂၀၁၈ မှ ၂၀၂၁ - ၂၀၂၂ အတွင်း ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

## ဇယား - ၄။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က သဘောတူထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

မြန်မာနိုင်ငံ၏သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကအကျိုးအမြတ်ရရှိပိုင်ဆိုင်သူသည်ကော်ပိုရိတ်လုပ်ငန်းစဉ်ကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သူ (သို့မဟုတ်) ဦးစီးချုပ်ကိုင်သူဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီဖြစ်စေ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်စေ၊ ကော်ပိုရိတ်ကုမ္ပဏီဖြစ်စေ အဆိုပါကုမ္ပဏီ၏ ၅% (သို့မဟုတ်) ၅% နှင့်အထက် ပိုင်ဆိုင်ထားလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် အလိုအလျောက် သတ်မှတ်ထားပြီးသားဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အောက်ပါအကြောင်းအရာများနှင့် ကိုက်ညီလျှင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် သတ်မှတ်နိုင်သည်။

- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ အစီရင်ခံသည့်ကာလအတွင်း အစုရှယ်ယာများ၏ ၅% (သို့မဟုတ်) ၅% အထက် ပိုင်ဆိုင်ထားလျှင်။
- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ မဲပေးပိုင်ခွင့် ၅% (သို့မဟုတ်) ၅% နှင့်အထက်ရှိသူဖြစ်နေလျှင်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ ကိုယ်တိုင်မဲပေးပိုင်ခွင့်နှင့် မသက်ဆိုင်ပါ။
- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ(သို့မဟုတ်)ကော်ပိုရိတ်ကုမ္ပဏီ၏ မဲပေးပိုင်ခွင့်ရှိသူဖြစ်နေလျှင်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီ(သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ ကိုယ်တိုင်မဲပေးပိုင်ခွင့်နှင့် မသက်ဆိုင်ပါ။
- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီ၏ အဓိကဘုတ်အဖွဲ့ဝင် ဒါရိုက်တာများကို ရွေးချယ်သတ်မှတ်နိုင်၊ ဖြုတ်ချနိုင်သည့် အခွင့်အရေးရှိသူဖြစ်နေလျှင်။
- တစ်စုံတစ်ဦးသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကပိုင်ကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရိတ်ကုမ္ပဏီပေါ်တွင် သိသာသည့်လွှမ်းမိုးမှု (သို့မဟုတ်) အာဏာသက်ရောက်မှုရှိသူ (သို့မဟုတ်) ထိုသို့ အာဏာလွှမ်းမိုးသက်ရောက်ရန် အခွင့်အရေးရှိသူဖြစ်နေလျှင်။

ပိုင်ဆိုင်သူ (သို့မဟုတ်) ဦးစီးချုပ်ကိုင်သူဟူသော စကားအသုံးအနှုန်းသည် လက်ဆင့်ခံပိုင်ဆိုင်ခြင်း သို့မဟုတ် တိုက်ရိုက်မဟုတ်သောနည်းလမ်းများဖြင့် ဦးစီးချုပ်ကိုင်ခြင်းတည်းဟူသော အခြေအနေမျိုးကို ဆိုလိုသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် တစ်သက်တာ (သို့မဟုတ်) အခြားသောရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအတွက်လည်း အကျိုးသက်ရောက်သည်။

## ဇယား - ၅။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) အဖွဲ့၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူထားသော နိုင်ငံရေးအရ သြဇာအာဏာရှိသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

နိုင်ငံရေးအရ သြဇာအာဏာရှိသူများကို အောက်ဖော်ပြပါ ကဏ္ဍများအလိုက် အဓိပ္ပာယ်သတ်မှတ်ထားသည်။

- **ပြည်တွင်းရှိ နိုင်ငံရေးအရ သြဇာအာဏာရှိသူများ။** ။ ပြည်တွင်းရှိထင်ရှားသော လူထုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ယုံကြည်ခံထားရသူများ။ ဥပမာအားဖြင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများရှိ အကြီးတန်းအရာရှိများ (ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စာရင်းစစ်ချုပ်၊ ဗဟိုဘဏ် အစရှိသည်များ) တရားစီရင်ရေးနှင့် စစ်ဘက်ဆိုင်ရာအရာရှိများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံပိုင်လုပ်ငန်းများ၏ စီမံအုပ်ချုပ်သူများ၊ ပါတီဗဟို အလုပ်အမှုဆောင်များနှင့် သြဇာရှိလွှမ်းမိုးသူများ။
- **နိုင်ငံခြားသား နိုင်ငံရေးအရ သြဇာအာဏာရှိသူများ။** ။ လူထုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ပြည်ပနိုင်ငံတစ်နိုင်ငံမှ ယုံကြည်ခံထားရသူများ၊ ဥပမာအားဖြင့် အစိုးရခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ အစိုးရအရာရှိများ၊ တရားစီရင်ရေးနှင့်စစ်ဘက်ဆိုင်ရာအရာရှိများ၊ နိုင်ငံပိုင်လုပ်ငန်းများ၏စီမံအုပ်ချုပ်သူများ၊ ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် သံအမတ်များ။
- **နိုင်ငံတကာအဖွဲ့အစည်းများရှိ နိုင်ငံရေးအရ သြဇာအာဏာရှိသူများ။** ။ နိုင်ငံတကာအဖွဲ့အသည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ယုံကြည်ခံထားရသူများ။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်ဖူးသော စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ အကြီးတန်းအရာရှိများ။ ဥပမာအားဖြင့် ဒါရိုက်တာများ၊ လက်ထောက်ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များ၊ သို့မဟုတ် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၊ အကြီးတန်းဝန်ထမ်းများ။

နိုင်ငံရေးအရ သြဇာအာဏာရှိသူ၏ အဓိပ္ပာယ်ကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်အောင်လည်း သတ်မှတ်ဖွင့်ဆိုရမည် ဖြစ်သည်။

- အထက်ပါ နိုင်ငံရေးအရ သြဇာအာဏာရှိသူ အမျိုးအစားတစ်ခုခုရှိ ပုဂ္ဂိုလ်နှင့် မွေးချင်းဖြစ်စေ၊ လက်ထပ်ထား၍ဖြစ်စေ ပတ်သက်မှုရှိသည့် မိသားစုဝင်များ။
- အထက်ပါနိုင်ငံရေးအရ သြဇာအာဏာရှိသူ အမျိုးအစားတစ်ခုခုနှင့် လူမှုရေးအရသော်လည်းကောင်း၊ အလုပ်အကိုင်အရသော်လည်းကောင်း ရင်းနှီးမှုရှိသူများ။

လဲနိုင်ခဲ့ခြင်း၊ အခွန်အမြင့်မားဆုံး ထမ်းဆောင်သည့် အခွန်ထမ်းများကို ၎င်းတို့ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ဖြင့် စီမံခန့်ခွဲနိုင်ရန် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTO) အား တည်ထောင်ခြင်းနှင့် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို အခြားအခွန်ထမ်းများထံသို့ ဆက်လက်ချဲ့ထွင်နိုင်ရန် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTOs) များအတွက် ပြင်ဆင်ချဲ့ထွင်ခြင်းတို့ ပါဝင်ပါသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်တွင်းအခွန်များဦးစီးဌာန (IRD) သည် ခေတ်မီအခွန်စီမံခန့်ခွဲမှုစနစ် (ITAS)[101] ကို ၂၀၁၉ - ၂၀၃၀ နှစ်များအတွင်းတွင် အဆင့်

101 အဆင့် ၁ - အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (LTO)နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(MTO)နံပါတ်(၁)။ အဆင့် ၂ - ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTO) နံပါတ် (၂)။ အဆင့် ၃ - အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTO) နံပါတ် (၃) နှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTO) နံပါတ် (၄) (ဆောင်ရွက်ရန်ကျန်ရှိသေး)၊ အဆင့် ၄ - ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းရှိ ပထမတန်းအဆင့် အခွန်ရုံးများ၊ အဆင့် ၅ - အခြားအခွန်ရုံးအားလုံး။

(၅) ဆင့်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ခေတ်မီအခွန်စီမံခန့်ခွဲမှုစနစ် (ITAS) ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန (IRD) အတွင်းရှိ အခွန်လုပ်ငန်းစဉ်များကို စီမံခန့်ခွဲပေးနိုင်မည့် အီလက်ထရောနစ်အခြေခံ စနစ်တစ်ရပ်ဖြစ်ပြီး အခွန်ဆောင်သူများ၏ အချက်အလက် ပိုမိုတိကျမှုရှိခြင်း၊ လျှို့ဝှက်သတင်းအချက်အလက်များကို ထိန်းသိမ်းထားနိုင်ခြင်း၊ အခွန်ထမ်းဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများနှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်ခြင်းဆိုင်ရာ ကြေညာလွှာများစသည့် စာရွက်စာတမ်းတင်ပြမှုများ လျော့ပါးသွားခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ လတ်တလောတွင် ထိုအွန်လိုင်းလုပ်ငန်းစဉ်များသည် LTO နှင့် MTO တို့ရှိ ငွေပေးချေခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင်သာ အကျုံးဝင်ပြီး အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့် အခွန်စာရွက်စာတမ်းများ တင်ပြခြင်းတို့ပါဝင်ခြင်း မရှိသေးပါ[102]။

အဓိကရည်ရွယ်ချက်မှာ - မြို့နယ်ရုံးများတွင် လုပ်ဆောင်လျက်ရှိနေသေးသည့် (OAS) စနစ်သည် အခွန်ထမ်းများနှင့် အခွန်ဝန်ထမ်းများ၏ အဂတိလိုက်စားမှုနှင့် ကိုယ်ကျိုးအမြတ်ထုတ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် LTO နှင့် MTO တို့တွင် စတင်လုပ်ကိုင်နေပြီဖြစ်သော အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်ခြင်းစနစ် (Self-Assessment)သို့ ပြောင်းလဲသွားနိုင်ရန်ဖြစ်သည်။ မျှော်မှန်းချက်များမှာ အဂတိလိုက်စားမှု လျှော့ချနိုင်ရန်နှင့် လူထု၏အသိပညာမြှင့်တင် နိုင်ရန်အတွက် စာရွက်စာတမ်းစနစ်မှ အွန်လိုင်းစနစ် ပြောင်းလဲခြင်းနှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်တစ်ရပ် မှန်ကန်ထိရောက်စွာ ဖြစ်ပေါ်လာနိုင်ရန် အခွန်ဆောင်သူများအတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများအား ထိထိရောက်ရောက် ချမှတ်နိုင်ရန်တို့ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန (IRD) သည် ဌာနတွင်း စာရင်းစစ်ဌာနခွဲ (Internal Audit Directorate)အား ၂၀၂၀ ခုနှစ်တွင် တည်ထောင်နိုင်ရန် ရည်မှန်းထားပြီး စာရင်းအင်းများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပိုမိုခိုင်မာမှန်ကန်မှုရှိလာစေရေးနှင့် လုပ်ငန်းဆိုင်ရာစွန့်စားရမှုများအား စီမံခန့်ခွဲနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။ ထို့အပြင် ဌာနတွင်းရေးရာရုံး (Internal Affairs Unit) ကို တည်ထောင်ပြီး အဂတိလိုက်စားခြင်း ပြုမှုလုပ်ဆောင်ချက်များကို ဖော်ထုတ်သတ်မှတ်၍ အရေးယူနိုင်ရန် မျှော်မှန်းထားသည်။ နောက်ထပ်ဆောင်ရွက်မည့် အစီအစဉ်များမှာ အဂတိလိုက်စားမှုအပြုအမူများ ဖြစ်ပေါ်စေနိုင်သော အခွင့်အလမ်းများကို လျှော့ချနိုင်ရန်အတွက် တာဝန်ဝတ္တရားများကို ခွဲဝေသတ်မှတ်ခြင်းနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD) ၏ အဓိကကျသည့် အခွန်ဆိုင်ရာလုပ်ဆောင်ချက်များ၊ အခွန်ထမ်းပဋိညာဉ်နှင့် ဝန်ထမ်းကျင့်ဝတ်များတို့ကို စောင့်ကြည့်လေ့လာခြင်းတို့ဖြစ်သည်။

အခွန်မူဝါဒနှင့် ဥပဒေမူဘောင်တွင် ပြင်ဆင်ပြောင်းလဲမှုများဆောင်ရွက်ထားသော်လည်း ပေါင်းစည်းထားသည့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းဥပဒေ (TAPL) မူကြမ်းမှာမူ လွှတ်တော်တွင် ဆွေးနွေးဆဲအခြေအနေသာ[103] ရှိနေသေးသည်။ ထို့ကြောင့် ဝင်ငွေခွန်ဥပဒေကို၊ ဥပမာ ရန်ပုံငွေအလှူငွေများ အစရှိသည့် အကြောင်းအရာများတွင် ပိုမိုရှင်းလင်းမှုရှိစေရန်နှင့် လစ်ဟာမှုများ လျော့နည်းစေရန် မွမ်းမံပြင်ဆင်ရာတွင် ပို၍ ကြန့်ကြာလျက်ရှိသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD) ၏ ၁/၂၀၁၈ အမိန့်ကြော်ငြာစာ (အထက်တွင်ကြည့်ပါ) တွင်လည်း တံစိုးလက်ဆောင်များအတွက် ကုန်ကျစရိတ်ကို ဝင်ငွေ

102 Myanmar Tax Update: Myanmar IRD to Implement Integrated Tax Administration System Starting FY 2019-2020, DFDL၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်။

103 Draft Tax Administration and Procedures Law, ၂၀၁၈ ခုနှစ်၊ မတ်လ။

ခွန်တွက်ချက်မှုတွင် စရိတ်အဖြစ် နုတ်ပယ်ခွင့်မပြုဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

အခွန်ထမ်းခြင်းနှင့် ပတ်သက်သည့် လူထု၏အသိပညာမြှင့်တင်နိုင်ရန်နှင့် စည်းမျဉ်းများ လိုက်နာဆောင်ရွက်ရန် တွန်းအားပေးခြင်းလုပ်ငန်းများတွင် အရေးပါသော ခြေလှမ်းတစ်ရပ်မှာ ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD) မှ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်ကတည်းက နှစ်စဉ်ထုတ်ပြန်သည့် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံးပေးဆောင်ထားသော မြန်မာကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများစာရင်းထုတ်ပြန်ခြင်း[104] နှင့် နိုင်ငံတော်သမ္မတက အသိအမှတ်ပြု ဂုဏ်ပြုခြင်း[105] တို့ပင်ဖြစ်သည်။

အဆိုပါ အခွန်အများဆုံးထမ်းဆောင်သူ စာရင်းအား ပွင့်သစ်စတွင် ထည့်သွင်း အကဲဖြတ်ခံရမည့် ကုမ္ပဏီများအား သတ်မှတ်ရာတွင် အသုံးပြုခဲ့သည်။ အခွန်အများဆုံးထမ်းဆောင်သူစာရင်းသည် ပုံမှန်အဆင့်သတ်မှတ်ခြင်းမျိုးသာမက ပေးဆောင်ခဲ့သည့် ပျမ်းမျှအခွန်ပမာဏပေါ် မူတည်၍ အတိအကျပမာဏကို ဖော်ပြခြင်းမျိုးမဟုတ်သော်လည်း အုပ်စုခွဲဖော်ပြသောကြောင့် ကုမ္ပဏီတစ်ခုချင်းစီမှ အကြမ်းဖျင်း မည်မျှပေးဆောင်ထားသည်ဟု သိသာရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

## ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရွေ့ပြောင်းဆောင်ရွက်မှုများ

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် IFC, OECD, UNODC နှင့် UNDP တို့သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို အထောက်အပံ့ဖြစ်စေသော လုပ်ငန်းစဉ်များအား မြန်မာ အာဏာပိုင်များအတွက် လုပ်ဆောင်ပေးခဲ့သည်။ ကမ္ဘာ့ဘဏ်သည်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ ဥပဒေအား အကောင်အထည်ဖော်ဆောင်ရေးအတွက် ကူညီထောက်ပံ့ပေးလျက်ရှိသည်။

### IFC ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ ရွေ့ပြောင်းဆောင်ရွက်မှု

ကမ္ဘာ့ဘဏ်အဖွဲ့၏ အ ဖွဲ့ဝင်ဖြစ်သော IFC သည် မြန်မာ့ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးဆိုင်ရာ ရွေ့ပြောင်းဆောင်ရွက်မှု (MCGI) ကို ၂၀၁၆ ခုနှစ်မှစ၍ ဩစတေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန (DFAT) နှင့် UK နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ခဲ့သည်။ MCGI သည် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်ရေး အဆင့်အတန်းနှင့် လုပ်ငန်းကျင့်စဉ်များ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး အောက်ပါအချက်များကို ဦးတည်ချက် ထားရှိသည် -

- ဆွေးနွေးဟောပြောပွဲများကျင်းပခြင်း၊ အကောင်းဆုံးလုပ်ငန်းကျင့်စဉ်များ ဖြန့်ချီပေးခြင်း၊ စီးပွားရေးဂျာနယ်လစ်များအား သင်တန်းပေးခြင်းများ အစရှိသည်တို့ကို ပြုလုပ်ပေးခြင်းအားဖြင့် အများပြည်သူ နားလည်သဘောပေါက်မှု မြှင့်တင်ပေးခြင်းနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးခြင်း။
- ပြည်တွင်းသင်တန်းပေးသူများအား ပြန်လည်သင်တန်းပို့ချပေးခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကျင့်စဉ်များအတွက် လိုအပ်သော အကြောင်းအရာများနှင့် သင်တန်းပို့ချချက်များ မျှဝေပေးခြင်းများဖြင့် ပြည်တွင်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သူများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းပေးနိုင်စွမ်းနှင့်

104 Top income and commercial tax-paying Myanmar and foreign companies, ပြည်တွင်းအခွန်များဦးစီးဌာန (မြန်မာဘာသာ)

105 President U Win Myint honors highest taxpayers for the 2017-2018 financial year, ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ နိုင်ငံတော်သမ္မတရုံးဝက်(ဘ်)ဆိုဒ်

အကြံပေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်မှုကို အရည်အသွေးမြှင့်တင်ပျိုးထောင်ပေးခြင်း။

- ကော်ပိုရိတ်စီမံအုပ်ချုပ်ရေးနှင့် ဆက်စပ်သော စည်းမျဉ်းစည်းကမ်းများ အဆင့်အတန်း မြှင့်တင်နိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်း။ ထိုနည်းအားဖြင့် စီးပွားရေးအခြေအနေ ပိုမိုအားကောင်းခိုင်မာလာခြင်း။
- ကုမ္ပဏီများအား ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု လုပ်ငန်းကျင့်စဉ်များ မြှင့်တင်နိုင်ရန် တိုက်ရိုက်ထောက်ပံ့ပေးခြင်း။

၂၀၁၇ မတ်လတွင် ချုပ်ဆိုထားသော နားလည်မှု စာခွန်လွှာ အရ IFC သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနယ်ပယ်ကို ကြီးကြပ်ခြင်းနှင့် စံသတ်မှတ်ခြင်းများကို လုပ်ကိုင်နေသည့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ၏ အရည်အသွေးမြှင့်တင်ရေးအတွက် ဆောင်ရွက်နေသည်။ ၂၀၁၈ ခုနှစ်တွင် SECM, DICA, YSX နှင့် IFC တို့သည် အများပြည်သူနှင့် သက်ဆိုင်သည့်ကုမ္ပဏီများ၊ စတော့အိတ်ချိန်းဝင်ကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီကြီးအချို့ အပါအဝင် စုစုပေါင်း (၂၄) ခုကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ စံနှုန်းသတ်မှတ်ပေးနိုင်ရန်အတွက် မြန်မာကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) ကို အစပြုလုပ်ဆောင်ခဲ့သည် (ဇယား ၆ ကိုကြည့်ပါ)[106]။

IFC သည် MCGI အတွက် UMFCCI နှင့်ပူးပေါင်း၍ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ၊ အကြီးတန်းအမှုဆောင်များ၊ အဓိကရှယ်ယာရှင်များအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရေး စီမံချက် (Corporate Governance Action Planning) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် သီးခြားသင်တန်းများနှင့် မိသားစုပိုင်စီးပွားရေးစီမံအုပ်ချုပ်မှု[107] အလုပ်ရုံဆွေးနွေးပွဲတို့ကို ကျင်းပခဲ့သည်။ UK-Myanmar Financial Services Taskforce နှင့် Thai Institute of Directors တို့နှင့် လက်တွဲ၍လည်း မြန်မာဒါရိုက်တာများ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ IFC နှင့် MCGI တို့၏ အခြား ဆောင်ရွက်ချက်များမှာ ဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်ပြီး MCRB[108] နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သော SECM တွင် ကျင်းပသည့် ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်ထုတ်ပြန်ကြေညာမှုဆိုင်ရာ ဆွေးနွေးပွဲလည်း ပါဝင်သည်။ IFC MCGI သည် YSX, SECM[109] တို့နှင့် အတူပူးပေါင်း၍ 'ကျား/ မ တန်းတူညီမျှရေးအတွက် နှိုးဆော်ခေါင်းလောင်းတီးခြင်း' (Ring the Bell) ပွဲအား အစပြုလုပ်ဆောင်ခြင်းအပြင် အမျိုးသမီးများအနေနှင့် ကော်ပိုရိတ်ခေါင်းဆောင်များဖြစ်လာစေရန် ပံ့ပိုးပေးသော 'Igniting Change' အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ကျားမ တန်းတူညီမျှရှိမှုနှင့် ကော်ပိုရိတ်ဦးဆောင်မှုတို့[110]ကို အားပေးထောက်ခံလျက်ရှိပါသည်။

---

106 Myanmar Corporate Governance Scorecard 2018: A Report on the Assessment of Myanmar Companies, ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်။ Nicolas Delange (Yever ၏ မန်နေဂျင်းဒါရိုက်တာ) က ဤစီမံကိန်းတွင် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

107 IFC Helps Family Businesses improve Corporate Governance, Attract More Investment, IFC ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်။ ထို့အပြင် တတိယအကြိမ်မြောက် ပြန်လည်တည်းဖြတ်ထားသော IFC Family Business Governance Handbook (၂၀၁၆) ကို အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးစလုံးဖြင့် ရရှိနိုင်သည်။

108 There is a growing regulatory trend in Myanmar towards greater corporate disclosure, MCRB၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်။

109 IFC, SECM and Myanmar Stock Exchange Ring the Bell for gender equality၊ IFC၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၉ ရက်။

110 Igniting Change: Women on Boards training, IFC နှင့် ကနေဒါအစိုးရတို့ ပူးပေါင်းဆောင်ရွက်ခြင်း။

## ဇယား - ၆။ ၂၀၁၈ မြန်မာကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) ဆိုသည်မှာ အဘယ်နည်း။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) နှင့်အတူ DICA, YSX နှင့် IFC တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard-ACGS) အား ၂၀၁၉ ဧပြီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ MCGS တွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ACGS) ၏စံနှုန်းသတ်မှတ်ချက် ၁၄၂ ခု (သို့မဟုတ် ၉၈%) ကို အသုံးပြုထားပြီး အများပြည်သူနှင့် သက်ဆိုင်သည့်ကုမ္ပဏီများနှင့် စတော့အိတ်ချိန်းဝင်ကုမ္ပဏီများ စုစုပေါင်း (၂၄)ခုနှင့် ပုဂ္ဂလိကကုမ္ပဏီကြီးအချို့ရှိ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို စံနှုန်းသတ်မှတ်ပေးနိုင်ရန်အတွက် ထုတ်ပြန်ထားခြင်းဖြစ်သည်။

ပွင့်သစ်စနှင့် MCGS နှစ်ခုစလုံးသည် ACGS စံနှုန်းများနှင့်အညီ ကုမ္ပဏီများကို စံနှုန်းသတ်မှတ်ထားပြီး MCGS တွင် ပါဝင်သည့်ကုမ္ပဏီအများစုကို ပွင့်သစ်စတွင် ဆန်းစစ်အမှတ်ပေးထားသော်လည်း အသုံးပြုသည့် စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းမှာ မတူညီဘဲ ကွဲပြားပါသည်။

- SECM/DICA/YSX/IFC အဖွဲ့များက လျှို့ဝှက်သတင်းအချက်အလက်များအား ထည့်သွင်းစဉ်းစားပြီး ပွင့်သစ်စမှာမူ အများပြည်သူသိရှိရန် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကိုသာ အသုံးပြုခဲ့သည်။
- SECM/DICA/YSX/IFC တို့၏ စီမံကိန်းသည် ပိုမိုအသေးစိတ်ပြီး ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ဦးစားပေးဆောင်ရွက်ထားကာ မှန်ကန်သည့်အချက်အလက်များနှင့် သက်သေသာဓကများဖြင့် မူဝါဒဖော်ဆောင်ဆွေးနွေးမှုများကို ဆက်လက်ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ထားသည်။ ပွင့်သစ်စမှာမူ ကုမ္ပဏီများ၏အများပြည်သူဆိုင်ရာထုတ်ပြန်ကြေညာချက်များအား ပိုမိုကျယ်ပြန့်သည့် အကြောင်းအရာများကို အခြေခံ၍ ဆန်းစစ်လေ့လာထားပါသည်။

MCGS နှင့် ပွင့်သစ်စတွင် ထည့်သွင်းဆန်းစစ်ထားသော ကုမ္ပဏီ (၃) ခု (CMHL, GGI နှင့် Shwe Taung) တို့သည် ၎င်းတို့၏ ကော်ပိုရိတ်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ၏ မြေပုံများကို ACGS သတ်မှတ်စံနှုန်းများအတိုင်း ထုတ်ဖော်ကြေညာထားပါသည်။

### မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD)

မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD) ကို ၂၀၁၈ ခုနှစ်၊ မတ်လတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာစံနှုန်းများနှင့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ခဲ့ပြီး Cherry Trivedi အား ကြားဖြတ်စီအီးအိုအဖြစ် ယင်းနှစ်နောက်ပိုင်းတွင် ခန့်အပ်ခဲ့သည်။ မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD) သည် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၊ ဩစတေးလျအစိုးရနှင့် ဗြိတိန်အစိုးရတို့၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားရှိပြီး UK – Myanmar Financial Services Taskforce နှင့် Myanmar Corporate Governance Initiative (MCGI) တို့မှ ရှေ့ပြေးဆောင်ရွက်ထားပြီးဖြစ်သော လုပ်ငန်းဆောင်တာများအား ထပ်မံဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

အများပိုင်ကုမ္ပဏီများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍနှစ်ခုလုံးမှ ကိုယ်စားပြုဒါရိုက်တာများဖြင့် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့က[111] မြန်မာဒါရိုက်တာများ အင်စတီကျုကို စီမံအုပ်ချုပ်ပြီး မြန်မာနိုင်ငံ၏ ပုဂ္ဂလိကအခန်းကဏ္ဍရှိ အုပ်ချုပ်မှုပိုင်းဆိုင်ရာတွင် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုအဆင့်မြင့်မားစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် စီးပွားရေးကျင့်ဝတ်များ လိုက်နာကျင့်သုံးခြင်း ပိုမိုကောင်းမွန်စေရန်၊ ကော်ပိုရိတ်ခေါင်းဆောင်များနှင့် အကျိုးစီးပွားသက်ဆိုင်သူများကြားတွင် ကွန်ယက်များဖန်တီးရန်နှင့် ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍအပေါ်

111 http://myanmariod.com/board-of-directors/

ယုံကြည်မှုမြင့်မားစေရန် ရည်ရွယ်ပါသည်။မြန်မာဒါရိုက်တာများ အင်စတီကျူ့မှ Singapore Management University နှင့် ပူးပေါင်းဖွင့်လှစ်သည့် မြန်မာဒါရိုက်တာများအတွက် ဒါရိုက်တာအဖြစ် အသိအမှတ်ပြုပေးခြင်း သင်တန်းအစီအစဉ်အား ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ပထမဆုံးအကြိမ် သင်ကြားပို့ချပေးခြင်း အပါအဝင် ဘုတ်အဖွဲ့နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း စသည်တို့ကိုလည်း လုပ်ဆောင်လျက်ရှိသည်။

### စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD)

OECD အရှေ့တောင်အာရှ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရှေ့ပြေးဆောင်ရွက်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေနှင့် ၂၀၁၈ ခုနှစ်တွင် OECD က မြန်မာ - OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပိုင်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး နှစ်ရှည်စီမံကိန်းတစ်ရပ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဤစီမံကိန်းသည် မြန်မာနိုင်ငံရှိ ငွေကြေးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုမ္ပဏီများအတွက် ဘဏ္ဍာရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများလွယ်လင့်တကူရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအား ပံ့ပိုးကူညီပေးရန် ရည်ရွယ်ပါသည်။

ပထမဆုံးခြေလှမ်းအနေဖြင့် OECD သည် G20/ OECD ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံမူများကို စံသတ်မှတ်ထား[112] သည့် "အချက်အလက် ရှာဖွေရေးဆိုင်ရာ စစ်တမ်း"[113] ကောက်ယူမှုတစ်ရပ်ကို ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုစစ်တမ်းကောက်ယူခြင်းကို လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဒေသတွင်းနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြေကြားပေးခဲ့သော ကုမ္ပဏီ (၂၅) ခု (စတော့အိတ်ချိန်းဝင် ကုမ္ပဏီ ၅ ခု၊ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ ၆ ခုနှင့် ပုဂ္ဂလိကကုမ္ပဏီ ၁၄ ခု) အပါအဝင် ကုမ္ပဏီစုစုပေါင်း (၅၁) ခုအား ကောက်ယူရန် ရည်မှန်းထားပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်များနှင့် နိုင်ငံတော်စည်းမျဉ်းစည်းကမ်း ဥပဒေများကြားရှိ ကွာဟချက်ကို တိုင်းတာနိုင်ရန်အပြင် ထိုအလေ့အကျင့်များနှင့် G20/ OECD ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံမူများကြားရှိ လစ်ဟာချက်များကိုလည်း တိုင်းတာနိုင်ရန် ရည်မှန်းထားပါသည်။ ထို့ပြင် OECD ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအား ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အကြံပေးကော်မတီတစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်[114]။

OECD ၏ မြန်မာနိုင်ငံဆိုင်ရာ အခြားလုပ်ဆောင်ချက်များတွင် DICA ၏ တောင်းဆိုချက်ဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ စတင်အကောင်အထည်ဖော်လာခဲ့သော ရင်းနှီးမြှုပ်နှံမှု မူဝါဒအား ဒုတိယအကြိမ် ပြန်လည်ဆန်းစစ်ခြင်းလည်း တစ်ခုပါဝင်သည်။ UK Prosperity Fund ကလည်း OECD အား အရှေ့တောင်အာရှဒေသတွင်းရှိ စီးပွားရေးဆိုင်ရာ တည်တံ့ခိုင်မြဲမှု (မြန်မာနိုင်ငံတွင် အဓိကလုပ်ဆောင်ရမည်ဟု မသတ်မှတ်ထားသော်လည်း)နှင့်ပတ်သက်၍ ဆောင်ရွက်ရန် ငွေကြေးပံ့ပိုးပေးထားသည်။

---

112 G20/OECD Principles of Corporate Governance (၂၀၁၅၊ အင်္ဂလိပ်ဘာသာ)၊ မြန်မာဘာသာပြန်ခြင်းအား ဆောင်ရွက်နေဆဲဖြစ်သည်။

113 OECD (၂၀၁၈)၊ Corporate Governance Frameworks in Myanmar: A Fact-Finding Survey. ရလဒ်များကို DICA မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဒီဇင်ဘာလ ၅ ရက်နေ့တွင် MCRB က ကျင်းပခဲ့သော စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးခဲ့သည်။

114 Discussion with project leader of the OECD Corporate Governance Project

## ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် UK FCO Prosperity Fund ၏ ထောက်ပံ့မှုဖြင့် နိုင်ငံအများအပြား၊ အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်မည့် 'အာဆီယံဒေသ တွင်းရှိ မျှတသောစီးပွားရေးဝန်းကျင်အား မြှင့်တင်ခြင်း (၂၀၁၈ -၂၀၂၁)' ရှေ့ပြေးဆောင် ရွက်မှုတစ်ရပ်အား စတင်မိတ်ဆက်ခဲ့သည်။ ထိုစီမံကိန်းတွင် မြန်မာနိုင်ငံတော်အစိုးရနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အပြင် ပုဂ္ဂလိကကဏ္ဍနှင့်လည်း ချိတ်ဆက် ဆောင်ရွက်မှုများ ပါဝင်မည်ဖြစ်သည်။

UNDP သည် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇ - ၂၀၂၀) ကိုလည်း ထောက်ခံအားပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ရိုး ဖြောင့်မှု၊ တာဝန်ခံမှု/တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုတို့ မြင့်မားလာစေရေးသည် စီမံချက် ၏ မျှော်မှန်းချက် (၄) အဖြစ် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်[115]။ ၂၀၁၈ -၂၀၂၂ LEAP စီမံကိန်း (မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍရှိ ခေါင်းဆောင်မှု၊ ထိရောက်မှု၊ အခြေအနေကို အလိုက် ဆောင်ရွက်နိုင်မှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှု) တွင် ပါဝင်သည့် ဆောင်ရွက်ချက်များမှာ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ နိုင်ငံ့ ဝန်ထမ်းများ၏ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအားလုံးကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းနှင့် တရားဝင်သတင်းအချက်အလက်များအား လျှို့ဝှက်ထားသင့်သည်ဟု ထင်မြင်ယူဆနေသည့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေအား ပြန်လည်ဆန်းစစ် ခြင်းတို့ ဖြစ်ပါသည်[116]။

## ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) သည် အဂတိလိုက်စားမှုဆိုင်ရာ လုပ်ငန်းစဉ်များကို Swedish International Development Cooperation Agency ၏ ထောက်ပံ့မှုဖြင့် ဖိဖိစီးစီး စတင်ဆောင်ရွက်လာခဲ့သည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) သည် မြန်မာနိုင်ငံတွင် အဂတိ လိုက်စားမှုနှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် မူဝါဒပိုင်းဆိုင်ရာနယ်ပယ်များတွင် ပိုမို တိုးတက်လာမှုရှိစေရေးအတွက် ကူညီထောက်ပံ့ပေးသည်။ ရည်ရွယ်ချက်များမှာ မြန်မာ အစိုးရမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးတည်သော ကြိုးပမ်းဆောင်ရွက်ချက်များကို လုပ်ဆောင်ရာတွင် UNCAC အပါအဝင် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှု ရှိစေရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရန်၊ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ် ရန်၊ လူထုအသိပညာမြှင့်တင်ရန်၊ အဂတိလိုက်စားမှုများကို ဖော်ထုတ်ရန်၊ စုံစမ်းစစ်ဆေးရန် နှင့် အရေးယူရန်၊ တရားစီရင်ရေးနှင့် ပြစ်မှုအားအရေးယူသည့် နယ်ပယ်များတွင် ပိုမိုအား ကောင်းလာစေရန်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ အရင်းအမြစ် နှင့် စွမ်းဆောင်ရည်များကို တိုးတက်လာစေရန် ဆောင်ရွက်၍ အဂတိလိုက်စားမှုအား ကြို တင်ကာကွယ်ရန်နှင့် တိုက်ဖျက်ရာတွင် ပူးပေါင်းလုပ်ဆောင်ရန်တို့ ဖြစ်ပါသည်။ ကုလ သမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) သည် ၂၀၁၈ ခုနှစ်၊ ဖွန်လတွင် ပြဋ္ဌာန်း ခဲ့သော မြန်မာအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား စတုတ္ထအကြိမ်မြောက်ပြင်ဆင် ခြင်းတွင် ပါဝင်လာသော လုပ်ပိုင်ခွင့်အသစ်တစ်ရပ်ကို ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ပုံမှန်

115 www.mm.undp.org/content/myanmar/en/home/projects/leap.html

116 Myanmar Civil Service Reform Strategic Action Plan 2017-2020

နည်းလမ်းများဖြင့် ချမ်းသာကြွယ်ဝလာခြင်းမဟုတ်သော ကိစ္စရပ်များကို ထောက်ပြသည့် လျှို့ဝှက်သတင်းပေးမှုများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနှင့် စုံစမ်းစစ်ဆေးမှုများစတင်ဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့လျက်ရှိသည်။ ယခင်ကာလများတွင်မူ ကော်မရှင်အနေနှင့် အဂတိလိုက်စားခြင်းဆိုင်ရာ နစ်နာသူ၏ တိုင်ကြားချက်ကို လက်ခံရရှိမှသာ စုံစမ်းစစ်ဆေးနိုင်ခဲ့သည်[117]။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC) သည်အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပတ်သက်သည့်' Fast-tracking Implementation of UNCAC for Economic and Social Development in Southeast Asia[118]' ဆွေးနွေးညှိနှိုင်းပွဲအား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် တစ်ကြိမ် ဘန်ကောက်မြို့တွင် ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မေလတွင်လည်း Southeast Asian Anti-Corruption e-Platform အား စတင်[119] အကောင်အထည်ဖော်ခဲ့ပါသည်။ MCRB သည် အဆိုပါ ညီလာခံနှင့် e-Platform နှစ်ခုလုံးတွင် ပါဝင်လှုပ်ရှားခဲ့ပြီး အရပ်ဖက်လူမှုအဖွဲ့အစည်းဆိုင်ရာ ထုတ်ပြန်ချက်တွင်လည်း လက်မှတ်ရေးထိုးထားသည်[120]။ ဆွေးနွေးညှိနှိုင်းပွဲတွင် တင်ပြသော အကြံပြုချက်များကိုလည်း ဤပွင့်သစ်စအစီရင်ခံစာတွင် အကြံပြုချက်များအနေဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

## ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုတို့၏ အခြေအနေ တိုးတက်လာမှုများ

## တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) သည် သဘာဝသယံဇာတ အရင်းအမြစ်များအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုစနစ်အား အားပေးထောက်ခံသည့် နိုင်ငံတကာမှ ရှေ့ပြေးဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်[121]။ EITI သည် ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်းလုပ်ငန်းများဆိုင်ရာ စီမံအုပ်ချုပ်မှုကို ကိုင်တွယ်ဖြေရှင်းရန်၊ အထူးသဖြင့် နိုင်ငံ၏ သဘာဝသယံဇာတများအား မည်သို့စီမံအုပ်ချုပ်သည်ဟူသောအချက်နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိလာအောင် ဆောင်ရွက်ရန် ရည်ရွယ်သည်။ အဆိုပါအချက်ထဲတွင် သဘာဝသယံဇာတများလုပ်ပိုင်ခွင့်များကို မည်သို့သတ်မှတ်ကြောင်း၊ သဘာဝသယံဇာတများအား မည်သို့တန်ဖိုးဖြတ်ကြောင်းနှင့် အဆိုပါစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်စီးပွားနှင့် ပြည်သူလူထုအား မည်သို့အကျိုးသက်ရောက်နိုင်ကြောင်းတို့ကို စောင့်ကြည့်သည့်အချက်များလည်း ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်ဆိုင်ရာ အချက်အလက်များပေါ်မူတည်၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပထမဦးဆုံး EITI အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အစီရင်ခံစာများကို ၂၀၁၈ ခုနှစ်တွင် တင်ပြခဲ့ပြီးနောက်ပိုင်း၌ မြန်မာနိုင်ငံသည် EITI ၏ ၂၀၁၆ ခုနှစ် စံနှုန်းအရ'[122] အခြေအနေအမှန်ကို ဆန်းစစ်လေ့လာခြင်း (Validation)' အဆင့်တွင် လောလောဆယ်ပါဝင်နေပြီး

117 Mentoring sessions for investigators in Myanmar to detect corruption cases, UNODC၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်။

118 www.unodc.org/unodc/en/ngos/civil-society-roundtable-sets-future-priorities-inasean-region.html

119 https://uncaccoalition.org/en_US/anti-corruption-platforms/southeast-asia/

120 Recommendations of the Regional Conference on Fast-Tracking Implementation of the UN Convention Against Corruption (UNCAC) in Southeast Asia, ဘန်ကောက် ဇန်နဝါရီ ၃၁ - ဖေဖော်ဝါရီ ၃ ၂၀၁၇ ခုနှစ်နှင့် Civil Society Statement

121 Extractive Industries Transparency Initiative

122 The 2016 EITI Standard

နောက်ပိုင်းတွင် ကျေနပ်ဖွယ်တိုးတက်မှုအခြေအနေ၊ အဓိပ္ပာယ်ရှိသည့် တိုးတက်မှုအခြေအနေ၊ တိုးတက်မှု မလုံလောက်သေးသော အခြေအနေနှင့် မတိုးတက်သော အခြေအနေဟူသည့် ကဏ္ဍလေးရပ်တွင် သင့်တော်သလို သတ်မှတ်ခံရမည်ဖြစ်သည်။ စတုတ္ထအကြိမ်မြောက်အစီရင်ခံစာ (၂၀၁၆/ ၂၀၁၇ သတင်းအချက်အလက်များအရ) ကိုလည်း ၂၀၁၉ ခုနှစ်၊ မတ်လတွင် တင်ပြခဲ့ပြီး ဖြစ်သည်[123]။

EITI လုပ်ဆောင်မှုကြောင့် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာနိုင်ငံများတွင် သိသာထင်ရှားသည့် ပေါ်ပေါက်လာမှုများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (အောက်တွင်ကြည့်ပါ) နှင့် စာချုပ်စာတမ်းများကိုအများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာ၍ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ခြင်း (Contract Transparency) တို့ ပါဝင်သည်[124]။

## အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာတို့၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအား ရှေးရှုလုပ်ဆောင်နေသည့် အရပ်ဖက်အဖွဲ့အစည်း အများအပြား မရှိသေးပါ။ အထူးသဖြင့် ပုဂ္ဂိုလ်တစ်ဦးတည်းမှ အဂတိလိုက်စားသည့်အမှုကိစ္စများကို ကိုင်တွယ်ရန်အခက်အခဲရှိနေသေးသည်။ အဓိကအရပ်ဖက်အဖွဲ့အစည်းများမှာ Myanmar Alliance for Transparency and Accountability (MATA)[125]၊ သဘာဝသယံဇာတများအား အဓိကရည်ရွယ်သော EITI၊ Spectrum[126] နှင့် USAID မှ ထောက်ပံ့ပေးထားသော Access to Justice Initiative (A2JI)[127] တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် Transparency International ၏ ရုံးခွဲမရှိသေးသော်လည်း Transparency International Czech သည် MATA နှင့် the Ananda အပါအဝင် ပြည်တွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိသည်။

## ပွင့်လင်းအချက်အလက်များ

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် 'ပွင့်လင်းအချက်အလက်များ' တိုးတက်များပြားလာခြင်းကိုမူ တက်ကြွစွာ အားပေးထောက်ခံလျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ မတ်လ (၄) ရက်တွင် Friedrich Ebert Stiftung၊ ဖန်တီးရာနှင့် အာရုဖောင်ဒေးရှင်းတို့သည် နဝမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ Open Data Day အား မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ပြည်တွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စကားဝိုင်းဆွေးနွေးမှုများ၊ ဖြစ်ရပ်တင်ပြမှုများနှင့် အသိပညာဗဟုသုတများဝေမျှခြင်းတို့တွင် ပါဝင်ခဲ့ကြသည်။ ဖန်တီးရာသည် Open Development Network ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် Open Development Myanmar (ODMm)[128] ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ Open Development Network ဆိုသည်မှာ မဲခေါင်ဒေသတွင်းရှိ နိုင်ငံများနှင့် ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလားအလာများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသော သတင်းများ၊ မြေပုံများနှင့် အချက်အလက်များကို တစ်စုတစ်စည်းတည်းဖော်ပြနိုင်၊ မျှဝေနိုင်မည့် ပွင့်လင်းအချက်အလက်နှင့် ပွင့်လင်းအသိပညာ ဘုံလမ်းကြောင်းတစ်ရပ်ကို ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ ပေါင်းစည်းကွန်ရက်တစ်ခု ဖြစ်ပါသည်။

123 MEITI: The 4th Myanmar EITI report for the period 1 April 2016 to 31 March 2017

124 Contract disclosure good for business in Myanmar, Total says, တွင် Sebastian Sahla က ရေးသားသည်။ Natural Resources Governance Institute၊ မြန်မာတိုင်း(မ်)၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်။

125 www.mata-nrg.org/

126 www.spectrumsdkn.org/en/home/economic-justice/integrity-building-anti-corruption

127 www.a2ji.org/wp-content/uploads/2018/01/Anti-corruption-day-report.pdf

128 opendevelopmentmyanmar.net 129 www.opendatamyanmar.com

Open Data Myanmar[129] က ၂၀၁၄ ခုနှစ်ကတည်းကစ၍ မြေယာအငြင်းပွားမှုဆိုင်ရာ အချက်အလက်များကို စုစည်းပြီး ထုတ်ပြန်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ Natural Resource Governance Institute ကလည်း ပွင့်လင်းအချက်အလက် - မြန်မာ့ကျောက်စိမ်း ဟူသော ဝက်(ဘ်)ဆိုဒ်အား[130] အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသည်။ Open Myanmar Initiative ဆောင်ရွက်ချက်မှ ပေါ်ပေါက်လာသည့် the Ananda သည် ပွင့်လင်းအချက်အလက်အမျိုးအစားများစွာအား အကောင်အထည်ဖော်လျက်ရှိပြီး၊ အထူးသဖြင့် အစိုးရဘတ်ဂျတ်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် လွှတ်တော်ဆိုင်ရာ ပွင့်လင်းအချက်အလက်များတွင် အဓိကလုပ်ဆောင်လျက်ရှိသည်။

PEN မြန်မာနှင့် ပြည်ကြီးခင် အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်လည်း သတင်းအချက်အလက် ရရှိပိုင်ခွင့်ဥပဒေအား ပြဋ္ဌာန်းရန် အားပေးထောက်ခံလျက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအားလည်း အဆိုပြုလွှာများ တင်သွင်းခဲ့ပါသည်။ ထိုအကြောင်းအရာများကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သည့်တတိယအကြိမ်မြောက် မြန်မာဒီဂျစ်တယ်အခွင့်အရေးဖိုရမ်တွင်လည်း[131] ဆွေးနွေးခဲ့သည်။ ဒေသဆိုင်ရာလွှတ်တော်အချို့မှာလည်း ပြည်သူ့ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းရသည့် ကိစ္စများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် ပွင့်လင်းမြင်သာမှုရှိရေးကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်[132]။

## ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (CoST)

ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (CoST) သည် အများပြည်သူပိုင် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် တင်ဒါစတင်သည့် အချိန်မှစပြီး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အသုံးပြုနိုင်ရန် စံသတ်မှတ်ချက်ရမှတ်များ (၄၀) ခုကို ထုတ်ဝေထားကာ အစိုးရ၊ လုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူပေါင်းလုပ်ဆောင်သည့် တစ်ကမ္ဘာလုံးအဆင့်ရှိ ရှေ့ပြေးလုပ်ဆောင်မှုတစ်ရပ်ဖြစ်သည်။[133] ဤသို့ ထုတ်ဝေထားခြင်းကြောင့် နိုင်ငံရှိပြည်သူများအား အသိပညာပေးနိုင်သလို ပြည်သူများအနေဖြင့် ဆုံးဖြတ်ချက်များချသည့် အခွင့်အာဏာရှိသူများ၏ လုပ်ရပ်များသည် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေအောင် ထိန်းကွပ်ပေးနိုင်သည်။ သက်ဆိုင်ရာအကြောင်းအရာ အချက်အလက်များကို သိရှိထားပြီးဖြစ်သော နိုင်ငံသားများနှင့် စိတ်ဝင်စားတက်ကြွမှုရှိသော လူထုအဖွဲ့အစည်းများသည် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း မဖြစ်စေရန်၊ ထိရောက်မှုမနည်းပါးစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်နှင့် လူထုရင်းနှီးမြှုပ်နှံမှုများ၏ ငွေကြေးတန်ဖိုးများ မြင့်မားလာစေရန် အစရှိသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အားပေးကူညီသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြား ဆက်နွယ်ပတ်သက် သူများ၏ စိတ်ဝင်စားမှုကြောင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) ၏ ထောက်ပံ့မှုဖြင့် CoST သည် မြန်မာနိုင်ငံရှိ အများပြည်သူပိုင် အခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ပွင့်လင်းမြင်သာမှုရှိလာရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာစေရန် မည်သို့ပံ့ပိုးပေးနိုင်ကြောင်း ခွဲခြမ်းစိတ်ဖြာနိုင်မည့် ကနဦးလေ့လာချက်တစ်ခုကို ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လတွင် အစီရင်ခံစာမူကြမ်းအား အစိုးရသို့ တင်ပြခဲ့ပါသည်။

129 www.opendatamyanmar.com

130 https://openjadedata.org/

131 https://international.thenewslens.com/article/106290 နှင့် www.mmbudgets.info/ budget_index.html

132 www.myanmar-responsiblebusiness.org/news/digital-rights-forum-2019-report.html

133 www.constructiontransparency.org/home

## ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ မီဒီယာအစီရင်ခံခြင်းများ

မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ မီဒီယာအစီရင်ခံခြင်းများ မရှိသလောက် နည်းပါးသည်။ ကုမ္ပဏီများ၏အစီရင်ခံစာတွင် များသောအားဖြင့် ၎င်းတို့၏ပရဟိတအလှူ များကိုသာ အဓိကထား ဖော်ပြကြပြီး ရံဖန်ရံခါတွင် ယင်းတို့သည်ပင် အဂတိလိုက်စားခြင်း၏ အရင်းအမြစ်ဖြစ်နေတတ်သည်။ အစုရှယ်ယာအများအပြားပါဝင်သည့် စာရင်းဝင်ကုမ္ပဏီ များမရှိခြင်းသည် လူထု၏ စိတ်ဝင်စားမှုကို လျော့နည်းစေသည်။

သို့သော်ငြားလည်း ထိရောက်သောမီဒီယာအစီရင်ခံခြင်းသည် ကောင်းမွန်သော ကော်ပို ရိတ်စီမံအုပ်ချုပ်မှု ဖြစ်ပေါ်လာစေရန် အဓိကပံ့ပိုးပေးသော ကဏ္ဍဖြစ်သည်။

**"ဂျာနယ်လစ်များသည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို စီးပွားရေးအသိုက်အဝန်းနှင့်ပြည်သူလူထုအားဖြန့်ဝေပေးနိုင်သည့်ထူးခြားသောစွမ်းဆောင် နိုင်မှုရှိသူများဖြစ်သည်။ထို့အပြင်ဖတ်ရှုလေ့လာသူများအားကုမ္ပဏီလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ သိနားလည်အောင် လုပ်ဆောင်ပေးနိုင်သဖြင့် ဂျာနယ်လစ်များသည် ရှယ်ယာ ရှင်များသာမက လူမှုပတ်ဝန်းကျင်ပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ဖြစ် ပေါ်စေသည်။ ၎င်းတို့၏ စုံစမ်းဖော်ထုတ် သတင်းရေးသားမှုများနှင့် အတွေးအမြင်များဖြင့် ဂျာနယ်လစ်များသည် ကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုမကောင်းပါက မည်သို့ဖြစ်နိုင်သည်ကို ပြသနိုင်သည်။ ကုမ္ပဏီများသည် အကောင်းဆုံးအလေ့အကျင့်များဖြင့် လုပ်ငန်းဆောင် ရွက်ပါက လက်တွေ့တွင် စီးပွားရေးလုပ်ဆောင်မှုကောင်းမွန်ခြင်းသာမက စီးပွားရေးအကြပ် အတည်းများကြားတွင် ပိုမိုတောင့်ခံနိုင်ကြောင်းလည်း သတင်းသမားများက သရုပ်ဖော်ပြ နိုင်သည်။[134]"**

အဂတိလိုက်စားမှုနှင့် စီးပွားရေးဆိုင်ရာ မီဒီယာအစီရင်ခံခြင်းများ အကန့်အသတ်ရှိနေရခြင်း အကြောင်း ရင်းမှာ မီဒီယာများအနေဖြင့် တရားစွဲဆိုခံရမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ အထူးသဖြင့် ဆက်သွယ်ရေးပုဒ်မ ၆၆ (ဃ) နှင့် ရာဇသတ်ကြီး ပုဒ်မအချို့မှာ အစိုးရနှင့် စီး ပွားရေးပိုင်ဆိုင်ရာပုဂ္ဂိုလ်များမှ ပြုလုပ်သည့်အမှားများကို မီဒီယာနှင့် အရပ်ဖက်အဖွဲ့အစည်း များမှ တိုင်ကြားပြောဆိုခြင်းများ မရှိစေရန် လုပ်ဆောင်ထားသည်[135]။ လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်းမြန်မာ (Freedom of Expression Myanmar) သည် လွန်ခဲ့သော နှစ်နှစ်အတွင်း ဥပဒေပုဒ်မ ၆၆(ဃ) ကို အသုံးပြုထားသည့် အမှုအကြောင်းအရာများကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ အဆိုပါဥပဒေအောက်တွင် နိုဝင်ဘာ ၂၀၁၅ နှင့် နိုဝင်ဘာ ၂၀၁၇ အတွင်း တိုင်ကြားမှုပြုသူများအနက် ၁၀% သည် စီးပွားရေးဆိုင်ရာ အကြောင်းအရာ များဖြစ်ပြီး ၂% သော စွပ်စွဲခံရသူများသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသူများ ဖြစ်ကြသည်[136]။

---

134 'Who's really running the company: a guide to reporting on corporate governance', IFC ၂၀၁၂။ နိုင်ငံတကာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဖိုရမ်၏ ခေါင်းဆောင်ဖြစ်သော Philip Armstrong မှ ထိုလမ်းညွှန်စာတမ်းတွင် ဖော်ပြရေးသား ခဲ့သည်။

135 Dashed Hopes: The Criminalisation of Peaceful Expression in Myanmar, ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ Human Rights Watch

136 66(d): No real change', Freedom of Expression Myanmar ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ။ ဥပမာများတွင် 'Facebook user sued over road-sweeper claims', ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နှင့် 'Defendant released on bail' 7-Day News ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (မြန်မာဘာသာ) တို့ ပါဝင်သည်။ ဒုတိယသတင်းသည် ရခိုင်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ မြူနီစပါယ်ဈေးရုံ ပြန်လည်ပြုပြင်ခြင်းအတွက် တင်ဒါခေါ်ယူရာတွင် ပွင့်လင်းမြင်သာမှု မရှိကြောင်း facebook တွင် ထင်မြင်ချက်ပေးခဲ့ရာ အဆိုပါလုပ်ငန်းရှင်အား အစိုးရအရာရှိတစ်ဦးက ၆၆(ဃ) အရ အမှု ဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။

အစိုးရအဖွဲ့အစည်းရှိ ပုဂ္ဂိုလ်များမှ ယခုကဲ့သို့သော ဥပဒေများကို မတရားသဖြင့် အသုံးပြုခြင်းသည် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့ကို ဆောင်ရွက်ပါမည်ဟူသော ၎င်းတို့၏ ကတိကဝတ်များကို ထိခိုက်ယိုယွင်းစေနိုင်သည်။ ပူလစ်ဇာဆုရ ရိုက်တာ[137]သတင်းထောက်နှစ်ဦးဖြစ်သော ဝလုံးနှင့် ကျော်စိုးဦးတို့အား ရခိုင်မြောက်ပိုင်းပြည်နယ်ဖြစ်ရပ်များကို သတင်းအစီအရင်ခံတင်ပြမှုဖြင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိန်းသိမ်းခဲ့ခြင်းသည် လူသိအများဆုံးဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း သတင်းထောက်များအား အကြမ်းဖက် တိုက်ခိုက်ခြင်းသည် ဆက်လက်ဖြစ်ပေါ် နေဆဲဖြစ်ပြီး ကုမ္ပဏီများကလည်း တစ်ခါတစ်ရံတွင် ထိုသို့ တိုက်ရိုက်လုပ်ဆောင်လေ့ရှိသည်ကို တွေ့ရှိရပါသည်[138]။

137 www.reuters.com/subjects/myanmar-reporters

138 Two Kachin journalists say they were detained by mining company, မြန်မာတိုင်း(မ်)၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်။

## အခန်း (၃) မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုင်းဆိုင်ရာ အကြောင်းအရာများ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့်သက်ဆိုင်သည့် အချို့သောအကြောင်းအရာများသည် ကမ္ဘာတွင်လည်း အရေးကြီးပေါ် ပေါက်လာပြီဖြစ်သည်။ အဆိုပါအချက်များမှာ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘုတ်အဖွဲ့နှင့် အထက်ပိုင်းအရာရှိများတွင် ကျား၊မ မတူကွဲပြားမှုအပါအဝင် အခြားသော မတူကွဲပြားခြားနားမှုရှိရေး၊ လူ့အခွင့်အရေး၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ဤအကြောင်းအရာများနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော အစီရင်ခံခြင်း (သို့မဟုတ်) ပူးတွဲအစီရင်ခံခြင်း (integrated reporting) များ အစရှိသည်တို့ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပေါ်ပေါက်လာသည့် များပြားလှသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုင်းဆိုင်ရာအကြောင်းအရာများကို အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ် မှတ်တမ်းအတွင်းသို့ ထည့်သွင်းထားခြင်းမရှိသော်လည်း ဤပွင့်သစ်စအစီရင်ခံစာတွင် ကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာမှုကို အကဲဖြတ်ရာတွင် အခြားသက်ဆိုင်သည့် စံသတ်မှတ်ချက်များကိုလည်း ဖြည့်စွက်ထားသည်။ အကြောင်းရင်းမှာ မြန်မာနိုင်ငံကဲ့သို့သော ဆုံးရှုံးနိုင်ခြေများပြားသည့် ပတ်ဝန်းကျင်မျိုးတွင် ထိုစံသတ်မှတ်များ အားလုံးမဟုတ်လျှင်တောင် တစ်ချို့တစ်ဝက်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးငြင်းခုံရာတွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေသောကြောင့်ဖြစ်သည်။ ၂၀၁၉ ပွင့်သစ်စတွင် မြန်မာ့ထိပ်တန်းကုမ္ပဏီများသည် အဆိုပါအချို့ကိစ္စရပ်များကို စတင်အစီရင်ခံတင်ပြလာကြောင်းနှင့် နိုင်ငံတကာရှိ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆိုင်ရာ စံသတ်မှတ်ချက်များအား စတင်အသုံးပြုလာကြကြောင်း တွေ့ရှိရပါသည်။

### ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း

ဘဏ္ဍာရေးမဟုတ်သော အချက်အလက်များဖြစ်သည့် ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်ခြင်း၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို စီမံဆောင်ရွက်ခြင်းနည်းလမ်းများနှင့် ပတ်သက်၍ နိုင်ငံတကာ ခေတ်ပေါ်လုပ်ထုံးလုပ်နည်းများအတိုင်း ကုမ္ပဏီများအနေနှင့် ပိုမိုထုတ်ဖော်ကြေညာရန် လိုအပ်လာပြီဖြစ်သည်။ အချို့အခြေအနေများတွင် ဤသို့ထုတ်ဖော်ကြေညာရန်အတွက် ဈေးကွက်အနေအထားအရ ရင်းနှီးမြှုပ်နှံသူများနှင့် စားသုံးသူများထံမှ တိုက်တွန်းပေးခြင်းမျိုး ဖြစ်နိုင်သည် (ဥပမာအားဖြင့် FTSE4Good[139] index နှင့် Dow Jones Sustainability Index[140])။ ဤညွှန်းကိန်းများသည် ရင်းနှီးမြှုပ်နှံသူများ၊ စားသုံးသူများ၊ မူဝါဒချမှတ်သူများနှင့် အခြားသောအကျိုးသက်ဆိုင်သူများမှ ကုမ္ပဏီကြီးများ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆောင်ရွက်မှုအရည်အသွေးကို အကဲဖြတ်နိုင်ရန် အထောက်အကူပြုသလို ၎င်းကုမ္ပဏီကြီးများ တာဝန်ယူမှုရှိသောနည်းဖြင့် စီးပွားရေးလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် တွန်းအားပေးနိုင်သည်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၆ အရ (အထက်တွင်ကြည့်ပါ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးခဲ့သော စီမံကိန်းများအတွက် နှစ်ပတ်လည်အစီရင်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အသစ်များသည်လည်း ထိုနည်းလည်းကောင်းအတိုင်းပင် ဖြစ်ပါသည်။

ထို့အပြင် ထုတ်ပြန်ကြေညာခြင်းနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များလည်းရှိရာ အောက်ဖော်ပြပါအကြောင်းအရာများတွင် အဆီလျော်ဆုံးစံနှုန်းများနှင့် မူဘောင်များအား ဖော်ပြထားပါသည်။

139 www.ftse.com/products/indices/FTSE4Good

140 www.sustainability-indices.com/

### အီးယူ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များ

အချို့အခြေအနေများတွင် ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းသည် စည်းမျဉ်းနည်း ဥပဒေများအရ မဖြစ်မနေထုတ်ပြန်ကြရခြင်း (သို့မဟုတ်) "comply or explain" စနစ်မျိုး (စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည်) ကြောင့် ထုတ်ပြန်ရခြင်းမျိုးဖြစ်သည်။ ဥပမာအားဖြင့် ဥရောပသမဂ္ဂဥပဒေအရ[141] ကုမ္ပဏီကြီးများ (အချို့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသည်) သည် တိကျသည့် ဘဏ္ဍာရေးမဟုတ်သော အချက်အလက်များကို ၂၀၁၈ ခုနှစ်မှ စတင်ပြီး နှစ်ပတ်လည်အစီရင်ခံစာတွင်ထည့်သွင်းထုတ်ပြန်ရမည်ဖြစ်သည်။ထည့်သွင်းထုတ်ပြန်ရမည့်အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- စီးပွားရေးလုပ်ငန်း၏ မူပုံစံကို အကျဉ်းချုပ်ဖော်ပြခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးနှင့်ဝန်ထမ်းရေးရာ၊လူ့အခွင့်အရေးဆိုင်ရာ လေးစားလိုက်နာခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုပပျောက်စေခြင်း၊ ဒါရိုက်တာအဖွဲ့တွင် ကျား၊ မ အချိုးညီစွာပါဝင်ခြင်း အစရှိသည်တို့နှင့် ပတ်သက်သည့် မူဝါဒများ၊ ဆုံးရှုံးနိုင်ခြေများ၊ ရလဒ်များအား ဖော်ပြခြင်း။
- အထက်ဖော်ပြပါ မူဝါဒများ၏ ရလဒ်များ။
- စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်မှုရှိသည့် ဘဏ္ဍာရေးမဟုတ်သော အဓိကစွမ်းဆောင်မှုညွှန်းကိန်းများ (KPIs)။

ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း စည်းမျဉ်းများသည် ဝန်ထမ်းအရေအတွက် ၅၀၀ ထက်ရှိသော ပြည်သူများက စိတ်ဝင်စားမှုရှိသည့် ကုမ္ပဏီများအတွက်သာ အကျုံးဝင်ပြီး အဆိုပါအချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများသည် ဥရောပသမဂ္ဂတစ်ဝှမ်းတွင် စုစုပေါင်း (၆၀၀၀) ခန့်သာရှိသည်။ ကုမ္ပဏီများအနေဖြင့် ထုတ်ဖော်ကြေညာမည့် အကြောင်းအရာများအနက် မည်သည့်အကြောင်းအရာသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ရှိပြီး နိုင်ငံတကာညွှန်ကြားချက် (သို့မဟုတ်) ဥရောပသမဂ္ဂ၏ ညွှန်ကြားချက်[142] (သို့မဟုတ်) နိုင်ငံတွင်း အသုံးပြုနိုင်သည့် ညွှန်ကြားချက်များအရ ထုတ်ပြန်ချက်များကို ရေးသားနိုင်သည်။ တစ်ချို့နိုင်ငံများသည်လည်း 'ဖြစ်နိုင်ခြေရှိသည့် လူ့အခွင့်အရေး သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (human rights due diligence) များကို လုပ်ဆောင်ခြင်းနှင့် အစီရင်ခံခြင်း"တို့ကို လုပ်ဆောင်ရမည့် ဥပဒေရေးရာ သတ်မှတ်ချက်များ (ဥပမာ - ပြင်သစ်နိုင်ငံ၏ devoir de vigilance' ဥပဒေ ကဲ့သို့) အား သတ်မှတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဖွန်လတွင် ဥရောပပါလီမန်က ဥရောပကော်မရှင်အား မဖြစ်မနေလုပ်ဆောင်ရမည့် ဖြစ်နိုင်ခြေရှိသည့် လူ့အခွင့်အရေး သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (human rights due diligence) ဆိုင်ရာ ဥပဒေရေးရာမူဘောင်တစ်ရပ်အား အဆိုပြုစေခဲ့သည်။ ယခုအခါတွင် မူဘောင်အားချမှတ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်[143]။

141 Accounting Directive 2013/34/EU ကို ပြုပြင်ဖြည့်စွက်ထားသည့် The Non-Financial Disclosure Directive 2014/95/EU

142 European Commission Guidelines on non-financial reporting၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ။

143 European Commission study on human rights due diligence in supply chains, BIICL

## ရေရှည်တည်တံ့ခိုင်မြဲခြင်းနှင့် စတော့အိတ်ချိန်းများ

စတော့အိတ်ချိန်းများက စတော့အိတ်ချိန်းဝင်ကုမ္ပဏီများ လိုက်နာရမည့် ဘဏ္ဍာရေးမဟုတ်သည့် အစီရင်ခံစာဆိုင်ရာ သတ်မှတ်ချက်များ ပြဋ္ဌာန်းလာကြသည်။ အာဆီယံစတော့အိတ်ချိန်းအချို့ဖြစ်သော မလေးရှား၊ ထိုင်း၊ စင်္ကာပူ၊ ဗီယက်နမ်[144] တို့သည် စတော့အိတ်ချိန်းဆိုင်ရာ အစီရင်ခံခြင်းအတွက် ညွှန်ကြားချက်များကို ထုတ်ဝေခဲ့သော "ရေရှည်တည်တံ့ခိုင်မြဲသော စတော့အိတ်ချိန်းဖော်ဆောင်ရေးအဖွဲ့"၏ အဖွဲ့ဝင်များဖြစ်ကြသည်[145]။ ထိုင်းနိုင်ငံစတော့အိတ်ချိန်းကလည်း စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများအား ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုင်ရာအစီရင်ခံတင်ပြခြင်းများကိုဆောင်ရွက်ကြရန်တိုက်တွန်းအားပေးလျက်ရှိသည် [146]။

စင်္ကာပူစတော့အိတ်ချိန်းသည် ၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်အတွက် သက်ရောက်မှုရှိသော ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုင်ရာ အစီရင်ခံခြင်းကို ၂၀၁၆ ခုနှစ် ဇွန်လတွင် စတင်မိတ်ဆက်ခဲ့သည်။ စင်္ကာပူစတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီများသည် လူမှုပတ်ဝန်းကျင်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ (ESG) အကြောင်းအရာများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ရည်ရွယ်ချက်ပန်းတိုင်များ၊ သက်ဆိုင်ရာမူဝါဒများ အစရှိသည်တို့ကို ထည့်သွင်းဖော်ပြထားသော နှစ်ပတ်လည် ရေရှည်တည်တံ့ခိုင်မြဲရေးအစီရင်ခံစာများ ထုတ်ပြန်ရန် လိုအပ်ပါသည်[147]။ အဆိုပါအစီရင်ခံစာသည် "comply or explain" စနစ်ကို အခြေခံ၍ ရေးသားထုတ်ပြန်ထားပြီး ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ဘုတ်အဖွဲ့က ရှင်းပြထားချက်၊ သတ်မှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များ အစရှိသည့် အကြောင်းအရာများကို ထည့်သွင်းထားရမည်ဖြစ်သည်။ ဤသို့သော ကျင့်သုံးမှုစနစ်သည် ၂၀၁၁ ခုနှစ်ကတည်းက သတ်မှတ်ခဲ့ပြီးသော ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်းနည်းစနစ်၏ နောက်တစ်ဆင့် ဖြစ်သည်[148]။

## အစီရင်ခံစာတွင် အသုံးပြုသည့်မူဘောင်များ

### ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework)

ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင်အား လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီ (IIRC) မှ အကောင်အထည်ဖော်ထားခြင်းဖြစ်ပြီး IIRC သည် စည်းကြပ်သူ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကုမ္ပဏီများနှင့် ကျွမ်းကျင်အတတ်ပညာရှင်များ ပူးပေါင်းထားသော အပြည်ပြည်ဆိုင်ရာ ကောင်စီတစ်ခုဖြစ်သည်။ IIRC သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် နောက်ထပ်ခြေလှမ်းသစ်အနေဖြင့် တန်ဖိုးဖန်တီးခြင်းဆိုင်ရာ ဆက်သွယ်ပြောဆိုမှုများကို မြှင့်တင်ပေးနိုင်မည့် မူဘောင်ဖြစ်သည့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework[149]) တစ်ရပ်အား စတင်အကောင်အထည်ဖော်ခဲ့သည်။ MTSH ကုမ္ပဏီက

---

144 Sustainable Stock Exchange Initiative, list of partner exchanges

145 Model Guidance on Reporting ESG Information to Investors: a Voluntary Tool for Stock Exchanges to Guide Issuers, ၂၀၁၅

146 How Thailand built Southeast Asia's most sustainable stock exchange၊ EcoBusiness၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်။

147 SGX-ST Listing Rules Practice Note 7.6 Sustainability Reporting Guide

148 TODAY Online - Sustainability reporting for all listed companies mandatory from FY2017,၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်။ ယင်းတွင် Singapore Compact for Corporate Social Responsibility နှင့် National University of Singapore Business School တို့၏ တွေ့ရှိချက်အရ ၂၀၁၃ နှစ်ကုန်တွင် အဓိကပါဝင်နေသော ကုမ္ပဏီ ၅၃၇ ခုအနက် ၁၆၀ ကသာ ထိုအစီရင်ခံစာများကို တင်ပြကြောင်းဖော်ပြထားသည်။

149 နိုင်ငံတကာ ပူးတွဲအစီရင်ခံခြင်းဆိုင်ရာကောင်စီမှ ရေးသားထုတ်ဝေသည့် the Integrated Reporting Framework ကို ကြည့်ပါ။

လည်း ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) အား ယင်းတို့၏ နောက်ဆုံးနှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ အခြားကုမ္ပဏီများဖြစ်သည့် CMHL, FMI, GGI သို့မဟုတ် UAB တို့တွင်လည်း ၎င်းတို့၏ ကော်ပိုရိတ်ထုတ်ပြန်ကြေညာချက်များတွင် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) နှင့်ပတ်သက်သော အချက်အလက်တစ်ချို့ကို ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

## ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI)

ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) သည် လွတ်လပ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ နယ်ပယ်စုံရှိ အကျိုးသက်ဆိုင်သူများ ပါဝင်သည့် လုပ်ငန်းစဉ်အောက်တွင် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံခြင်းဆိုင်ရာ စံနှုန်းများကို ရေးသားထုတ်ဝေခဲ့ပြီး အဆိုပါစံနှုန်းများကို နိုင်ငံတကာကုမ္ပဏီများမှ အစီရင်ခံခြင်း မူဘောင်အဖြစ် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိသည်[150]။ ပွင့်သစ်စ ၂၀၁၉ အစီရင်ခံစာတွင် ပါဝင် သည့် ကုမ္ပဏီ (၃) ခုဖြစ်သော စီးတီးမတ်ဟိုး(လ်)ဒင်း၊ မြန်မာ့ရွှေပြည်ထွန်းစက်နှင့် ရွှေတောင်တို့သည် GRI အားကိုးကား၍ ၎င်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်[151]။

## ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (UN Global Compact)

UNGC အဖွဲ့ဝင်များသည် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှုဆိုင်ရာ မူဝါဒ (၁၀) ချက်နှင့် ဆက်စပ်နေသည့် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များ ပါဝင်သည့် တိုးတက်မှုအခြေအနေနှင့် ပတ်သက်သည့် သတင်းဆက်သွယ်ပေးပို့ချက်ဖြစ်သည့် Communication on Progress (COP) အစီရင်ခံစာအား နှစ်စဉ်ထုတ်ဝေရန် ကတိကဝတ်ပြုထားသည်။ ၂၀၁၉ မတ်လတွင် UNGC တွင် အဖွဲ့ဝင်ထားသည့် မြန်မာ့စီးပွားရေးလုပ်ငန်း စုစုပေါင်း ၁၆၄ ခု (၁၂၄ ခုမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် စာရင်းပေးသွင်းထားသည်) ရှိပြီး အဆိုပါထဲမှ အဖွဲ့ဝင် ၅၆ ခုအား နှစ်စဉ်ထုတ်ပြန်ရမည့် COP အား ထုတ်ပြန်ခြင်းမရှိသောကြောင့် 'ဆက်သွယ်ပြောဆိုခြင်းမရှိ' (non-communicating) အဖြစ် သတ်မှတ်ထားသည် (ဆိုလိုသည်မှာ ၂ နှစ် ပြီးသည့်အချိန်တွင် COP ထုတ်ပြန်ကြေညာခြင်းမရှိပါက အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခံရမည်ဖြစ်သည်)။ UNGC အဖွဲ့ဝင်အဖြစ်ဝင်ထားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ အရေအတွက်သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ပွင့်သစ်စအစီရင်ခံစာ ထုတ်ပြန်ခဲ့သည့်အချိန်တွင် ၃၅၄ ခု ရှိခဲ့ပြီး ယခုနှစ် အဖွဲ့ဝင်အရေအတွက်သည် သိသာစွာ ကျဆင်းသွားသည်[152]။ ၂၀၁၉ ပွင့်သစ်စအစီရင်ခံစာရှိ အမှတ်ပေးဆန်းစစ်ခဲ့သောကုမ္ပဏီများတွင် UNGC အဖွဲ့ဝင်ကုမ္ပဏီ (၁၇) ခုလည်း ပါဝင်ပါသည်။

COP အစီရင်ခံစာများကို UNGC ဝက်(ဘ်)ဆိုဒ်တွင်[153] ဝင်ရောက်ကြည့်ရှုနိုင်သည်။ ကုမ္ပဏီများသည် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအား COP အစီရင်ခံစာအဖြစ် အသုံးပြုနိုင်သဖြင့် မြန်မာကုမ္ပဏီများအနေဖြင့် အနာဂတ်တွင် UNGC အစီရင်ခံစာအား သီးသန့်ထုတ်ပြန်ခြင်းမျိုးထက် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံ

150 Global Reporting Initiative နှင့် the database of reports တို့ကိုကြည့်ပါ။

151 ပွင့်သစ်စအစီရင်ခံစာတွင် မပါဝင်သေးသော Yoma Strategic Holdings က ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) နှင့်အညီ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ထားပြီး သူ၏ ညီအစ်မကုမ္ပဏီဖြစ်သော FMI (ပွင့်သစ်စအစီရင်ခံစာတွင် ပါဝင်သည်) မှာ ထိုသို့ ဆောင်ရွက်ထားခြင်း မရှိသေးပါ။

152 www.unglobalcompact.org/what-is-gc/participants and www.facebook.com/ ungcmyanmar/

153 www.unglobalcompact.org/participation/report

စာအား ဦးစားပေးလုပ်ကိုင်ရန် ထည့်သွင်းစဉ်းစားနိုင်သည်။ စီးပွားရေးလုပ်ငန်းမဟုတ်သည့် MCRB အပါအဝင် အကျိုးအမြတ်မယူဘဲ လုပ်ကိုင်နေသည့် UNGC အဖွဲ့ဝင်များသည် ပါဝင်ပတ်သက်ဆက်နွယ်မှုဆိုင်ရာ သတင်းပေးပို့ချက်ဖြစ်သည့် Communication on Engagement (COE) အစီရင်ခံစာအား နှစ်နှစ်လျှင်တစ်ကြိမ် ထုတ်ပြန်ပေးရသည်[154]။

## ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ

UN Global Compact နှင့် GRI တို့သည် စီးပွားရေးလုပ်ငန်းများ၏ လက်ရှိအစီရင်ခံခြင်း လမ်းစဉ်တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကိုပါ ပေါင်းစည်းထည့်သွင်းရန် အားပေး တိုက်တွန်းထားကြသည်[155]။ ထိုသို့ပြုလုပ်ခြင်းဖြင့် မြန်မာကုမ္ပဏီများအား MSDP အစီအစဉ် အတိုင်း ဆောင်ရွက်နိုင်စေရန်အတွက် အစိုးရနှင့် လက်တွဲလုပ်ဆောင်ရန် အထောက် အကူပေးရာလည်းရောက်သည်။ ၂၀၁၉ ခုနှစ် ပွင့်သစ်စတွင် ပါဝင်သော ကုမ္ပဏီ (၃) ခု ဖြစ် သည့် စီးတီးမတ်ဟိုး(လ်)ဒင်း၊ MTSH နှင့် မြန်ရွှေပြည် Tractors တို့သည် ၎င်းတို့၏ အစီရင်ခံစာများတွင်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကိုထည့်သွင်းဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

## အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် အကျိုးသက်ဆိုင်သူများဆိုင်ရာ လေ့လာဆန်းစစ်မှုများ

နိုင်ငံတကာအဆင့်တွင် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၏ အရေးပါသောအစိတ် အပိုင်းတစ်ခုအဖြစ် အစုရှယ်ယာဝင်များနှင့်သာမက အကျိုးသက်ဆိုင်သူများနှင့်ပါ ညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်ရန် အလေးပေးလာပြီဖြစ်သည်။ G20/OECD အခြေခံသဘောတရား များအရ "ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာမူဘောင် သတ်မှတ်ရာတွင် ဥပဒေရှိ (သို့မ ဟုတ်) နှစ်ဦးနှစ်ဖက်သဘောတူညီမှုများအရ အကျိုးသက်ဆိုင်သူများ၏ အခွင့်အရေးများ အား အသိအမှတ်ပြုထည့်သွင်းသင့်ပြီး၊ ကော်ပိုရေးရှင်းများနှင့် အကျိုးသက်ဆိုင်သူများ၏ ပူးပေါင်းလုပ်ဆောင်မှု နယ်ပယ်များဖြစ်သော ချေဥစ္စာဖန်တီးခြင်း၊ အလုပ်အကိုင်ဖန်တီး ခြင်းနှင့် ငွေကြေးတောင့်တင်းခိုင်မာသော စီးပွားရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှု စသည့်ကိစ္စရပ်များတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်ရန် တိုက်တွန်းအားပေးသင့်သည်" ဟု ဖော်ပြထားသည်။

ထိုပြောင်းလဲမှုအား ဩစတေးလျ၊ တောင်အာဖရိက၊ ယူကေ[156]၊ မလေးရှားနှင့် စင်ကာပူ နိုင်ငံ[157]တို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်ဝတ်စာတမ်းများတွင် အသိအမှတ်ပြု ထည့်သွင်းထားသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သော စင်ကာပူနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်ဝတ်စာတမ်းရှိ အခြေခံမူ (၁၃) တွင် 'ဘုတ်အဖွဲ့သည် အဓိကအကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ညီမျှစွာ ထည့် သွင်းစဉ်းစားထားသော နည်းလမ်းတစ်ရပ်ကို တာဝန်ဝတ္တရားနှင့်အညီ သတ်မှတ်ကာ ကုမ္ပဏီအတွက် အကောင်းဆုံးအကျိုးရလာဒ်များဖြစ်ပေါ်လာစေရန် ဆောင်ရွက်သင့်သည်' ဟူ၍ဖော်ပြထားသည်။ ထို့အပြင် ကုမ္ပဏီများအတွက် စည်းမျဉ်းများကို လိုက်နာကျင့်သုံး ရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည်ဆိုသည့် "comply or explain" မျှော်မှန်းချက်များကိုလည်း နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားပါသည်။ ယင်းတို့မှာ -

154 Second Communication on Engagement, MCRB၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ။

155 www.unglobalcompact.org/take-action/action-platforms/sdg-reporting

156 UK Corporate Governance Code၊ Financial Reporting Council၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ။

157 Code of Corporate Governance, Monetary Authority of Singapore၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ၊ စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများအတွက် အကျုံးဝင်သည်။

- အဓိကအကျိုးသက်ဆိုင်သူများအဖွဲ့နှင့် ဆက်ဆံမှုကောင်းမွန်ရေး စီမံဆောင်ရွက်ရန် စီစဉ်ထားရှိခြင်း။
- အကျိုးသက်ဆိုင်သူများနှင့် အစီရင်သည့်ကာအတွင်း ဆက်သွယ်မှုတွင် အဓိကထားဆောင်ရွက်ရန် နယ်ပယ်နှင့် နည်းဗျူဟာတို့ကို နှစ်ပတ်လည်အစီရင်ခံစာတွင် ထုတ်ပြန်ခြင်း။
- အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆက်သွယ်မှုများ ပြုလုပ်နိုင်ရန် လတ်တလောအကြောင်းအရာများပါ အချိန်နှင့်တပြေးညီတင်ပြထားသည့် ကော်ပိုရိတ်ဝက်(ဘ်)ဆိုဒ်ကို ထိန်းသိမ်းထားရှိခြင်း။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များမှာ ပွင့်သစ်စအစီရင်ခံစာတွင် အသုံးပြုခဲ့သော စံနှုန်းများနှင့် သုတေသနနည်းစနစ်များနှင့် ကိုက်ညီမှုရှိပါသည်။ ထို့အပြင် ပွင့်သစ်စလုပ်ငန်းစဉ်တွင်ပါဝင်သည့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်းအပိုင်းကို ကြည့်ခြင်းအားဖြင့် အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းများဆောင်ရွက်ရန်မြန်မာ့ထိပ်တန်းကုမ္ပဏီကြီးများက စိတ်ဝင်စားမှုရှိကြကြောင်း တွေ့မြင်နိုင်သည်။ အပြည်ပြည်ဆိုင်ရာ အကြံပေးကုမ္ပဏီတစ်ခုဖြစ်သော AccountAbility သည် ကုမ္ပဏီများ လိုက်ပါကျင့်သုံးနိုင်သော အကျိုးသက်ဆိုင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံနှုန်းတစ်ရပ် (AA1000) ကို အကောင်အထည်ဖော်ထားပါသည်[158]။

မြန်မာနိုင်ငံတွင်လည်း ကုမ္ပဏီများအတွက် အကျိုးသက်ဆိုင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အလမ်းများလည်း 'နည်းဥပဒေများနှင့် နှစ်ဦးနှစ်ဖက် သဘောတူညီချက်များ'အရ သိသိသာသာမြင့်တက်လာကြောင်း တွေ့ရှိရသည်။ 'နည်းဥပဒေ'ဆိုရာ၌ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အားဆောင်ရွက်ရာတွင်အများပြည်သူကိုယ်တိုင်ပါဝင်ခြင်း (ဆွေးနွေးအကြံပြုချက်ရယူခြင်း၊ အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာခြင်း) ကို မဖြစ်မနေ လုပ်ဆောင်ရမည့် ပြဋ္ဌာန်းချက်များ ပါဝင်ပြီး ယင်းတို့ကိုလည်း မူကြမ်းအဖြစ် ရေးဆွဲချမှတ်ပြီးဖြစ်သည်[159]။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်များ (ECC) ထုတ်ပြန်ရာတွင် EIA လုပ်ငန်းစဉ်မှ သိရှိလာသော နစ်နာမှုများအတွက် ပြန်လည်ကုစားမှုများကို မဖြစ်မနေဆောင်ရွက်ပေးရမည့် ဥပဒေရေးရာ သတ်မှတ်ချက်များအား ထည့်သွင်းခြင်းလည်း ပါဝင်သည်။

နှစ်ဦးနှစ်ဖက်သဘောတူညီချက်များတွင် ပါဝင်သည့် နည်းလမ်းများမှာ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများအတွက် EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) နှင့် ရေအားလျှပ်စစ်အတွက် IFC ၏ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ စိစစ်ဆေးခြင်းနှင့်ပတ်သက်၍ နယ်ပယ်စုံမှ အကျိုးသက်ဆိုင်သူများနှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းတို့ ပါဝင်သည်။ ဆောက်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (CoST) ကို စတင်မိတ်ဆက်လိုက်ပါကလည်း (အထက်တွင်ကြည့်ပါ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) များရှိရမည် ဖြစ်သည်။

ဤအစီရင်ခံစာအတွက် အကဲဖြတ်ထားသည့် ကုမ္ပဏီများထဲမှ ကုမ္ပဏီ (၇) ခုသည် အကျိုးသက်ဆိုင်သူများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းစဉ်နှင့် ၎င်းအကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ ကတိကဝတ်များကို ဆောင်ရွက်ထားကြောင်း တွေ့ရှိရပြီး

158 www.accountability.org/standards/

159 Draft Guideline On Public Participation In Myanmar's EIA Processes၊ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်။

စီးတီးမတ်ပိုး(လ်)ဒင်း၊ FMI၊ KMD နှင့် Max Myanmar စသည့် ကုမ္ပဏီ (၄)[160] ခုသည် အကျိုးသက်ဆိုင်သူများဆိုင်ရာ လေ့လာဆန်းစစ်မှုများ (material analysis) အား ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။ ကုမ္ပဏီအချို့မှာလည်း ပြင်ပအကျိုးသက်ဆိုင်သူများဖြစ်သော မီဒီယာများ၊ ဒေသခံလူထုများ၊ အစိုးရအဖွဲ့များနှင့် စေ့စပ်ဆွေးနွေးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် သီးသန့်အဖွဲ့များဖွဲ့စည်းထားသည်။ ဤသို့လုပ်ဆောင်မှုမျိုးကို လက်ခံကြိုဆိုရမည်ဖြစ်ပြီး အကြောင်းရင်းမှာ အရက်ဖက်လူ့အဖွဲ့အစည်းများမှ MCRB သို့ ပြောကြားချက်များအရ (အထူးသဖြင့် အစိုးရနှင့် တွဲဖက်လုပ်ကိုင်သည့် လုပ်ငန်းများတွင်) ကုမ္ပဏီများသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးအတွက် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုအများအပြားရှိသည့်အနက် နစ်နာမှုကိုလက်ခံပြီး ကိုင်တွယ်ဖြေရှင်းရန်နှင့် အကျိုးသက်ဆိုင်သူများနှင့် စေ့စပ်ဆွေးနွေးခြင်းတို့ကို လိုလိုလားလားဖြင့်လုပ်ဆောင်ရန် ဆန္ဒရှိသည့် ကုမ္ပဏီဝန်ထမ်းများကို ရှာဖွေတွေ့ရှိနိုင်ရေးကလည်း တစ်ခုအပါအဝင် ဖြစ်သည်။

## အလှူအတန်းများပြုလုပ်ခြင်းနှင့် ထိခိုက်နစ်နာမှုများ မရှိစေရန် ဆောင်ရွက်ခြင်း

မြန်မာကုမ္ပဏီကြီး အများအပြားသည် ၎င်းတို့အနေနှင့် အလှူဒါနများပြုလုပ်နိုင်မည့် 'ဖောင်ဒေးရှင်း'များကို ဖွဲ့စည်းထားရှိကြသည်။ သို့ရာတွင် အဆိုပါဖောင်ဒေးရှင်းများ၏ ဥပဒေနှင့်အညီ ဆောင်ရွက်မှုရှိမရှိနှင့် ပေးဆောင်ခြင်း ရှိမရှိနှင့် အလှူဒါန စသည်တို့နှင့်ပတ်သက်သည့် အချက်အလက်များသည် ၎င်းတို့၏ စီမံအုပ်ချုပ်မှုစနစ်ကဲ့သို့ပင် သဲကွဲမှုမရှိလှပေ[161]။ ဖောင်ဒေးရှင်းများကို လုပ်ဆောင်ခြင်းသည် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ချိုးဖောက်ရန် အသုံးပြုသည့် နည်းလမ်းတစ်ရပ်ဖြစ်နေတတ်သည်။ ဥပမာအားဖြင့် ကုမ္ပဏီများသည် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများနှင့် သက်ဆိုင်သည့် လှုပ်ရှားဆောင်ရွက်မှုများတွင် အလှူငွေများထည့်သွင်းခြင်း (သို့မဟုတ်) အစိုးရဆီမှ အခွင့်အရေးများ ရယူလိုသဖြင့် လှူဒါန်းခြင်းများ စသည့်နည်းလမ်းများကို အသုံးပြုတတ်ကြသည်။ အဆိုပါနည်းလမ်းများကို အသုံးပြုခြင်းသည် စစ်အစိုးရ၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) လက်ထက်တွင် အသုံးများသော 'ခရိုနီ' များ၏ လမ်းစဉ်တစ်ရပ်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် အကျိုးအမြတ်များဖြစ်သည့် ကားတင်သွင်းခွင့်ပါမစ်များ၊ဆောက်လုပ်ရေးစာချုပ်စာတမ်းများ၊ မြေယာနှင့် ပတ်သက်သည့် သဘောတူညီမှုများနှင့် အခြားအခွင့်အရေးများကို ရရှိသောကြောင့် ဖြစ်သည်။

ဖောင်ဒေးရှင်းများ တည်ထောင်ခြင်းသည် အရှိန်အဝါရယူလိုမှုကြောင့်လည်း ဖြစ်တတ်သည်။ MCRB ကပြုလုပ်သော မြန်မာ့သတ္တုတွင်းလုပ်ငန်းကဏ္ဍ၏ ကဏ္ဍအလိုက် သက်ရောက်မှုများအားဆန်းစစ်ခြင်းဆိုင်ရာ သုတေသနတွင်တွေ့ရှိရသည့် အခြေအနေမှာ မြန်မာ့သတ္တုတူးဖော်ရေးကုမ္ပဏီများသည် ၎င်းတို့၏ CSR ဘတ်ဂျက်ကို သုံးစွဲ၍ ရွာအကြီးအကဲများအား လှူဒါန်းပေးအပ်ပြီး အတုံ့အလှည့်အနေဖြင့် သတ္တုတူးဖော်ရေးစီမံကိန်းများအတွက်[162] သဘောတူညီမှုလက်မှတ်များနှင့် အထောက်အပံ့များ ရရှိခဲ့ကြသည်။ ထို့အပြင် ရခိုင်အရေးကိစ္စကြောင့်လည်း အစိုးရအနေနှင့် စီးပွားရေးလုပ်ငန်းများထံမှ ငွေကြေး အထောက်

160 KBZ သည် အကျိုးသက်ဆိုင်သူများဆိုင်ရာ လေ့လာဆန်းစစ်မှုစာစောင်ကို ထုတ်ပြန်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာအတွက် အမှတ်ပေးခြင်းအဆင့်တွင်ပါဝင်ရန် နောက်ကျခဲ့သည်။

161 အလှူအတန်းပြုခြင်းနှင့် ဖောင်ဒေးရှင်းများနှင့်ပတ်သက်သည့် မြန်မာဥပဒေမူဘောင်မှာ ရှင်းလင်းကွဲပြားမှု မရှိသေးပါ။ ဥပမာ ထိုဖောင်ဒေးရှင်းများသည် အသင်းအဖွဲ့ဥပဒေအောက်တွင် အသင်းအဖွဲ့အနေနှင့် မှတ်ပုံတင်ရန် လိုအပ်မှုရှိ၊ မရှိနှင့် ဖောင်ဒေးရှင်းများတွင် လှူဒါန်းခြင်းက အခွန်ကင်းလွန်ခွင့် ရှိ၊မရှိ စသည့်အချက်များ ရှင်းလင်းမှုမရှိပေ။ ထိုအကြောင်းအရာများကို MCRB က 2020 Doing Good Index အတွက် Centre for Asia Philanthropy and Society ၏ ပံ့ပိုးမှုဖြင့် ဆန်းစစ်လေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို ၂၀၂၀ အစောပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်သည်။

162 Sector-Wide Impact Assessment on Limestone, Tin and Gold Mining in Myanmar၊ MCRB၊ ၂၀၁၈ ခုနှစ်၊ မတ်လ၊ စာ ၅၁။

အပံ့များ ရယူဖြစ်ခဲ့သည်[163]။ ထို့ကြောင့် ကုမ္ပဏီများသည် ၎င်းတို့၏ ကုမ္ပဏီအပြင် ဖောင်ဒေးရှင်းကိစ္စရပ်များတွင်ပါ ကောင်းမွန်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ပုံဖော်ဆောင်ရွက်သင့်ပါသည်[164]။

၂၀၁၇ ခုနှစ်၊ ရခိုင်အရေးကိစ္စတွင် ကုမ္ပဏီအချို့မှလှူဒါန်းသည့် အချိန်ကာလမှစတင်၍ ဤအကြောင်းအရာက ထင်ရှားလာသည်။ ကုမ္ပဏီများအနေနှင့်လည်းကောင်း၊ ဖောင်ဒေးရှင်းအနေနှင့်လည်းကောင်း နယ်စပ်တံတိုင်းဆောက်လုပ်ရေးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ [165] စစ်တပ်အဖွဲ့များအား ထောက်ပံ့ရန်အတွက် တပ်မတော်သို့ တိုက်ရိုက်လှူဒါန်းမှုများကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သည်။ ထိုလှူဒါန်းမှုအများစုမှာ မြန်မာကုမ္ပဏီများဆီကဖြစ်သော်လည်း ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော 'ကီရင်'က ယင်း၏ ဖက်စပ်" မြန်မာ့ဘီယာကုမ္ပဏီ" မှတစ်ဆင့် စစ်တပ်သို့ အလှူအတန်းများပြုလုပ်ခဲ့ကြောင်း Amnesty International အဖွဲ့အစည်းက ထောက်ပြခဲ့သည်။ 'ကီရင်' ကုမ္ပဏီက ယင်းကိစ္စကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည့်အပြင် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) နှင့် အလှူအတန်းပြုလုပ်ခြင်းဆိုင်ရာ မူဝါဒအသစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခြင်းဖြင့် တုံ့ပြန်ခဲ့သည်[166]။

မြန်မာအစိုးရနှင့် စီးပွားရေးအသိုက်အဝန်းသာမက အာရှတိုက်တွင် 'CSR' ဟူသည့် အသုံးအနှုန်းအား ကော်ပိုရိတ်ပရဟိတလုပ်ငန်းဟူ၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနားလည်ထားကြသော်လည်း အချို့သော နိုင်ငံခြားကုန်သည်ကြီးများအသင်းများအပြင် အခြားအဖွဲ့အစည်းများက ထိုအသုံးအနှုန်းကို သုံးစွဲခြင်းမရှိတော့ဘဲ 'တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်'၊ 'အကျိုးစီးပွားမျှဝေခြင်း' နှင့် 'လုပ်ငန်းလည်ပတ်ရန်အတွက် လူမှုအသိုင်းအဝိုင်းများမှ ခွင့်ပြုချက်'[167] အစရှိသည့် စကားလုံးအခေါ်အဝေါ်များကို အားစိုက်အသုံးပြုလာကြကြောင်း တွေ့ရှိရသည်။ အဆိုပါ အယူအဆ များနှင့် လုပ်ဆောင်မှုများသည် စီးပွားရေးမဟာဗျူဟာနှင့် ပိုမိုဆက်နွယ်လျက်ရှိပြီး ကုမ္ပဏီများမှ ပရဟိတလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် ဘဏ္ဍာရေးအကြပ်အတည်းဖြစ်နေသည့် စီးပွားရေးအခြေအနေ အလှည့်အပြောင်းဖြစ်သောအခါမျိုးတွင် ထိုလုပ်ဆောင်မှုများအား ပိုမိုလုပ်ကိုင်လာနိုင်ဖွယ်ရှိသည်။ ထို့အပြင် ဆက်စပ်လျက်ရှိသည့် ဂတိလိုက်စားမှုအန္တရာယ်လည်း လျော့နည်းသွားမည်ဖြစ်သည်။

## စီးပွားရေးဦးဆောင်မှုတွင် ကျား/မ တန်းတူညီမျှစွာ ပါဝင်မှုရှိခြင်း

များပြားလှသော စီးပွားရေးလုပ်ငန်းများမှ ဦးစီးလုပ်ကိုင်သည့် ရှေ့ပြေးဆောင်ရွက်မှုများနှင့် ဩစတေးလျအစိုးရမှ ထောက်ပံ့ထားသော ဆောင်ရွက်လုပ်ကိုင်မှုများက မြန်မာနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်များကို ပံ့ပိုးပေးလျက်ရှိသည်။ ယင်းတို့ထဲတွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် စတင်မိတ်ဆက် အကောင်အထည်ဖော်ခဲ့သော စီးပွားရေးလုပ်ငန်း

163 Myanmar businessmen donate 167 billion kyat to Rakhine State၊ Mizzima၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ။

164 Council on Foundations မှ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပမာများအား ကြည့်ပါ။

165 facebook က ဖြုတ်ချခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်၏ facebook စာမျက်နှာတွင် လှူဒါန်းထားသော ကုမ္ပဏီများ၏အချက်အလက်များကို တင်ခဲ့သည့်။

166 Investigate brewer Kirin over payment to Myanmar military amid ethnic cleansing of Rohingya၊ Amnesty International၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်။ The Progress Updates Concerning The Letter From Amnesty International၊ Kirin၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်။

167 'Position Paper on Incentivising Shared Value' (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ) ကို ဥပမာအနေနှင့် ကြည့်ပါ။ Responsible Investment Working Group of the Australian-Myanmar Chamber of Commerce (co-chaired by MCRB); and Eurocham White Book 2018 (မြန်မာဘာသာ) Eurocham ၏ CSR Advocacy အဖွဲ့အား EuroCham Myanmar Responsible Business Initiative ဖြင့် အစားထိုးခဲ့ပြီး ယင်းကို EuroCham အဖွဲ့ဝင်များ (နှင့် စီးပွားရေးမိတ်ဖက်များ)က ကဏ္ဍအရပ်ရပ်တွင် ဆောင်ရွက်သည့် ကနဦးဆောင်ရွက်ချက်များနှင့် စီမံကိန်းများကို ပိုမို ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန် လမ်းကြောင်းတစ်ခုအနေနှင့် အသုံးပြုသွားမည်ဖြစ်သည်။

ရှင်များ ကျား/မတန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း Myanmar Business Coalition for Gender Equality (MBCGEA)[168] လည်းတစ်ခု အပါအဝင် ဖြစ်သည်။ ထိုကဏ္ဍအား စတင်ဖွင့်လှစ်ရာတွင် CMHL, Pun Hlaing Siloam Hospital (FMI) နှင့် ရွှေတောင်ဂရု(ပ်)၏ စီးပွားရေးလုပ်ငန်း(၆)ခုဖြစ်သော အဆောက်အအုံကုန်ကြမ်းလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊ ကော်ပိုရိတ်ရုံးနှင့် ပတ္တမြား FM၊ ဖြန့်ဖြူးရေးလုပ်ငန်း၊ အခြေခံအဆောက်အဦလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းတို့သည် ၄င်းတို့၏ ကျား/ မ တန်းတူညီမျှရေးဆိုင်ရာ နည်းလမ်းများအတွက် (ကျား/မ တန်းတူညီမျှရေးအတွက်၊ သာတူကျိုးမြတ်မျှဝေပေးခြင်းဆိုင်ရာဆန်းစစ်မှုနှင့် ထောက်ခံချက်လက်မှတ် EDGE[169] လက်မှတ်ကို ရရှိခဲ့ပါသည်။ ထို့အပြင် အခြားတည်ထောင်သူအဖွဲ့ဝင်များကလည်း ကျား/ မ တန်းတူညီမျှရေးအတွက် ရေးရှုပြီး လုပ်ငန်းဆောင်တာများကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Women Corporate Directors သည်လည်း မြန်မာနိုင်ငံတွင် အခန်းကဏ္ဍတစ်ခုဖွင့်လှစ်ခဲ့သည်[170]။ “စီးပွားရေးလုပ်ငန်းရှင်များ ကျား/မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း” အဖွဲ့ဝင်များကလည်း အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) နှင့် ပူးပေါင်း၍ ၄င်းတို့၏ ကုမ္ပဏီများအတွက် ကျား/မ တန်းတူညီမျှရှိရေးဆိုင်ရာ အကဲဖြတ်စစ်ဆေးခြင်းများ (EDGE gender equality assessments) ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ‘ကျား/ မ တန်းတူညီမျှရေးအတွက် နှိုးဆော်ခေါင်းလောင်းတီးခြင်း’ (Ring the Bell) ပွဲကိုလည်း ရန်ကုန်စတော့အိတ်ချိန်း၌ နှစ်စဉ်ကျင်းပလျက်ရှိပါသည်[171]။

ဘုတ်အဖွဲ့ဝင်များ၏ မတူကွဲပြားမှုဆိုင်ရာနှင့်ပတ်သက်၍ အစီရင်ခံခြင်းသည် အခြားနိုင်ငံများတွင် လိုအပ်ချက်တစ်ခုဖြစ်လာသည်။ အထူးသဖြင့် ကျား/မ မတူကွဲပြားမှုဆိုင်ရာ အစီရင်ခံခြင်းသည် ကျား/မ တန်းတူညီမျှရှိရေးအတွက် အသိပညာမျှဝေခြင်းအနေဖြင့် အထူးလိုအပ်လာသည်။ (ဉပမာအားဖြင့် အထက်တွင်ဖော်ပြခဲ့သည့် ဉရောပသမဂ္ဂ၏ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်းအတွက် လိုအပ်ချက်များတွင်တွေ့နိုင်သည်။) ပြင်သစ်နှင့်နော်ဝေကဲ့သို့သော အချို့သောနိုင်ငံများတွင် ဘုတ်အဖွဲ့တွင် ကျား/မ စုံလင်ပြီး တန်းတူညီမျှမှုရှိရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရသည်ကို တွေ့နိုင်သည်[172]။

အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရမှတ်မှတ်တမ်းသည် ကုမ္ပဏီများရှိ ထိပ်တန်းအရာရှိများတွင် ကျား/မ တန်းတူညီမျှရှိမှုနှင့် ပတ်သက်ပြီး ဆွေးနွေးအကဲဖြတ်ထားခြင်း မရှိသော်လည်း ဤပွင့်သစ်စစစ်တမ်းတွင် Yever သည် ကုမ္ပဏီစစ်တမ်းများပြုစုရာတွင် အမျိုးသမီး ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် ပတ်သက်သည့် အချက်အလက်များရှိလျှင် အဆိုပါအချက်များကို ကောက်ယူခဲ့သည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များကို တရားဝင်ထုတ်ပြန်ထားသော ကုမ္ပဏီ (၄၂) ခုရှိသည့်အနက် (၃၁) ခုတွင် တစ်ယောက် (သို့မဟုတ်) တစ်ယောက်ထက်ပိုသော အမျိုးသမီးဘုတ်အဖွဲ့ဝင်များကို တွေ့ရပြီး၊ ယေဘုယျအားဖြင့် ဘုတ်အဖွဲ့တစ်ဖွဲ့တွင် အမျိုးသမီး ၂.၄ ဦး ပါဝင်သည်။ ကုမ္ပဏီတစ်ခုရှိ ဘုတ်အဖွဲ့ဝင်များအားလုံးမှာ အမျိုးသမီးများဖြစ်ကြောင်းကိုလည်း တွေ့ရှိခဲ့ရသည်။ ၂၀၁၈ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရမှတ်မှတ်တမ်း (ဇယား ၆ ကိုကြည့်ပါ) အရ ဆန်းစစ်အကဲဖြတ်

168 Business Coalition for Gender Equality စတင်ဖွဲ့စည်းခဲ့သူများမှာ FMI (Yoma Group)၊ CMHL၊ KBZ Group၊ Parami Energy၊ AYA Bank နှင့် Shwe Taung Group တို့ဖြစ်ကြသည်။

169 http://edge-cert.org/ 170 www.womencorporatedirectors.org

170 www.womencorporatedirectors.org

171 YSX rings Bell for Gender Equality for third consecutive year၊ မြန်မာတိုင်း(မ်)၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်။

172 ပြင်သစ်နိုင်ငံတွင် ဝန်ထမ်း ၅၀၀ နှင့် ဝင်ငွေ ယူရိုသန်း ၅၀ နှင့်အထက်ရှိသည့် ကုမ္ပဏီများတွင် အမျိုးသမီးဘုတ်အဖွဲ့ဝင် အနည်းဆုံး ၄၀% ထားရှိရသည်။

ထားသော ဘုတ်အဖွဲ့များ၏ (၇၂) ရာခိုင်နှုန်းတွင် အဖွဲ့ဝင်ပေါင်း (၅) ဦးမှ (၁၅) ဦးအထိရှိပြီး ထိုဘုတ်အဖွဲ့တိုင်းတွင် ပျမ်းမျှအားဖြင့် အမျိုးသမီးဒါရိုက်တာ (၂) ဦးရှိကြောင်း သိရှိရပါသည်။ သို့သော်လည်း ဆန်းစစ်အကဲဖြတ်ထားသော ဘုတ်အဖွဲ့များ၏ (၂၂) ရာခိုင်နှုန်းတွင် မည်သည့် အမျိုးသမီးဒါရိုက်မျှမရှိကြောင်းကို တွေ့ရှိခဲ့ရပါသည်။

မတူကွဲပြားမှုနှင့်ပတ်သက်သည့် ကတိကဝတ်များတွင် ကုမ္ပဏီ (၂၀) ခုသည် မတူကွဲပြားမှု (သို့မဟုတ်)ခွဲခြားဆက်ဆံမှုမရှိရေး မူဝါဒများရှိခြင်း၊ သို့မဟုတ် အဆိုပါမူဝါဒများကို သီးခြား စာတမ်းတွင်ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။ ထို့အပြင် ကုမ္ပဏီ (၁၅) ခုကလည်း မတူကွဲပြားမှု၊ ကျား/မ တန်းတူညီမျှရှိမှုနှင့် လုပ်ငန်းခွင်တွင် သာတူညီမျှသော အခွင့်အလမ်း များရရှိမှုတို့နှင့်ပတ်သက်သည့် အဓိကစွမ်းဆောင်မှုညွှန်းကိန်းများ (KPI) အား ထုတ်ပြန် ကြေညာထားကြောင်း တွေ့ရှိခဲ့ရသည်။

## လူ့အခွင့်အရေးနှင့် ခေတ်သစ်ကျေးကျွန်ပြုမှု

ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများတွင် လူ့အခွင့်အရေးများ[173] ကို လေးစားလိုက်နာရန် စီးပွားရေးလုပ်ငန်းများတွင် တာဝန်ရှိ ကြောင်း ထုတ်ပြန်ထားသည်။ ဤအခြေခံမူများအရ ကုမ္ပဏီများသည် လူ့အခွင့်အရေးများ ဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရန် လုပ်ငန်းစဉ်တစ်ခုရှိရမည်ဖြစ်ပြီး စီးပွားရေးက လုပ်ငန်းဆောင်ရွက်မှု ကြောင့် လူ့အခွင့်အရေးများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်နှင့် ဖြေရှင်း ဆောင်ရွက်ရန် လိုအပ်သည်။ ဤသို့ အခြေခံမူများထုတ်ဝေပြီးသည့်နောက် နိုင်ငံတကာ ကုမ္ပဏီအများအပြားသည် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်များတွင် အထက်ပါ အချက်များကို လက်ခံထည့်သွင်းလာကြသည်[174]။

ကုမ္ပဏီများနှင့် ၎င်းတို့၏ စီးပွားဖက်များမှ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းလည်ပတ်မှုများ ကြောင့် အကျိုးဆက်အနေဖြင့် လူ့အခွင့်အရေးအပေါ် မည်သို့သက်ရောက်မှုများရှိကြောင်း ထုတ်ဖော်ကြေညာမှုရှိစေရန်အတွက် ဆောင်ရွက်ရန်အချို့နိုင်ငံများတွင် ခေတ်စားလျက်ရှိ သည်။ ဥပမာအားဖြင့် ၂၀၁၇ ခုနစ်က ထုတ်ပြန်ခဲ့သော ပြင်သစ်နိုင်ငံ၏ "ပင်မကုမ္ပဏီများနှင့် လက်အောက်ခံကုမ္ပဏီများ၏ တာဝန်ဝတ္တရားများ" ဥပဒေအရ ပြင်သစ်တွင် တည်ထောင် ထားသော အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီသော ကုမ္ပဏီများသည် လူ့အခွင့်အရေး များဆိုင်ရာ အလေးဂရုပြုအားထုတ်ကြိုးပမ်းမှု လုပ်ငန်းစဉ်ရှိရမည်ဖြစ်ပြီး နှစ်ပတ်လည်နိုး ကြားမှုအစီအစဉ်များ (viligance plans) စတင်ဆောင်ရွက်ပြီး လက်တွေ့အကောင်အထည် ဖော်ရမည်ဖြစ်သည်။

(က) ဝန်ထမ်းအရေအတွက် ၅၀၀၀ နှင့်အထက် လုပ်ကိုင်လျက်ရှိသော ပြင်သစ် ကုမ္ပဏီများနှင့် (ပြင်သစ်ကုမ္ပဏီဥပဒေအောက်တွင် စာရင်းသွင်းထားသည့် တိုက်ရိုက် (သို့မဟုတ်) တိုက်ရိုက်မဟုတ်သော) လက်အောက်ခံကုမ္ပဏီများ။

(ခ) ဝန်ထမ်း ၁၀၀၀၀ နှင့်အထက်ရှိသော ကုမ္ပဏီများနှင့် ၎င်းတို့၏ နိုင်ငံတကာရှိ တိုက်ရိုက် (သို့မဟုတ်) တိုက်ရိုက်မဟုတ်သော လက်အောက်ခံကုမ္ပဏီများ ပါဝင်သည်။

173 UN Guiding Principles on Business and Human Rights, 2011, in English and Burmese

174 Corporate Human Rights Benchmark ၊ ၂၀၁၇ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသည်။ ဥပမာများကို ယင်းစာစောင်တွင် ကြည့်ပါ။ MCRB ကိုထူထောင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Institute for Human Rights and Business (IHRB) သည် လူ့အခွင့်အရေးညွှန်းကိန်း စုစုပေါင်း ၁၀၀ ဖြင့် ၂၀၁၆-၂၀၁၇ တွင် အများနှင့်ပတ်သက်ဆိုင်သော ကမ္ဘာ့ အကြီးဆုံးကုမ္ပဏီ (၉၈) ခုအား အကဲဖြတ်ဆန်းစစ်ခဲ့သည်။

အထက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ၊ ပတ်ဝန်းကျင်နှင့် လူသားများ၏ ကျန်းမာလုံခြုံရေး အစရှိသည့် အခွင့်အရေးများသည် ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီ၊ ကုန်သွင်းသူများနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာများ၏ လုပ်ငန်းလုပ်ဆောင်မှုများကြောင့် ထိခိုက်နစ်နာစေခြင်းများ ရှိ၊ မရှိ စစ်ဆေးရန်နှင့် ထိခိုက်မှုများမရှိစေရန်အတွက် ကာကွယ်နိုင်ရန် မည်သို့မည်ပုံ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆင့်ဆင့်ဖော်ပြထားသည့် နစ်ပတ်လည် နိုးကြားမှုအစီအစဉ်များကို ပြုစုရေးသားပြီး လက်တွေ့လိုက်နာကျင့်သုံးရန်လည်း လိုအပ်သည်[175]။

ဗြိတိန်၏ ခေတ်သစ်ကျေးကျွန်ပြုမှု အက်ဥပဒေ ၂၀၁၅ အရ ကုမ္ပဏီများသည် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများပြုလုပ်ရန် လိုအပ်ပြီး အစီရင်ခံစာတွင် မိမိကုမ္ပဏီနှင့် ကုန်စည်စီးဆင်းမှု ကွင်းဆက်တစ်လျှောက်လုံး (supply chain) တွင် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများမရှိစေရန် ကုမ္ပဏီက မည်သို့ဆောင်ရွက်လျက်ရှိကြောင်း အဆင့်ဆင့်လုပ်ဆောင်ချက်များ[176] ဖော်ပြရမည်ဖြစ်သည်။ ဥပမာအားဖြင့် အကြွေး ကြောင့် ကျေးကွန်ပြုခံရခြင်း၊ အလုပ်သမားများ၏ မှတ်ပုံတင်အထောက် အထားများကို အလုပ်ရှင်မှ သိမ်းယူထားခြင်းများကို ဖြစ်ပေါ်စေနိုင်သည့် အလုပ်သမားပွဲစားခများ ပေးဆောင်ရခြင်း ရှိ၊ မရှိဟူသော အချက်မျိုးလည်း ပါဝင်နိုင်သည်။

အထက်ဖော်ပြပါ ဥပဒေကိုအတည်ပြုထားသော နိုင်ငံများရှိ စီးပွားဖက်များကို ဆွဲဆောင်ရာတွင် မြန်မာကုမ္ပဏီများအနေဖြင့် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုများ မရှိစေရန် လိုက်နာဆောင်ရွက်နေကြောင်း ပြသနိုင်ပါက တစ်ပန်းသာလိမ့်မည်ဖြစ်သည်။

ပွင့်သစ်စ ၂၀၁၉ အစီရင်ခံစာအတွက် မြန်မာကုမ္ပဏီများကို စိစစ်အကဲဖြတ်ရာတွင် ကုမ္ပဏီ (၁၈)ခုသည် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒများရှိသည် (သို့မဟုတ်) မူဝါဒများတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကုမ္ပဏီ (၂၀) ခုမှာမူ ၎င်းတို့ကုမ္ပဏီမှ လိုက်နာရမည့် ကျင့်ဝတ်စာတမ်း (သို့မဟုတ်) တိကျသောမူဝါဒများတွင် အသိပေးတိုင်ကြားခြင်းနည်းများ (whistleblower mechanisms) အား ထည့်သွင်းထားသည်။

175 French Duty of Vigilance Law takes trend towards mandated corporate disclosure regimes to a new level၊ Freshfields၊ ၂၀၁၇ ခုနှစ်၊ ဧပြီ ၈ ရက်။

176 United Kingdom Modern Slavery Act 2015

## အခန်း ၄။ ၂၀၁၉ ပွင့်လင်းမြင်သာမှုအစီရင်ခံစာ

**စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း**

MCRB နှင့် Yever တို့သည် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ဇယား ၇) နှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၁၈ ခုနှစ်တွင် အစီရင်ခံစာ၏ အမှတ်ပေးစနစ်ကို ပြန်လည်ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ထိုသို့ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဤသို့ ရေးဆွဲထားခြင်းကြောင့် မြန်မာကုမ္ပဏီများသည် ၄င်းတို့၏ စွမ်းဆောင်ရည်များကို အာဆီယံကုမ္ပဏီများနှင့် နှိုင်းယှဉ်နိုင်ရန်အပြင် မြန်မာနိုင်ငံသည်လည်း ဒေသတွင်းရှိကော်ပိုရိတ်စီမံအုပ်ချုပ်မှုရေ့ပြေးဆောင်ရွက်မှုများနှင့်လိုက်လျောညီထွေဖြစ်စေရန် အခွင့်အရေးဖြစ်စေသည်။ ယင်းသည် မြန်မာနိုင်ငံရှိ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအား စံသတ်မှတ်သည့် အခြားသော အစပြုလုပ်ဆောင်ချက်များ၊ ဥပမာ ၂၀၁၈ မြန်မာကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) နှင့်လည်း ကိုက်ညီမှုရှိပြီး ကုမ္ပဏီများကို စံသတ်မှတ်ရာ၌ ပို၍ ရှင်းလင်းမှုရှိသွားစေသည်။

### ဇယား (၇)။ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

အဆိုပါရမှတ်မှတ်တမ်းကို အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြပြီး အာဆီယံနိုင်ငံများရှိ အရင်းအနှီးဈေးကွက်ဆိုင်ရာ စံနှုန်းများနှင့် အလေ့အကျင့်များကို ပိုမိုတောင့်တင်းခိုင်မာလာစေရန်နှင့် တစ်ပြေးညီဖြစ်လာစေရန် ရည်ရွယ်ထားသည်။ ထို့အပြင် ယင်းသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစည်းမျဥ်းများပေါ်တွင် အခြေခံထားသည်။ နိုင်ငံတကာမှ လက်ခံထားသည့် အလေ့အကျင့်ကောင်းများကို စံနှုန်းထား၍ ရမှတ်မှတ်တမ်းကို ရေးဆွဲရခြင်းမှာ ကုမ္ပဏီများသည် ဥပဒေအရ လိုက်နာ ဆောင်ရွက်ခြင်းမျိုးအပြင် ပိုမိုသာလွန်ကောင်းမွန်သော အလေ့အကျင့်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားခြင်းကြောင့်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုကဲ့သို့ပင် အများပြည်သူဝင်ရောက်ဖတ်ရှုနိုင်သော သတင်းအချက်အလက်များကို တိုင်းတာထားသည်။ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းကို မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ ကုမ္ပဏီများ (အများအားဖြင့် အများပိုင်ကုမ္ပဏီများ) ကို ခြေရာခံရန်နှင့် အဆင့်သတ်မှတ်ရန် အသုံးပြုလျက်ရှိသည်။

ရမှတ်မှတ်တမ်းသည် အောက်ပါ OECD အခြေခံမှု (၅) ခုတွင် အကျုံးဝင်သည်။

- **အပိုင်း (က)** - ရှယ်ယာပိုင်ရှင်တို့၏ ရပိုင်ခွင့်များ
- **အပိုင်း (ခ)** - ရှယ်ယာပိုင်ရှင်များကို တန်းတူညီမျှဆက်ဆံမှု
- **အပိုင်း (ဂ)** - ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ
- **အပိုင်း (ဃ)** - ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှု
- **အပိုင်း (င)** - ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဝါဒများကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် အမှတ်ပေးစနစ်ကို အဆင့် ၂ ဆင့်ထား၍ လုပ်ဆောင်ထားသည်။

**အဆင့် (၁)** - ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ နည်းဥပဒေများနှင့် သက်ဆိုင်သောအကြောင်းအရာများ(စုစုပေါင်း ၁၄၅ ခု)။
**အဆင့် (၂)** - ကောင်းမွန်သော အလေ့အကျင့်များအတွက် အပိုရမှတ်များနှင့် အားနည်းသော စီမံအုပ်ချုပ်မှုအတွက် အမှတ်လျှော့ပြစ်ဒဏ် (အပိုရမှတ် ၁၃ ခုနှင့် ပြစ်ဒဏ် ၂၅ ခု)

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်နှင့် ပူးပေါင်း၍ "အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၊ နိုင်ငံအလိုက် အစီရင်ခံစာများနှင့် အကဲဖြတ်မှုများ ၂၀၁၅" ဟူသည့် စတုတ္ထအကြိမ်မြောက် ခြုံငုံသုံးသပ်ချက်ကို အောက်တိုဘာ ၂၀၁၇ တွင် ထုတ်ဝေခဲ့သည်။ ၄င်းစာစောင်တွင် အာဆီယံဒေသတွင်းရှိ နိုင်ငံပေါင်း (၆) နိုင်ငံရှိ စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီပေါင်း (၅၀၀) ကျော်အား အကဲဖြတ်ဆန်းစစ်ထားရှိပြီး အထက်တွင် ဖော်ပြထားသည့်အတိုင်း ရှယ်ယာပိုင်ရှင်တို့၏ရပိုင်ခွင့်များ၊ ရှယ်ယာပိုင်ရှင်များကို တန်းတူညီမျှဆက်ဆံမှု၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ၊ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှု၊ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများဆိုင်ရာ အချက်များပေါ် မူတည်၍ နိုင်ငံအလိုက် စိစစ်လေ့လာချက်တစ်ခုကို တင်ပြထားသည်။

### နိုင်းယှဉ်လေ့လာသော စံသတ်မှတ်ချက်များကို ရွေးချယ်ခြင်း

ဤလေ့လာဆန်းစစ်မှုရှိ အကဲဖြတ်မေးခွန်းများကို နောက်ဆက်တွဲ (၂) တွင် တွေ့ရှိနိုင်ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကတည်းက MCRB နှင့် Yever တို့၏ ဝက်(ဘ်)ဆိုဒ်များတွင် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်းနှင့် အခြားအစီရင်ခံခြင်းဆိုင်ရာစံနှုန်းများမှ စွမ်းဆောင်ရည်စံသတ်မှတ်မှုများကို ထပ်မံပေါင်းထည့်ထားခြင်းတို့၏အကျိုးဆက်အနေဖြင့် ၂၀၁၉ ပွင့်သစ်စတွင် စစ်ဆေးသော စံသတ်မှတ်ချက်အရေအတွက်သည် ယခင် (၇၄) ခုမှ (၁၄၃) ခုအထိ များလာခဲ့ပြီး နယ်ပယ် (၄) ပိုင်း သတ်မှတ်ထားပါသည် (ဇယားကွက် ၁ ကိုကြည့်ပါ)။

**ဇယားကွက် (၁)။ ၂၀၁၉ ပွင့်သစ်စ အမှတ်ပေးစနစ်တွင် အကျုံးဝင်သော အကြောင်းအရာများ**

| | စံသတ်မှတ်ချက် အရေအတွက် | အလေးပေးမှုပမာဏ (ရာခိုင်နှုန်း) |
|---|---|---|
| **နယ်ပယ် ၁** - ကော်ပိုရိတ်အကြောင်းအရာ - ကုမ္ပဏီ၏ တင်ပြပုံ၊ ပိုင်ဆိုင်မှုဆိုင်ရာဖွဲ့စည်းပုံ၊ ကုမ္ပဏီ၏ နည်းဗျူဟာ၊ ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ်ပြောဆိုခြင်း။ | ၂၀ | ၁၇% |
| **နယ်ပယ် ၂** - ကော်ပိုရိတ်စီမံအုပ်ချုပ်မှု - အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ဒါရိုက်တာဘုတ်အဖွဲ့၏ဖွဲ့စည်းပုံ၊ ဒါရိုက်တာဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ၊ စာရင်းစစ်ကော်မတီ၊ ရွေးကောက်ခြင်းကော်မတီ၊ ငွေကြေးလုပ်ခပေးခြင်းကော်မတီ၊ လုပ်ဆောင်မှုအကဲဖြတ်ခြင်းနှင့် ဘုတ်အဖွဲ့ဝင်များခန့်အပ်ခြင်း။ | ၄၄ | ၂၉% |
| **နယ်ပယ် ၃** - ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာစီမံခန့်ခွဲမှု - သက်ရောက်မှုများအား စီမံခန့်ခွဲမှု၊ နည်းဗျူဟာ၊ ကော်ပိုရိတ်မူဝါဒများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ၊ ထုတ်ဖော်ပြောဆိုခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုင်ရာ အစီရင်ခံခြင်း။ | ၄၀ | ၂၇% |
| **နယ်ပယ် ၄** - အစီရင်ခံခြင်း - နှစ်ပတ်လည်အစီရင်ခံစာ၊ မူဘောင်၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာအစီရင်ခံခြင်း၊ ဘဏ္ဍာရေးမဟုတ်သော အစီရင်ခံခြင်း | ၃၈ | ၂၇% |

ယခုအသုံးပြုထားသော အမှတ်ပေးသည့် နည်းစနစ်တွင် အေစီဂျီအက်(စ်)ထဲမှ မြန်မာနိုင်ငံနှင့် ဆက်စပ်မှုအရှိဆုံး စံသတ်မှတ်ချက်များကို ရွေးချယ်အသုံးပြုထားပါသည်။ အပိုင်းလေးပိုင်း/ နယ်ပယ်လေးခုကို စုစုပေါင်း စံသတ်မှတ်ချက် (၁၄၃) ခု - (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များကို အခြေခံထားသည့် စံသတ်မှတ်ချက် (၁၁၉) ခုနှင့် ကုမ္ပဏီစွမ်းဆောင်ရည်ကို အခြေခံထားသည့် စံသတ်မှတ်ချက် (၄၈) ခု) ကို အသုံးပြု၍ စုစုပေါင်း ရမှတ် (၁၆၇) မှတ် - (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက်အလက်များအတွက် ရမှတ် (၁၁၉) မှတ်နှင့် ကုမ္ပဏီစွမ်းဆောင်ရည် (၄၈) မှတ်) ရရှိရန် သတ်မှတ်ထားပါသည်။ အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းမှ ဆီလျော်ဆက်စပ်မှုအရှိဆုံးသော စံသတ်မှတ်ချက် (၆၉) ခုကို ရွေးချယ်အသုံးပြုထားသည်။

၂၀၁၉ ပွင့်သစ်စတွင် အသုံးပြုထားသော စံသတ်မှတ်ချက်များတွင် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းမှ ပထမအဆင့်စံသတ်မှတ်ချက် စုစုပေါင်း ၅၃% ပါဝင်သည်။

အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းကိုအပြည့်အဝအသုံးမပြုရခြင်းအကြောင်းရင်းမှာ ရမှတ်မှတ်တမ်း၏ နယ်ပယ် (က) နှင့် (ခ) တို့တွင် မြန်မာကုမ္ပဏီများနှင့် ကိုက်ညီမှုမရှိသေးသည့် အကြောင်းအရာများဖြစ်သည့် ရှယ်ယာပိုင်ရှင်တို့၏ ရပိုင်ခွင့်များနှင့် ရှယ်ယာပိုင်ရှင်များကို တန်းတူညီမျှ ဆက်ဆံမှုပေါ်တွင် များစွာအသားပေးထားသောကြောင့် ဖြစ်သည်။ ထိုင်းနိုင်ငံ၌ အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းအား ရေးဆွဲအကောင်အထည်ဖော်ခြင်းတွင် အနီးကပ်ပါဝင်ခဲ့သော ထိုင်းနိုင်ငံ ဒါရိုက်တာများအင်စတီကျူမှ ဒေါက်တာ Bandid Nijathaworn နှင့် ဆွေးနွေးခဲ့ပြီးနောက် ပွင့်သစ်စအစီရင်ခံစာတွင် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း၏ နယ်ပယ် (ဂ၊ ဃ၊ င) တို့တွင် ပါဝင်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ၊ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှု၊ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ အစရှိသည့် အကြောင်းအရာများအား ဦးစားပေးထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည် (ဇယားကွက် ၂ ကို ကြည့်ပါ)။

| ဇယားကွက် (၂)။ ပွင့်သစ်စ အစီရင်ခံစာတွင် ထည့်သွင်းခဲ့သော အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၏ ပထမအဆင့် စံသတ်မှတ်ချက်များ | |
|---|---|
| | ပါဝင်မှုအတိုင်းအတာ |
| နယ်ပယ် (က) - အစုရှင်များ၏ အခွင့်အရေးများ | ၅% |
| နယ်ပယ် (ခ) - အစုရှင်များအား သာတူညီမျှ ဆက်ဆံမှု | ၁၄% |
| နယ်ပယ် (ဂ) - အစုရှင်များ၏ အခန်းကဏ္ဍ | ၁၀၀% |
| နယ်ပယ် (ဃ) - ထုတ်ဖော်ကြေညာချက်များနှင့် ပွင့်လင်းမြင်သာမှု | ၅၆% |
| နယ်ပယ် (င) - ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ | ၆၈% |

၂၀၁၉ ခုနှစ် ပွင့်သစ်စ အစီရင်ခံစာတွင် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ဆိုင်ရာ အချက်အလက်များကိုလည်း စွမ်းဆောင်ရည်စံသတ်မှတ်ချက်များတွင် ပါဝင်ထည့်သွင်းထားသည်။ ပူးတွဲအစီရင်ခံခြင်းတွင် ပါဝင်သည့် အကြောင်းအရာများသည် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) တွင် ပါဝင်သည့်အကြောင်းအရာများထက်ပိုမိုစုံလင်ပြီးအထူးသဖြင့်ဘဏ္ဍာရေးနှင့်ဘဏ္ဍာရေးမဟုတ်သည့် အစီရင်ခံခြင်း၏ အချင်းချင်းဆက်စပ်မှုအား ဖော်ပြထားသောကြောင့် ကုမ္ပဏီများသည် တန်ဖိုးအကျိုးအမြတ်များအား ၎င်းတို့၏ အကျိုးသက်ဆိုင်သူများနှင့် မည်သို့မည်ပုံဖန်တီး၍ မျှဝေကြသည်ကို ရှင်းလင်းစွာ သိနိုင်သည်။ ဇယားကွက် ၃ တွင် ပွင့်သစ်စ စံသတ်မှတ်ချက်များ၊ အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်းနှင့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင်တို့၏ ချိတ်ဆက်မှုများအား ဖော်ပြထားသည်။

**ဇယားကွက် (၃)။ ၂၀၁၉ ပွင့်သစ်စ အစီရင်ခံစာတွင် အသုံးပြုထားသော အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) နှင့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Integrated Reporting Framework) ဆိုင်ရာ စံသတ်မှတ်ချက်များ**

| | စံသတ်မှတ်ချက် အရေအတွက် | အလေးပေးမှု ပမာဏ(%) (စုစုပေါင်းရမှတ်၏ ရာခိုင်နှုန်းပမာဏ | ထည့်သွင်း ထားသော ACGS စံ သတ်မှတ်ချက် အရေအတွက် | IR ဆိုင်ရာစံ သတ်မှတ်ချက် အရေအတွက် (ပါဝင်မှု ရာခိုင်နှုန်း) |
|---|---|---|---|---|
| ကော်ပိုရိတ်အကြောင်းအရာ | ၂၁ | ၁၇% | ၁၃ | ၆ (၂၉%) |
| ကော်ပိုရိတ်စီမံအုပ်ချုပ်မှု | ၄၄ | ၂၉% | ၃၂ | ၃ (၇%) |
| ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု | ၄၀ | ၂၇% | ၁၈ | ၂၂ (၅၅%) |
| အစီရင်ခံခြင်း | ၃၈ | ၂၇% | ၂၇ | ၂၃ (၆၀%) |

### ထည့်သွင်း စဉ်းစားထားသော သတင်းအချက်အလက်များ၏ အရင်းအမြစ်များ

ပွင့်သစ်စအစီရင်ခံစာအတွက်အကဲဖြတ်ဆန်းစစ်ရာတွင်အများပြည်သူဝင်ရောက်ဖတ်ရှုနိုင်သောအင်တာနက်ပေါ်ရှိတရားဝင်ဖော်ပြထားသည့်ကုမ္ပဏီဆိုင်ရာသတင်းအချက်အလက်များအားလုံးကို (ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ကြည့်ရှုနိုင်လျှင်) အောက်ပါစာရင်းအတိုင်း ဆန်းစစ်ခဲ့သည်။

- ကုမ္ပဏီဝက်(ဘ်)ဆိုဒ်။
- ဝက်(ဘ်)ဆိုဒ်တွင်ဖော်ပြထားသော ကုမ္ပဏီ၏ ကော်ပိုရိတ်မူဝါဒများ။
- နှစ်ပတ်လည်အစီရင်ခံစာ၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာအစီရင်ခံစာနှင့်အခြား သင့်တော်သည့် အစီရင်ခံစာများ။ (၎င်းအစီရင်ခံစာများအား ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ကြည့်ရှုနိုင်လျှင် (သို့မဟုတ်) ဒေါင်းလုဒ်လုပ်နိုင်လျှင်)
- UNGC Communications on Progress (COP) အစီရင်ခံစာများ။
- ကုမ္ပဏီ၏ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင်ဖော်ပြထားသောသတင်းအချက်အလက်များ။

MCRB နှင့် Yever သည် ကုမ္ပဏီများ၏ ထုတ်ဖော်ကြေညာချက်များအား ဆန်းစစ်သည့်အခါတွင်စည်းကမ်းမတင်းကျပ်ဘဲကောင်းမွန်သောအမှတ်များအားတတ်နိုင်သလောက်ပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဥပမာအားဖြင့် မေးခွန်းအမှတ် ၉၁ ကို ဆန်းစစ်ခဲ့ရာတွင် နှစ်ပတ်လည်အစီရင်ခံစာ တစ်ခုတည်းနှင့် မဆုံးဖြတ်ပဲ ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ နည်းလမ်းအရပ်ရပ်တွင် တင်ပြထားသော အချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားပေးခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော မြန်မာကုမ္ပဏီများသည် ယင်းတို့၏ နှစ်ပတ်လည် အစီရင်ခံစာအား မထုတ်ပြန်ရသေးသော်လည်း ၎င်းတို့၏ ဝက်(ဘ်)ဆိုဒ်တွင်မူ ကော်ပိုရိတ် မျှော်မှန်းချက်များနှင့် ဘုတ်အဖွဲ့ဝင်များ၏ ကိုယ်ရေးအတ္တုပတ္တိများအား ထုတ်ဖော်ကြေညာထားခြင်းကြောင့် ဖြစ်ပါသည်။

**စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း**

၂၀၁၉ ပွင့်သစ်စ အစီရင်ခံစာအတွက် MCRB နှင့် Yever တို့သည် ကုမ္ပဏီပေါင်း (၂၄၈) ခု ကို ရွေးချယ်ခဲ့ကြပါသည် (၂၀၁၈ ခုနှစ်တွင် ကုမ္ပဏီပေါင်း (၁၈၂) ခု ပါဝင်ခဲ့သည်)။ ၎င်း တို့မှာ -

- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ (၅) ခု။
- DICA မှ အသိအမှတ်ပြုထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၅၅) ခု။
- ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်သော ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံးပေးဆောင်သော မြန်မာလုပ်ငန်းရှင်များ (၁၀၀၀) စာရင်းတွင်ပါဝင်သည့် ကုမ္ပဏီများ (သို့မဟုတ်) အရွယ်အစားကြီးမားသောကုမ္ပဏီ (၁၆၀) ခု[177]။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၂၈) ခု။

**ကုမ္ပဏီများနှင့် လုပ်ငန်းစုများကို ရွေးထုတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများ**

ယခင်ပွင့်သစ်စအစီရင်ခံစာများတွင် တွေ့မြင်ခဲ့သည့်အတိုင်းပင် မြန်မာနိုင်ငံတွင် 'လုပ်ငန်းစု' (Group)ဟူသောစကားလုံးကို တစ်သမတ်တည်း အဓိပ္ပာယ်သတ်မှတ်ထားခြင်းမရှိဘဲ အမျိုးမျိုး သုံးစွဲနေကြသည်ကို တွေ့ရှိနိုင်သည်။ အချို့သည် တရားဝင်ဥပဒေအရ လုပ်ငန်းစု အဖြစ်လျှောက်ထားပြီး လုပ်ငန်းလုပ်ကိုင်နေသလိုအချို့မှာမူ လုပ်ငန်းစုအဖြစ် တရားဝင် မှတ်ပုံတင်ထားခြင်းမျိုး မဟုတ်သော်လည်း နာမည်အခေါ်အဝေါ်တွင် လုပ်ငန်းစုဟု ကိုယ် တိုင်သတ်မှတ်ပြီး လုပ်ငန်းအများအပြားကို အကြမ်းဖျင်း ပူးပေါင်းဖွဲ့စည်းကာ လုပ်ဆောင် နေခြင်းမျိုးဖြစ်သည်။ လုပ်ငန်းစုသဘောသဘာဝရှိသည့်ကုမ္ပဏီများကို၎င်းတို့အဖွဲ့အစည်း ၏ပုံသဏ္ဍာန်နှင့် မည်သို့အကဲဖြတ်ခံလိုကြောင်း (ဥပမာအားဖြင့် လုပ်ငန်းစုအနေနှင့်ဖြစ်စေ၊ လုပ်ငန်းတစ်ခုခြင်းအနေနှင့်ဖြစ်စေ) မေးမြန်းခဲ့သည်။ အချို့သော ကုမ္ပဏီများသည် အကဲ ဖြတ်ချက်အတွက် ကုမ္ပဏီတစ်ခုကိုသာ ကိုယ်တိုင်ရွေးချယ်ခဲ့ပြီး အဆိုပါကုမ္ပဏီအား စစ်တမ်းတွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသော်လည်း ပင်မကုမ္ပဏီအဖြစ် သတ်မှတ် ထားရှိခဲ့သည်။

**ဝက်(ဘ်)ဆိုဒ်ဆန်းစစ်ခြင်းနှင့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ပွင့်သစ်စအစီရင်ခံစာ၏ သုတေ သနစတင်ခြင်းကို အများပြည်သူသိရှိစေရန် မိတ်ဆက်ခဲ့ပြီး ကုမ္ပဏီများ၏ ၂၀၁၈ ခုနှစ် ရလဒ်များနှင့် ၂၀၁၉ ခုနှစ်အတွက် အစီအစဉ်များကို ရှင်းလင်း တင်ပြခဲ့သည်။ ထို့အပြင် သုတေသနဆိုင်ရာ အသေးစိတ်အချက်အလက်များ (ကုမ္ပဏီများနှင့် ဆန်းစစ်အကဲဖြတ် ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ) ကို MCRB နှင့် Yever ဝက်(ဘ်)ဆိုဒ်များ[178] တွင် အများ ပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်မည့် ကုမ္ပဏီများကို လည်း (MCRB အနေနှင့် လက်လှမ်းမီသလောက် ရရှိထားသည့် လိပ်စာများနှင့် အီးမေးလ် များ အသုံးပြုပြီး ပေးပို့ဆက်သွယ်ခဲ့သည်။) ၂၀၁၉ စာတမ်း သုတေသနနည်းစနစ်များကို အသေးစိတ်ရှင်းပြရန်အတွက် စက်တင်ဘာလတွင် အီးမေးလ်နှင့် စာများပေးပို့ခဲ့သည်။

သုတေသနစာတမ်းကို အများပြည်သူအား မိတ်ဆက်ခြင်းပြုလုပ်ပြီးနောက် ၂၀၁၈ အောက် တိုဘာလတွင် အွန်လိုင်းပေါ်မှတစ်ဆင့် သုတေသနပြုလုပ်ခြင်းကို Yever မှ ဦးဆောင် ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်အကဲဖြတ်ဆန်းစစ်ခြင်းကို Yever အဖွဲ့ဝင်တစ်ယောက်မှ

177 ယင်းတို့တွင် ယခင်က အီးယူနှင့် US sanction တွင် အကျုံးဝင်ခဲ့ဖူးသော ကုမ္ပဏီများ ပါဝင်သည်။

178 www.myanmar-responsiblebusiness.org/pwint-thit-sa/2019.html

အကဲဖြတ်ဆောင်ရွက်ခဲ့ပြီး MCRB နှင့် သဘောတူညီထားသည့်အတိုင်း အကဲဖြတ်မှု အရည်အသွေးကို စံနှုန်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ အကဲဖြတ်စစ်ဆေးခြင်းမှ ရမှတ်မူကြမ်းများကို ကုမ္ပဏီများအား ပုံနှိပ်ဖြင့်သော်လည်းကောင်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း ဇန်နဝါရီလတွင် မျှဝေပေးပို့ခဲ့သည့်အပြင် ရမှတ်မူကြမ်းများနှင့် ပတ်သက်၍ ဆွေးနွေးရန် ကမ်းလှမ်းချက်များပြုလုပ်ခဲ့ပါသည်[179]။ ထို့အပြင် ကုမ္ပဏီများအား ဝေဖန်အကြံပြုရန် တောင်းဆိုခဲ့ပြီး သတင်းအချက်အလက်များ ပိုမိုထုတ်ဖော်ကြေညာမှုပြုရန် အားပေးခဲ့သည်။

ကုမ္ပဏီပေါင်း (၄၀) မှ MCRB နှင့် Yever သို့ ဆက်သွယ်ခဲ့ကြပြီး တစ်ချို့အခြေအနေများတွင် အကြမ်းဖျင်းရမှတ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ကုမ္ပဏီများအနေနှင့် သတင်းအချက်အလက်များကို ဖေဖော်ဝါရီလကုန်တွင် နောက်ဆုံးထား၍ ထုတ်ဖော်ကြေညာရန် လိုအပ်သော်လည်း ဝက်(ဘ်)ဆိုဒ်မွမ်းမံပြင်ဆင်ရာတွင် အချို့သောကိစ္စများကြောင့် အချိန်ပိုတောင်းဆိုသော ကုမ္ပဏီများအား ရက်သတ္တပတ် နှစ်ပတ်အထိ ခြွင်းချက်အနေဖြင့် ထပ်မံစောင့်ဆိုင်းပေးခဲ့ပါသည်။

မတ်လတွင် ရမှတ်များကို အပြီးသတ်ထွက်ရှိအောင်[180] ဆောင်ရွက်ခဲ့ပြီး နောက်ဆုံးအကြိမ်ဆန်းစစ်မှုကို Yever မှ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ထိပ်တန်းကုမ္ပဏီများနှင့် Yever ၏ ဝန်ဆောင်မှုများအား ရယူသုံးစွဲနေသည့် ကုမ္ပဏီများ၏ ရမှတ်များကို အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များ မဖြစ်ပေါ်စေရန်အတွက် MCRB မှ ထပ်မံအတည်ပြု စစ်ဆေးပေးခဲ့ပါသည် (ဇယား ၁ တွင်ကြည့်ပါ)။ ခြုံငုံ၍ကြည့်လျှင် Yever သည် သုတေသနအတွက် ပြင်ဆင်မှုနှင့် သတင်းအချက်အလက်စိစစ်မှုအပိုင်း ဆောင်ရွက်ရန် အလုပ်လုပ်ရက်ပေါင်း ၁၅၀ ကျော် (ငွေကြေးကောက်ခံခြင်းမပြုဘဲ အခမဲ့) လုပ်ကိုင်ခဲ့သည်။ ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်းအပိုင်းကိုမူ MCRB နှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။

ထိုကဲ့သို့ အပြန်အလှန်ဆွေးနွေးခြင်း၏ ရလဒ်အဖြစ် ကုမ္ပဏီအများစု၏ သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာမှုသည် သိသာထင်ရှားစွာ တိုးတက်လာပြီး အကြမ်းဖျင်းရမှတ်များနှင့် နောက်ဆုံးရမှတ်များကြား ယေဘုယျအားဖြင့် ရမှတ်အားဖြင့် ၈% မြင့်တက်လာခဲ့သည်။ ထိုသို့ရမှတ်များ တိုးတက်လာခြင်းသည် ပွင့်သစ်စအစီရင်ခံစာ၏ လမ်းညွှန်မှုမှာ အရေးပါသက်ရောက်မှုရှိကြောင်း ပြသနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထုတ်ဖော်ကြေညာမှုနှင့် ပတ်သက်၍ ကြီးကြပ်ကွပ်ကဲသူများမှ ကုမ္ပဏီများအပေါ် အလားတူလမ်းညွှန်မှုများပြုလုပ်ပေးရန် လိုအပ်နေကြောင်းနှင့် ကုမ္ပဏီများမှ အဆိုပါလမ်းညွှန်မှုများကို ကြိုဆိုကြောင်း သိရှိနိုင်ပါသည်။

---

179 အဆက်အသွယ်ပြုလုပ်ခဲ့သော ကုမ္ပဏီများမှာ (တချို့နှင့်လည်း မျက်နှာချင်းဆိုင် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်) A-Bank, Aung Kan Bo Trading, Ayeyar Hinthar Holdings, Ayeyar Pathein Development Public Co, City Mart Holding Co, Dagon, Dawei Development Public Co, Eden Group, Elite Telecom Public Co First Myanmar Investment (FMI), First Private Bank, Global Treasure Bank Public Co, Golden Zaneka Public Co, Grand Guardian Insurance Public Co, Htoo Group, IGE Group, Irrawaddy Green Tower, KBZ Group, KMD, Mandalay Myotha Industrial Development Public Co, Max Myanmar Group, Min Zar Ni Co, Myanmar Oriental Bank, MTSH, Myan Shwe Pyi Tractors, Myanmar Agro Exchange Public, Myanmar Technologies and Investment Corporation , Myawaddy Bank, Parami, Proven Group, Royal Yatanarpon Telecom Public Co, Shwe Taung Group, Shwe Than Lwin Media, Smart Technical Services, Super One Group, UMG Group, United Amara Bank, Yatanarpon Teleport Public Co, Zaw Gyi Premier ထို့အပြင် State-Owned Economic Enterprises (SEEs)။ Electricity Supply Corporation, Myanmar Foreign Trade Bank, Myanmar Oil and Gas Enterprise (MOGE), Yangon Electricity Supply Corporation တို့နှင့်လည်း ဆက်သွယ်မှုများ ဆောင်ရွက်ခဲ့သည်။

180 ဝက်(ဘ်)ဆိုဒ်များကို ပြန်လည်ဆန်းသစ်ခဲ့သော်လည်း သတ်မှတ်ထားသည့်ရက်စွဲထက် နောက်ကျခဲ့သော ကုမ္ပဏီများတွင် Eden Group နှင့် KBZ တို့လည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပါသည်။

**အမှတ်ပေးခြင်း**

ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်သော စံသတ်မှတ်ချက်တစ်ခုစီကို "YES" ဆိုလျှင် (၁) မှတ်၊ "NO" ဆိုလျှင် (၀) မှတ်ဟု ညီမျှစွာ သတ်မှတ်ထားသည်။ အမှတ်တစ်မှတ်ရရန် ကုမ္ပဏီ၏ ထုတ်ဖော်ကြေညာမှုတစ်ခုသည် ရှင်းလင်း၍ ပြီးပြည့်စုံရမည်၊ ကုမ္ပဏီမှ တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ရမည့်အပြင် အများပြည်သူ ဝင်ရောက်ဖတ်ရှုနိုင်ရန်လည်း လွယ်ကူအဆင်ပြေရမည်ဖြစ်သည်။ ကုမ္ပဏီ၏ လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြရမည်ဖြစ်ပြီး နှစ်ပတ်လည်အစီရင်ခံစာများအတွက်မူ သက်တမ်း ၂ နှစ်ထက် မကျော်ရန်လည်း လိုအပ်ပေသည်။

ကုမ္ပဏီလုပ်ဆောင်ချက်နှင့် ပတ်သက်သော စံသတ်မှတ်ချက်တစ်ခုစီကို "YES" ဆိုလျှင် (၂) မှတ်၊ "NO" ဆိုလျှင် (၀) မှတ်ဟု သတ်မှတ်ထားသည်။ သို့မှသာလျှင် 'အပြောဖြင့် အလုပ်လုပ်နေသောသူများ'ကို ကျော်လွန်၍ 'အစစ်အမှန် အလုပ်လုပ်သူများ' သည် ၎င်းတို့နှင့် ထိုက်တန်သော ရမှတ်များကို ရရှိနိုင်ပေလိမ့်မည် ဖြစ်ပါသည်။ စံသတ်မှတ်ချက် (၁၄၃) ချက်အနက် တစ်ချက်စီအတွက် ရမှတ်များကိုပေါင်း၍ ကုမ္ပဏီ၏ ရမှတ်စုစုပေါင်းကို တွက်ချက်ထားသည်။

**သုတေသနဆောင်ရွက်ပုံ နည်းနာ၏ ကန့်သတ်ချက်များ**

အများပြည်သူဝင်ရောက်ဖတ်ရှုနိုင်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ခြင်း၏ သဘောသဘာဝကြောင့်မေးခွန်းများနှင့် မြန်မာကုမ္ပဏီများအား အမှတ်ပေးအဆင့် သတ်မှတ်ရာတွင် ကန့်သတ်ချက်များ ရှိခဲ့သည်။ ဤသုတေသနစာတမ်းဆောင်ရွက်ပုံသည် အင်တာနက်မှ သတင်းအချက်အလက်များရရှိနိုင်မှုကိုသာ ရိုးရှင်းစွာ အကဲဖြတ်ဆန်းစစ်ထားခြင်းဖြစ်သည်။ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် အင်တာနက်မှတစ်ဆင့် အများပြည်သူဝင်ရောက်လေ့လာနိုင်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံသောကြောင့် အများပြည်သူလက်လှမ်းမမီသော ပုံနှိပ်အနေဖြင့်သာ ရရှိနိုင်သော မူဝါဒများ (သို့မဟုတ်) အစီရင်ခံစာများသည်ကို အမှတ်မပေးပါ။ ထို့အပြင် ၂၀၁၉ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် မူဝါဒများအား အကောင်အထည်ဖော်ထားရှိမှုနှင့် အသုံးပြုထားသော အလေ့အကျင့်များ၏ အရည်အသွေးတို့အား စံနှုန်းသတ်မှတ်ရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ယုံကြည်ရသော စာရင်းစစ်၏ စာရင်းစစ်ထားခြင်းမရှိလျှင် ထိုသတင်းအချက်အလက်များ၏ ခိုင်မာမှုသည် ကိုယ်တိုင် ထုတ်ဖော်ကြေညာချက်များတွင်သာ မူတည်လျက်ရှိနေသေးသည်။

**ရလဒ်များ**

အကဲဖြတ်ဆန်းစစ်ထားသော ကုမ္ပဏီ (၂၄၈) ခု အနက် ကုမ္ပဏီပေါင်း (၁၃၀) ခု (၅၂%) တွင် ဝက်(ဘ်)ဆိုဒ်ရှိသည်။

ဤစစ်တမ်းတွင် ရမှတ်အများဆုံးရရှိသူများနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ (ဥပမာအားဖြင့် IFC) ရှိသည့် ကုမ္ပဏီများကြားတွင် သိသာထင်ရှားသော အပြန်အလှန်ဆက်စပ်မှုများရှိနေကြောင်း ဇယားကွက် (၄) တွင် တွေ့နိုင်သည်။ ဤအချက်သည် အကြောင်းအကျိုးသက်ဆိုင်နေမှုကို ပြသနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သတင်းအချက်အလက်ထုတ်ဖော်ကြေညာခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း အစရှိသည့် အလေ့အကျင့်ကောင်းများကို အားစိုက်လုပ်ဆောင်ထားသော ကုမ္ပဏီများသည် IFC (အခြားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ)ကို စီးပွားဖက်အဖြစ် ပိုမိုဆွဲဆောင်နိုင်ခြေရှိသည်ကို တွေ့ရသည်။ အကျိုးဆက်အနေဖြင့် ထိုနိုင်ငံခြားစီးပွားဖက်များသည် ဒေသတွင်းကုမ္ပဏီများ၏ စီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တိုက်တွန်းပေးသည်။

| ဇယားကွက် (၄)။ ကုမ္ပဏီအမျိုးအစားအရ ပျမ်းမျှရမှတ် | |
|---|---|
| စိစစ်အကဲဖြတ်မှုပြုလုပ်ခဲ့သည့် ကုမ္ပဏီများအားလုံး (၂၄၈) ခု | ၅% |
| စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီ (၅) ခု | ၃၂% |
| IFC မှ ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများ | ၃၈% |
| မိသားစုပိုင်/ ပုဂ္ဂလိကပိုင် ကုမ္ပဏီများ (၁၆၀) ခု | ၄% |
| အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ (၅၅) ခု | ၄% |
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (၂၈) ခု | ၃% |
| ဘဏ္ဍာရေးကဏ္ဍ (၂၀) | ၁၁% |
| ရမှတ်အများဆုံးကုမ္ပဏီ (၁၀) ခု | ၅၀% |


စင်စစ်အားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းအပိုင်းတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူ၏ သက်ရောက်မှုအခန်းကဏ္ဍသည် ရန်ကုန်စတော့အိတ်ချိန်း၏ လွှမ်းမိုးမှုထက်ပို၍ ခိုင်မာအားကောင်းသည်။ အကြောင်းရင်းမှာ IFC နှင့် ပူးပေါင်းလုပ်ကိုင်သည့် စီးပွားဖက်များသည် ပျမ်းမျှရမှတ်အများဆုံး (၃၈%) ရရှိကြပြီး ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများရရှိသည့် ပျမ်းမျှရမှတ် (၃၂%) ထက် ရမှတ်များပြားသောကြောင့်ဖြစ်သည်။ တိုင်းတာစစ်ဆေးထားသည့် ကုမ္ပဏီစုစုပေါင်း၏ (၂၂%) ဖြစ်သော အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည်မြန်မာကုမ္ပဏီများရရှိရသည့်ပျမ်းမျှရမှတ်ထက် ပိုမိုနည်းပါးလျက်ရှိသည် (ဇယားကွက် ၇ တွင် ရမှတ်အကောင်းဆုံး ကုမ္ပဏီ (၁၀) ခုကို တွေ့ရှိနိုင်သည်)။ ရမှတ်အနည်းဆုံးကုမ္ပဏီများမှာမူ နိုင်ငံပိုင်စီးပွားရေးကုမ္ပဏီများ (SEEs) များ ဖြစ်ကြသည် (ဇယားကွက် ၅ တွင် ယင်းတို့ထဲမှ ရမှတ်အများဆုံးရရှိသည့်လုပ်ငန်းများကို ကြည့်ရှုနိုင်သည်)။

စုစုပေါင်းရမှတ်အတိုင်းအတာသည် ၀% မှ ၇၀% (CMHL) အထိဖြစ်ပြီး (အကျဉ်းချုပ်ရှိ ပုံ -၁ ကို ကြည့်ပါ) CMHL သည် အဓိကအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်းတို့တွင် ရမှတ်အများဆုံး ရရှိထားသည်။ ရမှတ်အကောင်းဆုံးကုမ္ပဏီ (၁၀) ခုထဲမှ (၇) ခုသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ ဖြစ်ကြသည်။ ထိုသို့ ပုဂ္ဂလိကပိုင်ကုမ္ပဏီများအနေနှင့် ရမှတ်အများဆုံး ရရှိနိုင်ခဲ့ခြင်းသည် ကုမ္ပဏီများအနေနှင့် ၄င်းတို့၏ ပိုင်ဆိုင်မှုဆိုင်ရာ ဖွဲ့စည်းပုံ (အများပိုင်၊ ပုဂ္ဂလိကပိုင်) မည်သို့ပင် ရှိစေကာမူ ပွင့်သစ်စအစီရင်ခံစာတွင် ပါရှိသော စံသတ်မှတ်ချက်များနှင့် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ခြင်းရမှတ်မှတ်တမ်း အဆင့် ၁ စံသတ်မှတ်ချက်များအား ပြည့်မီမှုရှိစေရန် ဆောင်ရွက်နိုင်ကြောင်း ညွှန်ပြနေသည်။ သို့သော်ငြားလည်း ပျမ်းမျှရမှတ်ဖြစ်သော ၅% ထက်ပို၍ ရရှိသောကုမ္ပဏီများ၏ ရာခိုင်နှုန်းမှာ စစ်တမ်းတွင် ပါဝင်သည့် ကုမ္ပဏီစုစုပေါင်း၏ ၁၈% သာရှိသည် (ပုံ -၂ ကိုကြည့်ပါ)။ ယင်းသည် မနစ်က ရလဒ်များနှင့်ယှဉ်လျှင် ပိုမိုတည်တံ့မှုရှိသည်။

ဘဏ္ဍာရေးကဏ္ဍတွင် လည်ပတ်လျက်ရှိသော ကုမ္ပဏီများ၏ ရမှတ်မှာ မြန်မာနိုင်ငံတွင် ရရှိနိုင်သော ပျမ်းမျှရမှတ်နှင့်ယှဉ်လျှင် သိသိသာသာ မြင့်မားလျက်ရှိနေသည်ကို တွေ့ရသည် (၁၁% နှင့် ၅% အသီးသီး)။ စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ပုဂ္ဂလိကဘဏ်များသည် ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်လျှင် စတော့ရှယ်ယာစာရင်းဝင် ကုမ္ပဏီများထက် စွမ်းဆောင်ရည် ပို၍ မြင့်မားကြောင်းတွေ့ရှိရသည် (ပုံ -၃)။ ဤသည်ကို ကြည့်ခြင်းဖြင့် ပုဂ္ဂလိကကုမ္ပဏီပိုင်ရှင်များ၏ ဦးဆောင်မှုမှာ ပွင့်လင်းမြင်သာမှုအပိုင်းတွင် မည်မျှ ကြီးကြီးမားမားထိရောက်မှုရှိကြောင်း သိရှိနိုင်ပြီး ဥပဒေရေးရာ အဖွဲ့အစည်းများက

လည်း ၎င်းတို့ကြီးကြပ်သည့် အများပိုင်ကုမ္ပဏီများကို ပိုမိုလိုက်နာဆောင်ရွက်မှုရှိစေရန် ကြပ်မတ်သင့်ပြီး ထုတ်ဖော်ကြေညာခြင်းနှင့်ပတ်သက်သည့် သက်ဆိုင်ရာ ညွှန်ကြားချက်များကိုလည်း ရှင်းရှင်းလင်းလင်း သတ်မှတ်သင့်ကြောင်း သိရှိနိုင်ပါသည်။

**ပုံ ၃ - ဘဏ္ဍာရေးကဏ္ဍနှင့် အခြားကဏ္ဍများကို ကုမ္ပဏီ အမျိုးအစားအလိုက် နှိုင်းယှဉ်ခြင်း**




ကုမ္ပဏီများအနေနှင့် ၎င်းတို့၏ လုပ်ဆောင်ချက် တိုးတက်ရန် လိုအပ်သည့် နယ်ပယ်များမှာ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံအုပ်ချုပ်ခြင်းနှင့် အစီရင်ခံခြင်းတို့ပင်ဖြစ်သည်။ ကုမ္ပဏီ အတော်တော်များများက အလှူအတန်းပြုလုပ်ခြင်းနှင့် ပရဟိတလုပ်ကိုင်ခြင်းတို့ကိုသာ အစီရင်ခံတင်ပြရန် အားစိုက်လျက်ရှိနေသေးကြောင်း တွေ့ရှိရပြီး ယင်းတို့ကို စီးပွားရေး လုပ်ငန်းများ လည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ချိတ်ဆက်နေသော ရေရှည်တည်တံ့ခိုင်မြဲမှု ဆိုင်ရာဗျူဟာတွင် ထည့်သွင်းအစီရင်ခံခြင်းထက် ပရဟိတအလှူအတန်းများကို လုပ်ငန်း ဖောင်ဒေးရှင်းများရှိလျှင် အဆိုပါဖောင်ဒေးရှင်းမှ ကြီးကြပ်လုပ်ကိုင်ခြင်းက ပိုသင့်လျော် သည်။ အချို့ကုမ္ပဏီများမှာမူ ယင်းတို့၏ လုပ်ဆောင်ချက်များကို သဲကွဲစွာ ထုတ်ပြန် ကြေညာထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထိုသို့မဟုတ်ပါကလည်း နယ်ပယ်အတိုင်း အတာနှင့် သက်ဆိုင်ဆက်စပ်မှုများ ဝေဝါးနေသော အဓိက စွမ်းဆောင်မှုညွှန်းကိန်းများ (KPIs)ကိုသာထုတ်ပြန်ထားကြောင်းတွေ့ရှိရသည်။ CMHLသည်ရေရှည်တည်တံ့ခိုင်မြဲရေး ဆိုင်ရာစီမံခန့်ခွဲမှုပိုင်းတွင် လုပ်ဆောင်မှုစွမ်းအားအကောင်းဆုံးဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲ ရေး၊ အဓိက စွမ်းဆောင်မှုညွှန်းကိန်းများ (KPIs) နှင့် စီးပွားရေးလုပ်ငန်းအစီအစဉ်တို့ကြား တွင် ချိတ်ဆက်မှုအားကောင်းစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ CMHL ၏ materiality analysis သည် ရေရှည်တည်တံ့ခိုင်မြဲရေး ဗျူဟာ၊ စီးပွားရေးဗျူဟာနှင့် အကျိုးသက်ဆိုင်သူများ၏ မျှော်မှန်းချက်နှင့် တစ်သားတည်းကျလျက်ရှိသည့် တစ်ခု တည်းသော ကုမ္ပဏီလည်းဖြစ်သည်။ UAB သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ရမှတ် ကောင်းစွာ ရရှိခဲ့ပြီး ယင်း၏ ပထမဆုံးနှစ်ပတ်လည်အစီရင်ခံစာ၏ အရည်အသွေးကောင်း မွန်မှုကြောင့်လည်း ပုဂ္ဂလိကဘဏ်အနေဖြင့် ထိပ်တန်းရမှတ်အများဆုံး ကုမ္ပဏီ (၁၀) ခု တွင် စာရင်းဝင်ခဲ့ပါသည်။

သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှု အကောင်းဆုံးလုပ်ဆောင်သည့် ထိပ်တန်း ကုမ္ပဏီ (၃၀) ခု စာရင်းကို ဇယားကွက် (၅) တွင် ဖော်ပြထားသည်။

အကဲဖြတ်ဆန်းစစ်ထားသော စုစုပေါင်းကုမ္ပဏီ (၂၄၈) ခုနှင့် ရမှတ်များစာရင်း အပြည့် အစုံကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။

## ဇယားကွက် -၅။ ပွင့်သစ်စ အစီရင်ခံစာ ၂၀၁၉ တွင် အကဲဖြတ်ဆန်းစစ်ထားသော သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှု အကောင်းဆုံးကုမ္ပဏီများ၊ ထိပ်တန်းကုမ္ပဏီ (၃၀) ခု။

| Rank 2019 | Rank 2018 | Company Name | Type see Annex 1 | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|---|---|
| 1 | 2 | CITY MART HOLDING CO LTD | PR | 75% | 53% | 84% | 72% | 70% |
| 2 | 1 | FIRST MYANMAR INVESTMENT CO LTD. | L | 71% | 61% | 67% | 49% | 61% |
| 3 | 5 | MAX MYANMAR GROUP OF COMPANIES | PR | 61% | 55% | 64% | 40% | 55% |
| 3 | 6 | SHWE TAUNG GROUP OF COMPANIES | PR | 54% | 51% | 60% | 53% | 55% |
| 5 | - | UNITED AMARA BANK LTD | PR | 50% | 63% | 60% | 35% | 53% |
| 6 | 7 | GRAND GUARDIAN INSURANCE PUBLIC CO LTD | P | 71% | 39% | 49% | 53% | 51% |
| 7 | 9 | MYANMAR THILAWA SEZ HOLDING PUBLIC CO LTD | L | 57% | 49% | 29% | 60% | 48% |
| 8 | 7 | DAGON GROUP OF COMPANIES | PR | 57% | 35% | 44% | 30% | 40% |
| 9 | 22 | MYAN SHWE PYI TRACTORS LTD | PR | 46% | 22% | 42% | 49% | 39% |
| 10 | 4 | AYA BANK LTD | PR | 50% | 37% | 33% | 35% | 38% |
| 11 | 10 | KBZ GROUP | PR | 43% | 31% | 49% | 19% | 35% |
| 12 | 16 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) CO LTD | P | 54% | 29% | 31% | 21% | 32% |
| 13 | - | KMD | PR | 46% | 12% | 38% | 35% | 31% |
| 14 | 25 | MYANMAR AGRO EXCHANGE PUBLIC LTD | P | 46% | 20% | 31% | 21% | 28% |
| 15 | 18 | TMH TELECOM PUBLIC CO., LTD. | L | 50% | 35% | 0% | 21% | 24% |
| 16 | 12 | GREAT HOR KHAM PUBLIC CO., LTD | P | 39% | 24% | 11% | 23% | 23% |
| 17 | - | IGE GROUP OF COMPANIES | PR | 43% | 20% | 18% | 12% | 21% |
| 17 | 11 | MYANMA AWBA GROUP CO LTD | PR | 25% | 18% | 29% | 12% | 21% |
| 19 | 15 | SMART TECHNICAL SERVICES CO LTD | PR | 32% | 8% | 29% | 5% | 17% |
| 20 | 18 | MYANMAR CITIZENS BANK LTD | L | 43% | 12% | 0% | 14% | 15% |
| 20 | 27 | UNITED PAINT GROUP CO LTD | PR | 14% | 0% | 20% | 26% | 15% |
| 22 | 53 | MYANMAR ORIENTAL BANK LTD | PR | 18% | 16% | 18% | 2% | 13% |
| 22 | 14 | PARAMI ENERGY GROUP OF COMPANIES | PR | 21% | 2% | 27% | 7% | 13% |
| 22 | 37 | AYEYAR HINTHAR HOLDINGS CO LTD | PR | 25% | 10% | 18% | 2% | 13% |
| 22 | 21 | FIRST PRIVATE BANK LTD. | L | 32% | 12% | 0% | 14% | 13% |
| 22 | 99 | MYANMAR TECHNOLOGIES AND INVESTMENT CORPORATION LTD | P | 29% | 14% | 4% | 9% | 13% |
| 27 | 12 | IRRAWADDY GREEN TOWER LTD. (IGT) | PR | 11% | 6% | 20% | 9% | 12% |
| 27 | 37 | HTOO GROUP OF COMPANIES | PR | 18% | 4% | 20% | 2% | 10% |
| 27 | 18 | CO-OPERATIVE BANK LTD. (CB BANK) | PR | 14% | 10% | 9% | 7% | 10% |
| 30 | 37 | MYANMAR PAYMENT UNION PUBLIC CO LTD | P | 21% | 6% | 0% | 14% | 9% |

## ဇယားကွက် ၆။ သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှု အကောင်းဆုံး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SEEs) (၁၀) ခု

| | Company Name | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|
| 1 | CONSTRUCTION AND HOUSING DEVELOPMENT BANK LTD. | 14% | 10% | 0% | 2% | 6% |
| 1 | YANGON ELECTRICITY SUPPLY CORPORATION | 18% | 0% | 2% | 9% | 6% |
| 3 | MYANMAR RAILWAYS | 11% | 0% | 0% | 14% | 5% |
| 3 | THILAWA SEZ MANAGEMENT COMMITTEE CO LTD | 18% | 0% | 4% | 5% | 5% |
| 3 | MYANMAR SHIPYARDS | 18% | 6% | 0% | 0% | 5% |
| 6 | ELECTRICITY SUPPLY CORPORATION | 7% | 2% | 4% | 2% | 4% |
| 6 | MYANMAR PEARL ENTERPRISE | 14% | 0% | 0% | 5% | 4% |
| 8 | MYANMAR ECONOMIC CORPORATION | 14% | 0% | 0% | 0% | 2% |
| 8 | MYANMAR ECONOMIC BANK | 11% | 2% | 0% | 0% | 2% |
| 8 | MYANMAR INVESTMENT AND COMMERCIAL BANK | 4% | 4% | 0% | 2% | 2% |

## ဇယားကွက်  - ၇။ သတင်းအချက်အလက် ထုတ်ပြန်ကြေညာမှု အကောင်းဆုံး အများပြည်သူနှင့်သက်ဆိုင်သော ကုမ္ပဏီ (၁၀) ခု

| | Company Name | Corporate Profile | Corporate Governance | Sustainability Management | Reporting | TOTAL |
|---|---|---|---|---|---|---|
| 1 | GRAND GUARDIAN INSURANCE PUBLIC CO. LTD | 71% | 39% | 49% | 53% | 51% |
| 2 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) CO. LTD | 54% | 29% | 31% | 21% | 32% |
| 3 | MYANMAR AGRO EXCHANGE PUBLIC LTD | 46% | 20% | 31% | 21% | 28% |
| 4 | GREAT HOR KHAM PUBLIC CO., LTD | 39% | 24% | 11% | 23% | 23% |
| 5 | MYANMAR TECHNOLOGIES AND INVESTMENT CORPORATION LTD | 29% | 14% | 4% | 9% | 13% |
| 6 | MYANMAR PAYMENT UNION PUBLIC CO. LTD | 21% | 6% | 0% | 14% | 9% |
| 7 | YANGON BUS PUBLIC CO. LTD | 14% | 12% | 4% | 2% | 8% |
| 8 | EVER FLOW RIVER  GROUP OF COMPANIES | 18% | 8% | 0% | 2% | 6% |
| 9 | ELITE TELECOM PUBLIC CO. LTD | 11% | 6% | 2% | 5% | 5% |
| 9 | ASIA BUSINESS SYNERGY PUBLIC CO. LTD | 7% | 8% | 0% | 0% | 5% |

## အခန်း ၅။ အကြံပြုချက်များ

### မြန်မာကုမ္ပဏီများအတွက် အကြံပြုချက်များ

### ပွင့်လင်းမြင်သာမှုနှင့် အစီရင်ခံခြင်း

- ဝန်ထမ်းများ၊ အကျိုးသက်ဆိုင်သူများနှင့် ဆက်သွယ်ပြောကြားနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များပါဝင်သည့် ဝက်(ဘ်)ဆိုဒ်ကို မြန်မာနှင့် အင်္ဂလိပ် ဘာသာနှစ်မျိုးလုံးဖြင့် တည်ဆောက်ရန် (သို့မဟုတ်) ရှိပြီးသား ဝက်(ဘ်)ဆိုဒ်များကို ဘာသာစကားနှစ်မျိုးဖြင့် ဖော်ပြခြင်းဖြင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်။ အကျိုးသက်ဆိုင်သူများကို ထိရောက်မှန်ကန်စွာ ဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်ထားရန်နှင့် မှတ်ချက်များနှင့် တုံ့ပြန်ချက်များကို ရယူရန်။
- ဝက်(ဘ်)ဆိုဒ်များကို ပုံမှန် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ရန်။ ထိုဝက်(ဘ်) ဆိုဒ်များပေါ်တွင် တင်ပေးထားသည့် သတင်းအချက်အလက်များသည်လည်း အချိန်နှင့်တစ်ပြေးညီ မှန်ကန်သော အချက်အလက်အသစ်များကို ဖြည့်စွက်ထားကြောင်းကို သေချာစွာလုပ်ဆောင်ရန်။ ထိုအချက်အလက်များသည်လည်း တစ်သမတ်တည်းဖြစ်ပြီး စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း အပြည့်အဝကိုက်ညီအောင် လုပ်ဆောင်ရန်။
- သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရာ၌ အောက်ပါတို့အပေါ်တွင် အထူးအလေးပေးသင့်ပါသည်။
    - ο လက်အောက်ခံလုပ်ငန်းခွဲများ၊ ဖက်စပ်များနှင့် အခြားသော ဆက်စပ်နေသည့် လုပ်ငန်းများအားလုံးနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကဲ့သို့ ကုမ္ပဏီ (သို့မဟုတ်) အုပ်စု၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံနှင့် ပတ်သက်၍ ပို၍ပွင့်လင်းမြင်သာအောင် လုပ်ဆောင်ရန်။
    - ο ဘုတ်အဖွဲ့၏ လုပ်ပိုင်ခွင့်များကို တရားဝင် ဖော်ပြထားသော စာတမ်း အပါအဝင် ကော်ပိုရိတ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများနှင့် အလေ့အထများနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုထုတ်ပြန်ပေးရန်။ ဘဏ္ဍာရေးအရ မည်မျှ သတ်မှတ်ထားသည်၊ လူသားအရင်းအမြစ်အားဖြင့် မည်မျှလုပ်ကိုင်နေသည်တို့ အပါအဝင် ကုမ္ပဏီသည်ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာတို့ကို မည်သို့ကိုင်တွယ်နေသည်ဆိုသော အချက်အလက်များအား ပိုမိုထုတ်ပြန်ပေးရန်။
    - ο ကုမ္ပဏီဝက်(ဘ်)ဆိုဒ်များတွင် နှစ်ပတ်လည်အစီရင်ခံစာများကို ထုတ်ပြန်ကြေညာရန်၊ အထူးသဖြင့် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် နှစ်ပတ်လည်အစီရင်ခံစာများကိုထုတ်ပြန်ကြေညာရန်။
    - ο ကုမ္ပဏီမှတ်ပုံတင်အရာရှိသို့ တင်သွင်းရသည့် စာရင်းစစ်ပြီးသား ဘဏ္ဍာရေး စာရင်းများကို စေလျင်စွာ ထုတ်ပြန်ကြေညာရန်။
    - ο ဘဏ္ဍာရေးမဟုတ်သော ကိန်းဂဏန်း အချက်အလက်များ အပါအဝင် စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကိုထုတ်ပြန်ကြေညာပေးခြင်းအားဖြင့် အကျိုးသက်ဆိုင်သူများအား ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပိုမိုပံ့ပိုးပေးရန်။ ဤသည်တို့တွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း

ဆောင်ရွက်နေမှုများနှင့် တိုင်ကြားမှုများအား မည်သို့ ကိုင်တွယ်နေကြောင်း စသည့်အကြောင်းအရာများ ပါဝင်သည်။

o အများပြည်သူ သိရှိစေရန် ထုတ်ပြန်ထားသော သတင်းအချက်အလက်များ အားလုံးကို လွယ်ကူစွာ ကြည့်ရှုရယူနိုင်ခြင်းနှင့် အဓိက စာရွက်စာတမ်းများကို မြန်မာ အင်္ဂလိပ်နှစ်ဘာသာလုံးဖြင့် ထားရှိပေးရန်။

- နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှုစံနှုန်းများ (IFRS) အား အလျင်မြန်ဆုံး ကျင့်သုံးဆောင်ရွက်ရန်။
- ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) နှင့် ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် (Intergrated Reporting Framework) အစရှိသော နိုင်ငံတကာ အသိအမှတ်ပြု အစီရင်ခံခြင်းဆိုင်ရာ မူဘောင်တစ်ရပ်အား အသုံးပြုပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) ကို ညွှန်းဆိုခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲခြင်းဆိုင်ရာ အစီရင်ခံစာအား ထုတ်ပြန်ကြေညာရန်နှင့် ယင်းအစီရင်ခံစာကို ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (UN Global Compact) ဆိုင်ရာ အစီရင်ခံခြင်းတွင် ဆီလျော်သလို အသုံးပြုရန်။
- မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ နှစ်စဉ်ဒါရိုက်တာများ၏ အစီရင်ခံစာကို စီစဉ်ရေးဆွဲသည့်အခါတွင် ကုမ္ပဏီအတွင်းနှင့် ပြင်ပမှ ဆက်နွယ်ပတ်သက်သူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကုမ္ပဏီကို အန္တရာယ်ပြုနေသည့် ဆုံးရှုံးနိုင်ခြေရှိနေသည့်အရာများကို ဖော်ထုတ်ရန် 'material assessment' ကို ဆောင်ရွက်ရန်နှင့် တစ်ချိန်တည်းမှာပင် အကောင်းဆုံးအဖြစ် AA1000 စံနှုန်းများနှင့်လည်း ကိုက်ညီအောင် လိုက်နာရန်။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် ထိခိုက်မှုဆန်းစစ်ချက်များသည် ဆက်စပ်လိုအပ်မှုရှိပါက ထုတ်ပြန်ကြေညာပေးရန်။ EIA များကို လုပ်ဆောင်သည့်အခါတွင်လည်း အရည်အသွေးပြည့်မီသော အတိုင်ပင်ခံပညာရှင်များကိုသာ သေချာစွာအသုံးပြုရန်နှင့် ထိုဆန်းစစ်ချက်တွင် ပါဝင်သည့် အကြောင်းအရာများ၊ ဆက်စပ်နေသည့် တိုင်ပင်ဆွေးနွေးမှုများနှင့် သတင်းအချက်အလက် ထုတ်ပြန်မှုများသည်လည်း EIA လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန်။
- ကျောက်စိမ်းနှင့် ကျောက်မျက်တူးဖော်ခြင်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သော ကုမ္ပဏီများအပါအဝင် တွင်းထွက်သယံဇာတတူးဖော်ရေးနှင့် ဆက်စပ်နေသည့် ကုမ္ပဏီများအနေဖြင့် အချက်အလက်များကို တောင်းဆိုမှ ထုတ်ပြန်ခြင်းမဟုတ်ဘဲ ကြိုတင်၍ မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် EITI စံနှုန်းများနှင့်အညီ ထုတ်ပြန်ကြေညာပေးရန်။ ထိုသို့ ထုတ်ပြန်ကြေညာပေးရာတွင် ကုမ္ပဏီများမှ ကိုင်ဆောင်ထားသည့် သတ္တုတူးဖော်ရေးလိုင်စင်များ၊ အစိုးရအား အခွန်များ မည်မျှဆောင်နေသည်၊ အခြားသော မည်သည့်ငွေကြေးများအား အစိုးရသို့ ပေးဆောင်နေရသည်၊ ထုတ်လုပ်မှုအဆင့်များသည် မည်မျှရှိနေသည်၊ စာချုပ်တွင် မည်သို့သော သတ်မှတ်ချက်များ ပါရှိသည်၊ ကုမ္ပဏီ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူမှာ မည်သူမည်ဝါ ဖြစ်သည်တို့ကိုပါ ထည့်သွင်းဖော်ပြသင့်ပါသည်။

**ကုမ္ပဏီဒါရိုက်တာများနှင့် ၄င်းတို့၏ တာဝန်များ**

- မြန်မာကုမ္ပဏီများဥပဒေအသစ်နှင့် ကုမ္ပဏီဖွဲ့စည်းပုံနမူနာတို့ကို အသုံးချ၍အကောင်း မွန်ဆုံး အလေ့အထများနှင့် အမျိုးမျိုးသော ရှယ်ယာရှင်များနှင့် ဆက်နွယ်ပတ်သက်သူ များ၏ အကျိုးအမြတ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံစနစ် များကို မွမ်းမံပြင်ဆင်ရန်။
- ကုမ္ပဏီဒါရိုက်တာများအားလုံးသည် မြန်မာကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသော ၄င်းတို့၏ တာဝန်ဝတ္တရားများကို သေချာစွာသိရှိအောင် ဆောင်ရွက်ရန်နှင့် မြန်မာ ဒါရိုက်တာများ အင်စတီကျု(MIoD) မှ ပို့ချသော ဒါရိုက်တာ အသိအမှတ်ပြု သင်တန်းကဲ့ သို့သော သင်တန်းများကို တက်ရောက်နိုင်အောင် ဆောင်ရွက်ပေးရန်။
- အရည်အသွေး ပြည့်ဝသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဘုတ်အဖွဲ့လုပ်ငန်းများကို ထောက်ပံ့နိုင်ရန်အတွက် ကုမ္ပဏီအတွင်းရေးမှူး ခန့်အပ်ရန် (သို့မဟုတ်)ကုမ္ပဏီ အတွင်းရေးမှူးဆိုင်ရာ ကျွမ်းကျင်ဝန်ဆောင်မှုများကို အသုံးပြုရန်။
- ဘုတ်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲရေး ထိရောက်စေရန်အတွက် ဘဏ္ဍာရေးနှင့် ဘဏ္ဍာ ရေးမဟုတ်သည့် စာရင်းစစ်ခြင်းများတွင် အရင်းအမြစ်များကို လုံလုံလောက်လောက် ရင်းနှီးမြှုပ်နှံရန်။ ဘုတ်အဖွဲ့အားကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများဆိုင်ရာ ဆန်းစစ် ချက် (HSE Management and Environmental Impact Assessment) ကဲ့သို့သော အထူးကျွမ်းကျင်ပညာရှင်များ လိုအပ်သည့် တာဝန်များအတွက် ခိုင်မာသက်ဝင်နေ သော အချက်အလက်များနှင့် အခြားခိုင်မာသော သတင်းအချက်အလက်များကို ပေးအပ်နိုင်ရေးအတွက်၊ အထူးသဖြင့် အရည်အသွေး ကောင်းမွန်သည့် ကျွမ်းကျင် ပညာရှင်၊ အထူးသဖြင့် စာရင်းစစ်တို့၏ အကြံဉာဏ်တန်ဖိုးနှင့် ကုန်ကျစရိတ်ကို အသိ အမှတ်ပြုရန်။
- ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် ကျား/မ ရေးရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန် လမ်းညွှန်တွဲခေါ်သည့် mentoring အစီအစဉ်များနှင့် အခြားသော လှုပ်ရှားမှုမျိုးကို မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် ပို၍ ဆောင်ရွက်လာစေရန် တိုက်တွန်းအားပေးရေး အတွက် ထိုလှုပ်ရှားမှုများကို ပံ့ပိုးပေးရန်။
- ခွဲခြားဆက်ဆံမှု မပြုရေးနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည့် ၄င်းတို့၏ တာဝန်များကို မည်သို့ပြည့်ဝအောင် ကုမ္ပဏီများက လုပ်ဆောင်နိုင်မည်ဟူသော လမ်း ညွှန်ချက်များကဲ့သို့သော ကိရိယာများနှင့် ပတ်သက်၍ www.mcrb.org မှ ပေးထား သည့် ရင်းမြစ်များကို အသုံးပြုရန်။

**စီးပွားရေးကျင့်ဝတ်များဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု**

- ကုမ္ပဏီမှ ကြုံတွေ့ရသည့် အဓိကဘေးအန္တရာယ်များ၊ ထိုဘေးအန္တရာယ်များကို မည် သို့ လျှော့ချနိုင်ရန်နှင့် ရလဒ်များကို မည်သို့ ဆောင်ကျဉ်းနိုင်ရန် စသည်တို့ကို ဖော် ထုတ်နိုင်ရန်အတွက် ခိုင်မာတောင့်တင်းသည့် ဘေးအန္တရာယ် စီမံခန့်ခွဲရေးစနစ်များကို ဆောင်ရွက်ရန်။
- • အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ထုတ်ပြန်ထားသော

စည်းမျဉ်းများကို အခြေခံသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်တစ်ခုကို ရေးဆွဲပြီး အကောင်အထည်ဖော်ရန်နှင့် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနှင့် စပ်လျဉ်း၍ အမြင့်ဆုံးအဆင့်မှနေ၍ ဦးဆောင်မှုကိုပြသရန်။ ဝန်ထမ်းများအားလုံးကို လည်း ကုမ္ပဏီခေါင်းဆောင်အကြီးအကဲများအနေဖြင့် ဤအဂတိလိုက်စားမှုတိုက်ဖျက် ရေးကို မည်မျှ အလေးထားဆောင်ရွက်သည်ကို မကြာခဏသတိပေးရန်။

- စီးပွားရေးလုပ်ငန်းပိုင်း ဖြောင့်မတ်မှန်ကန်မှုရှိစေရေး အစီအစဉ်များကို အကောင် အထည်ဖော်ဆောင်ခြင်းနှင့် ပတ်သက်၍ နစ်စဉ်သတင်းအချက်အလက်များကို ကုမ္ပဏီ ဝက်(ဘ်)ဆိုဒ်ပေါ်တွင် ပုံနှိပ်ထုတ်ဝေရန်။ ထိုသို့လုပ်ဆောင်ရာတွင် မူဝါဒကို အများ ပြည်သူသိရှိအောင် ထုတ်ပြန်ဖြန့်ဝေခြင်း၊ ဝန်ထမ်းများနှင့် ဒါရိုက်တာများအား သင် တန်းများပေးခြင်းနှင့် အခြားသော ကြီးမားသည့် မည်သည့်ဖြစ်ရပ်များကိုမဆို ထည့် သွင်းဖော်ပြရန်။
- အခြားသောစီးပွားရေးလုပ်ငန်းများနှင့်အတူစုပေါင်း၍အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ပူးပေါင်းလုပ်ဆောင်ရန်။ ဥပမာ - အများပြည်သူဆိုင်ရာ တင်ဒါခေါ်သည့် လုပ်ငန်းစဉ်များ (သို့မဟုတ်) အကောက်ခွန်ရှင်းလင်းရေးများနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း။
- ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာ ဖြောင့်မတ်မှုရှိစေရေးအစီအစဉ်တွင် အကျိုးစီးပွား ပဋိ ပက္ခဖြစ်ခြင်းနှင့် နိုင်ငံရေးပါတီများကို လှူဒါန်းခြင်းကဲ့သို့သော အချက်များကို မည်သို့ ဆောင်ရွက်သည်ကို လွှမ်းခြုံပါဝင်အောင် ဖော်ပြရန်။
- ကုမ္ပဏီများအနေဖြင့် ဖောင်ဒေးရှင်းများကို တည်ထောင်ထားလျှင် (သို့မဟုတ်) လှူ ဒါန်းရန်အတွက် အခြားဘတ်ဂျက်များရှိပါက စီမံအုပ်ချုပ်မှုကိုလည်း စနစ်တကျထား ရန်။ ထိုသို့ ဆောင်ရွက်ရာတွင် လွတ်လပ်၍ အမှီအခိုကင်းသည့် ဘုတ်အဖွဲ့ဝင်များ ပါဝင်ပြီး ထိုသူများသည်လည်း ဥပမာအားဖြင့် လာဘ်ပေးမှုများဟု ထင်မြင်ယူဆ နိုင်သော လှူဒါန်းမှုများနှင့် နိုင်ငံရေးအရ အကျိုးခံစားခွင့် ရရှိနိုင်သူများ ပါဝင်ပတ်သက် နေခြင်းတို့ကြောင့် ဤသို့သော လှူဒါန်းမှုများပြုခြင်းအားဖြင့် စီးပွားရေး လုပ်ငန်းပိုင်း ဆိုင်ရာ ဖြောင့်မတ်မှုဂုဏ်သိက္ခာဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်။

**မြန်မာနိုင်ငံတော်အစိုးရသို့ အကြံပြုချက်များ**

### ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

- မှတ်ပုံတင်ထားသော မြန်မာနိုင်ငံရှိ ကုမ္ပဏီများအနေဖြင့်
    - ၀ မြန်မာကုမ္ပဏီများဥပဒေ၊ အထူးသဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အပိုင်းအား လိုက်နာဆောင်ရွက်ရန်။
    - ၀ အစီရင်ခံခြင်းဆိုင်ရာတာဝန်ဝတ္တရားများကိုအထူးသဖြင့်အများပိုင်ကုမ္ပဏီများက သိရှိထားရန်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ကော်ပိုရိတ်စီမံအုပ်ချုပ်ဆိုင်ရာ အခြေခံမှုများအား လေးစားလိုက်နာမှုရှိစေရန်။
- ပွင့်လင်းမြင်သာသော အများပြည်သူ၏ အကြံပြုချက်များကို တောင်းခံသည့် လုပ်ငန်း စဉ်မှတစ်ဆင့် မြန်မာနိုင်ငံအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ဝတ် ဖြစ်ပေါ်လာ အောင် ဆောင်ရွက်နိုင်ရန်။ ယင်းကျင့်ဝတ်တွင် -

  - ဘုတ်အဖွဲ့ဝင်များ၏ လွတ်လပ်မှုအတိုင်းအတာဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်အား အကျိုးသက်ဆိုင်သူအမျိုးမျိုးအတွက် ရှင်းရှင်းလင်းလင်းဖော်ပြပြီး စတော့ရှယ်ယာဝင်ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ထိုသတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်မှုရှိစေရန်။
  - အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်မြန်မာကုမ္ပဏီများဥပဒေရှိသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် အကောင်းမွန်ဆုံးသော အလေ့အကျင့်များအား ထောက်ခံရန်အတွက် ကုမ္ပဏီများအား တိုက်တွန်းရန်။
  - “comply or explain” စနစ် (စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်၊ မကျင့်သုံးလျှင် အဘယ်ကြောင့်ဟူ၍ ရှင်းပြရမည်) အား အားပေးရန်။ အကယ်၍ ကုမ္ပဏီများအနေနှင့် ယင်းကို လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိပါက အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ဟူသော အကြောင်းပြချက်အားရှင်းပြရန်စသည်တို့ ပါဝင်သင့်သည်။

- ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၊မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) တို့က ထုတ်ပြန်ထားသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ထုတ်ဖော်ကြေညာမှုဆိုင်ရာသတ်မှတ်ချက်များမှာ ချိတ်ဆက်မှုရှိပြီး တစ်သမတ်တည်းဖြစ်စေရန် လိုအပ်သလို တစ်ပြေးတည်းသတ်မှတ်ခြင်းကလည်း အချို့ကုမ္ပဏီအမျိုးအစားများနှင့် ကိုက်ညီမှုမရှိနိုင်ကြောင်းကို အသိအမှတ်ပြုရန်၊ ဥပမာ ဘဏ္ဍာရေးကဏ္ဍသည် အခြားကဏ္ဍများထက် ပိုမိုသာလွန်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစံနှုန်းများ လိုအပ်နိုင်သည်။
- သက်ဆိုင်ရာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု သတ်မှတ်ချက်များကို စောင့်ကြည့်လေ့လာရန်နှင့် ပြဋ္ဌာန်းရန်အတွက် လိုအပ်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုပိုင်းဆိုင်ရာ အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းသတ်မှတ်ရန်။ ထို့အပြင် ကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ ကုမ္ပဏီများအား လမ်းညွှန်ပေးခြင်း၊ တာဝန်ဝတ္တရားများအား ခိုင်ခိုင်လုံလုံနှင့် ထင်ထင်ရှားရှားသတ်မှတ်ပြဋ္ဌာန်းခြင်းနှင့်  အခြားတရားစီရင်ရေးဆိုင်ရာ ဥပမာများနှင့် အလေ့အကျင့်များကို အတုယူ၍ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်လာစေရန်အတွက် ဦးဆောင်မှုပြုနိုင်ခြင်း စသည်တို့ကို လုပ်ဆောင်ရာတွင် အဖွဲ့အစည်းများအနေနှင့် ကျွမ်းကျင်အရင်းအမြစ်များ လုံလုံလောက်လောက်ရှိနိုင်ရန်။
- စတော့ရှယ်ယာ ဈေးကွက်ဝင်ထားသည့် စာရင်းဝင်ကုမ္ပဏီများအားလုံးနှင့် အများပိုင်ကုမ္ပဏီများသည် မြန်မာဒါရိုက်တာများအင်စတီကျု (သို့မဟုတ်) အခြားသော အသိအမှတ်ပြုခြင်းခံထားရသည့် ဒါရိုက်တာများ အင်စတီကျုမှနေ၍ ဒါရိုက်တာလက်မှတ် (သို့မဟုတ်) အသိအမှတ်ပြု လက်မှတ်ပေးသည့် သင်တန်းတစ်ခုခုကို ပြီးမြောက်အောင်မြင်စွာတက်ရောက်သင်ယူထားသူတစ်ဦးအနည်းဆုံးရှိရမည်ဟူသောစည်းမျဉ်းတစ်ခုကို စတင်အသက်သွင်းရန်[181]။
- အကောင်းမွန်ဆုံးသော နှစ်ပတ်လည်အစီရင်ခံစာများအား ဆုချီးမြှင့်ခြင်း (သို့မဟုတ်) ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်ပါဆောင်ရွက်ထား

181 Rule 406(a) of the Singapore Listing Rules သည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ (၁) ရက်မှစ၍ စတင်အသက်ဝင်ပြီး SGX စာရင်းဝင်ကုမ္ပဏီတိုင်း၏ ပထမဆုံးအဖြစ် ဒါရိုက်တာရာထူးကို တာဝန်ယူသူများသည် စတင်တာဝန်ထမ်းဆောင်ချိန်မှ တစ်နှစ်အတွင်းတာဝန်များနှင့် အခန်းကဏ္ဍလုပ်ကိုင်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့်သင်တန်းကို မဖြစ်မနေတက်ရောက်ရသည်။

သော ကုမ္ပဏီများအားအသိအမှတ်ပြုသည့် စာရင်းပြုစုထားခြင်း စသည့် အားပေးလုပ်ဆောင်မှုများကို လုပ်ကိုင်ခြင်းဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ထုတ်ဖော်ကြေညာမှုတို့ တိုးတက်လာစေရန်အတွက် ဖန်တီးရန်။

- "၂၀၁၇ ခုနှစ် ROSC စံသတ်မှတ်ချက်များနှင့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာမှုဆိုင်ရာ အစီရင်ခံစာ၊ မြန်မာနိုင်ငံရှိ စာရင်းများနှင့် စာရင်းစစ်ခြင်း ('Report on Observance of Standards and Codes (ROSC): Accounting and Auditing: Myanmar')"ဟူသော အစီရင်ခံစာတွင်ပါသော အကြံပြုချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council) နှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants) တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရန်။
- ရန်ကုန်စတော့အိတ်ချိန်းအတွက် ရေရှည်တည်တံ့ခိုင်မြဲသော စတော့အိတ်ချိန်းရှေ့ပြေးဆောင်ရွက်ချက် (Sustainable Stock Exchange Initiative) တွင် ပူးပေါင်းပါဝင်ရန်နှင့် ၎င်းတို့၏ လမ်းညွှန်ချက်ကိုယူ၍ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းဝင်ထားသော ကုမ္ပဏီများအနေဖြင့် မဖြစ်မနေ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာ လိုအပ်ချက်များကို လိုက်နာကျင့်သုံးရန်။

**ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်မှု**

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါဝင်သည့် စည်းကမ်းချက်များ - အထူးသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဆုံးဖြတ်ချက်များမတိုင်မီ တင်သွင်းသည့် အဆိုပြုချက်များ၏ အနှစ်ချုပ်များကို ထုတ်ပြန်ကြေညာခြင်းကို အကောင်အထည်ဖော်ဆောင်ရန်။
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ပါမစ်ကိုင်ဆောင်ထားသူများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေပုဒ်မ (၁၉၆) အရ ခွင့်ပြုထားသော စီမံကိန်းအတွက် နှစ်စဉ်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေရန် လိုအပ်ကြောင်းကို သတိပေးရန်။
- မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် အများပြည်သူဆိုင်ရာ ကုမ္ပဏီများအားလုံး၏ နှစ်စဉ်အစီရင်ခံစာများကို ပုံနှိပ်ထုတ်ဝေရန်။ ထို့အပြင် စာရင်းဝင်ထားသည့် ကုမ္ပဏီများ၏ လက်ရှိပုံနှိပ်ထုတ်ဝေမှုများကိုလည်း ထပ်ထည့်ပေးရန်။ ၎င်းတို့ကို scan လုပ်ထားခြင်းမျိုးမဟုတ်လည်း သတင်းအချက်အလက်များကို အလွယ်တကူရှာဖွေနိုင်ရန် pdf ကဲ့သို့သော ပုံစံမျိုးဖြင့်လည်း ထားပေးပါရန်။
- EIA လုပ်ထုံးလုပ်နည်းများတွင် ပါဝင်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေရန် ဆောင်ရွက်ရန်။ အစိုးရအနေနှင့်ရော စီမံကိန်းအကောင်အထည်ဖော်ဆောင်သူများအနေနှင့်ပါ နှစ်ဖက်စလုံးမှ အပြည့်အဝလုပ်ဆောင်ရန်။ စီမံကိန်းနှင့် ပတ်သက်သောပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများအားလုံးကို အွန်လိုင်းပေါ်တွင် အလွယ်တကူရရှိနိုင်အောင် စနစ်တကျ လုပ်ဆောင်ထားရန်။

- သက်ဆိုင်ရာ ဥပဒေများအားလုံးနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များနှင့် ဆက်စပ်သော သတင်းအချက်အလက်များကိုပါ လက်လှမ်းမီအောင် ထည့်သွင်းပေးထားရန်။ သတင်းအချက်အလက်ရရှိရေးဟူသော ဥပဒေကိုပြဋ္ဌာန်းနိုင်အောင် ကြိုးပမ်းမှုကို ပိုမိုတိုးမြှင့်ရန်။

- ထို့အပြင် မူကြမ်းရေးဆွဲထားသည့် ထောက်ပံ့ပို့ဆောင်ရေးဥပဒေ (procurement law) နှင့် ပတ်သက်၍ ဆွေးနွေးသည့်အခါတွင် ဥပဒေထဲတွင် သတင်းအချက်အလက်ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ စာသားပါရှိစေရေး ဆောင်ရွက်ရန်။ ထိုပါရှိလာသော စာသားကို နောက်ပိုင်းနည်းဥပဒေများထဲတွင် အကျယ်ချဲ့၍ ဆွေးနွေးနိုင်ပါသည်။ ဥပမာ - အထွေထွေဝယ်ယူမှုများဆိုသည့် ခေါင်းစဉ်အောက်တွင် အောက်ပါကဲ့သို့သော ပုဒ်မများကို ထည့်သွင်းနိုင်ပါသည်။ စာချုပ်ချုပ်ဆိုသည့် ဌာနသည် စီမံကိန်းတစ်ခုကို စတင်ပြင်ဆင်သည့်ကာလမှစပြီး တင်ဒါခေါ်ယူချိန်နှင့် စာချုပ်အကောင်အထည်ဖော်သည့်အခါများတွင် အဓိကကျသော အဆင့်တိုင်း၌ စာချုပ်တစ်ခုနှင့် ပတ်သက်၍ ရည်ရွယ်ချက်၊ မည်မျှ အတိုင်းအတာထိ ကျယ်ဝန်းသည်၊ ကုန်ကျစရိတ်နှင့် စာချုပ်ကို မည့်သည့်အချိန်တွင် စတင်အသက်ဝင်မည် စသည့်အချက်များကို ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အချိန်မီ ထုတ်ပြန်ပေးရမည်။

- ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက် နောက်ပိုင်းတွင် လက်မှတ်ထိုးထားသူတို့ လိုက်နာရမည့် တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ဆိုင်ရာ သတ်မှတ်ချက်ကို ကြိုတင်ပြင်ဆင်ခြင်းအားဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုများကို တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ စည်းကမ်းချက်များကို ပြဋ္ဌာန်းထားသည့် စာချုပ်များနှင့် သဘောတူညီချက်များကို ပြည်သူအများ သိရှိအောင် ထုတ်ဖော်ကြေညာရန်။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) စံနှုန်း၏ စည်းကမ်းချက်အမှတ် ၃.၁၂ (ခ) ကို ပြည့်မီရုံမျှမက ထိုစည်းကမ်းချက်အရ EITI အစီရင်ခံစာတွင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုစသည့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်သည့်စာချုပ်များနှင့် လိုင်စင်များကို သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ မူဝါဒကိုပါ မှတ်တမ်းတင်ထားရန်။

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ**

- EITI ဆိုင်ရာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လမ်းပြမြေပုံကို အကောင်အထည်ဖော်ဆောင်ရန်။

- MyCo ၏ အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများနှင့် သက်ဆိုင်သည့် ထုတ်ပြန်ကြေညာမှုများကို ထည့်သွင်းပြီး မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) နှင့် ငွေကြေးခဝါချမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ပြုပြင်ပြင်ဆင်ရန်။

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပါဝင်သော ပိုင်ဆိုင်မှုများကို ထုတ်ပြန်ကြေညာခြင်းကို ပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ အကောင်အထည်ဖော်ရန်။ PEP ခေါ် နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ စာရင်းတစ်ခုကို ပြုစုထားရန်နှင့် ၎င်းတို့ပိုင်ဆိုင်မှု စာရင်းကြေညာချက်များကို အများပြည်သူများသိရှိအောင် လုပ်ဆောင်ရန်။

ထိုသို့လုပ်ဆောင်သည့်အခါတွင်လည်း ပွင့်လင်းအချက်အလက်ဆိုင်ရာ အခြေခံမှုများနှင့် ကိုက်ညီရမည်ဖြစ်ပြီး၊ ပြည်တွင်းမှ နိုင်ငံရေးအရ ဩဇာအာဏာရှိသူများ၏ မိသားစုဝင်များကိုလည်း ထည့်သွင်းဖော်ပြပေးရန်။ ထို့ကြောင့် ဥပဒေတွင်သာမက လက်တွေ့တွင် ဆက်လက်၍လည်း နိုင်ငံရေးအရ ဩဇာအာဏာရှိသူများနှင့် ပတ်သက်၍လည်း အခြားသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်။

- ထိုပိုင်ဆိုင်မှုစာရင်းကြေညာချက်များကိုလည်း ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့တစ်ရပ်မှ စစ်ဆေးနိုင်အောင် လုပ်ဆောင်ရန်။ အကယ်၍ သတင်းအချက်အလက်များထိန်ချန်ထားခြင်း (သို့မဟုတ်) သတင်းအချက်အလက်များကို အမှားများပေးခဲ့ပါက အချိုးအစားနှင့်ကိုက်ညီပြီး နောက်မလုပ်အောင် အဟန့်အတားဖြစ်စေမည့် စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရေးယူမှုမျိုးကို ဆောင်ရွက်ရန်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေး**

- UNCAC အပိုဒ် (၁၃) နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လုပ်ဆောင်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများပါဝင်အောင် လုပ်ဆောင်ရန်။ ထိုသို့လုပ်ဆောင်ရာတွင် ပြည်သူများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များမှတစ်ဆင့် (သို့မဟုတ်) အဂတိလိုက်စားမှုကိုအရေးယူရန်ကြိုးစားအားထုတ်မှုများတွင် အရပ်ဖက်အဖွဲ့အစည်းများ ပါဝင်စေခြင်းနှင့် ပိုင်ဆိုင်မှုများကို ပြန်လည်သိမ်းယူသည့် လုပ်ငန်းစဉ်များတွင် ပါဝင်စေခြင်းသာမက ထို့အတူပင် ပုဂ္ဂလိကမှနေ၍ တရားစွဲဆိုနိုင်ခြင်းနှင့် နစ်နာသူများကိုယ်စား အများအကျိုးအတွက် တရားစွဲခြင်းဆိုသည့် ကိစ္စမျိုးတွင်လည်း လုပ်ပိုင်ခွင့်ပေးသည့် ပြဋ္ဌာန်းချက်များကို ထည့်ခြင်းအားဖြင့် အရက်ဖက်လူ့အဖွဲ့အစည်းများကို ပါဝင်နိုင်အောင် ဆောင်ရွက်ရန်။
- အကယ်၍ လိုအပ်ခဲ့သည်ရှိသော် အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ နေရာနှင့် မီဒီယာ၏လွတ်လပ်ခွင့်သာမက ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကိုပါ အကာအကွယ်ပေးရေးကို အာမခံပေးနိုင်မည့် ယန္တရားနည်းလမ်းများကို ပြဋ္ဌာန်းကျင့်သုံးရန်နှင့် ကျင့်သုံးမည်ဖြစ်ကြောင်း လူသိရှင်ကြား ကတိပြုပေးရန်။ ဤသို့လုပ်ဆောင်ရာတွင် ဆက်သွယ်ရေးဥပဒေကို ပြုပြင်ပြောင်းလဲခြင်း (ပုဒ်မ ၆၆-ဃ ကို ပယ်ဖျက်ခြင်း) တို့လည်း ပါဝင်မည်ဖြစ်ပြီး၊ ဖော်ထုတ်ပြောဆိုသူများကို ဒုက္ခမပေးရလေအောင် ဆောင်ရွက်ခြင်း၊ ဥပမာ - နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေ၊ အသရေဖျက်မှုဥပဒေများကို အလွဲသုံးစားပြုလုပ်ကာ ဒုက္ခပေးခြင်းကို ကာကွယ်ခြင်း။
- Whistle-blower protection ခေါ် ဖော်ထုတ်ပြောဆိုသူကိုအကာအကွယ်ပေးခြင်းအား ဦးစားပေးဆောင်ရွက်ရန်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံကိန်း Action Plan နှင့် ဥပဒေပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးသာမက ရုပ်ပိုင်းဆိုင်ရာ ရင်းမြစ်များကိုပါ ပံ့ပိုးပေးခြင်းအားဖြင့်လည်း ထိရောက်စွာတိုင်ကြားနိုင်သည့် ယန္တရားတစ်ခုပေါ် လာနိုင်မည်ဖြစ်သလို သက်သေများနှင့် ဖော်ထုတ်ပြောဆိုသူများကိုလည်း အများပြည်သူနှင့်ဆိုင်သည့် ကဏ္ဍာတွင်ကော၊ ပုဂ္ဂလိကကဏ္ဍာဒွတွင်ပါ ကာကွယ်ပေးနိုင်မည့် ယန္တရားများ ပေါ်ထွက်လာပါလိမ့်မည်။
- မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချခြင်း ဥပဒေကဲ့သို့ ဥပဒေများကို ပြင်ဆင်ရန်။ ထိုသို့ ပြင်ဆင်ရာတွင်လည်း UNCAC ပထမအကြိမ်သုံးသပ်မှုစက်ဝန်းတွင် မီးမောင်းထိုးပြသောအချက်များနှင့်အညီဖြစ်အောင် နည်းဥပဒေ

များကို ပြင်ဆင်ရန်။ ထို့အတူ UNCAC ပထမအကြိမ် ပြန်လည်သုံးသပ်ရေးတွင် ချပေးလိုက်သည့် အကြံပြုချက်များကိုလည်း နောက်ဆက်တွဲအနေဖြင့် လုပ်ဆောင်ရန်။ ထိုသို့လုပ်ဆောင်ရာတွင် နည်းပညာဆိုင်ရာ အကူအညီပေးနိုင်သည့် အကြံပြုချက်များကို လုပ်ငန်းစဉ်ထဲတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်ရေးကိုလည်း သေသေချာချာ ဆောင်ရွက်ရန်။ (UNCAC အပိုဒ် ၆၃ (၄) (၅) (၆) နှင့် (၇)။)

